# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**


လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၃၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၁)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ဦးကျော်မိုးထွန်းအား လမ်းညွှန်မှာကြား


စာ » ၃

## အကြမ်းဖက်တိုက်ခိုက်မှု ထပ်မံမဖြစ်ပွားစေရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း


စာ » ၈


## တရုတ်နိုင်ငံမှ တင်ပို့ကုန်များအား အခွန်စည်းကြပ်မည့်စာရင်းကို အမေရိကန် ထုတ်ပြန်မည်


စာ » ၁၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စပိန်သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ဆက်ဆံရေးနှင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စပိန်သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-စပိန် နှစ်နိုင်ငံဆက်ဆံရေးနှင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**



## ရန်ကုန် - ဒလ ရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ပုံမှန်ပို့ဆောင်လျက်ရှိ

**ရန်ကုန် မေ ၃၀**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မေ ၂၉ ရက်က လေပြင်းတိုက်ခတ်ခြင်း၊ မိုးများရွာသွန်းခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြစ်အတွင်း၌ နံနက် ၁၀ နာရီမှ စတင်ပြီး မွန်းလွဲ ၃ နာရီအထိ ဒလမြို့နယ်အတွင်း ကူးတို့ဆိပ်များအားလုံးရှိ စက်တပ်သမ္ဗန်ဆိပ်များ ခေတ္တရပ်နားခဲ့ရပြီး မွန်းလွဲ ၃ နာရီနောက်ပိုင်း လေပြင်းများငြိမ်သွားခဲ့ပြီး မိုးရွာသွန်းမှု စဲသွားခြင်းကြောင့် ပုံမှန်အတိုင်း ပို့ဆောင်ပေးလျက်ရှိပြီး ခရီးသည်များ လုံခြုံမှုရှိစေရေးအတွက် လှိုင်း၊ လေ ငြိမ်သက်သွားချိန်တွင် ပြန်လည်ပြေးဆွဲပေးကြောင်း၊ အသက်ကယ်အင်္ကျီများလည်း ထားရှိဆောင်ရွက်ပေးထားကြောင်း ကမာကဆစ်စက်တပ်သမ္ဗန် ကူးတို့ဆိပ် ဥက္ကဋ္ဌ ဦးမြင့်ထူးထံမှ သိရသည်။

ထို့အတူ ရန်ကုန်ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်များဖြစ်သည့် ချယ်ရီ(၁)၊ ချယ်ရီ(၂) နှင့် ချယ်ရီ(၃)သင်္ဘောသုံးစင်းကို အလှည့်ကျစနစ်ဖြင့် အသွား-အပြန်ခရီးစဉ်တွင်


စာမျက်နှာ ၄ ကော်လံ ၄ ❍



ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ(၁.၆.၁၈ မှ ၃၁.၈.၁၈) ရက်နေ့အတွင်း အခန်းခများကို 30% Discountနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2022799,2022801

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026387

Shwe La Min
ရွှေလမင်း ဆေးရုံ

# ဘေးဘယာတို့ ဝေးကွာစေဖို့

အားကောင်းသောမုန်တိုင်းငယ် (Deep Depression) တစ်ခုက ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းမှသည် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်။ မုန်တိုင်း၏အရှိန်ဖြင့် မိုးထစ်ချုန်းရွာခြင်း၊ မိုးကြီးခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ ကမ်းရိုးတန်းဒေသများ၌ မိုးသက်လေပြင်းများကျရောက်ခြင်း၊ လှိုင်းကြီးခြင်း၊ ကုန်းမြင့်ဒေသများ၌ တောင်ကျရေဆင်းခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေး ဖြစ်စဉ်များလည်း ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။

မြေပြင်အနေအထားအားဖြင့်လည်း မိုးသည်းထန်ခြင်းနှင့်လေပြင်းတိုက်ခြင်းဖြစ်စဉ်များကြောင့် ပင်လယ်ပြင်၌ ရေယာဉ်များနစ်မြုပ်မှု၊ နေအိမ်များ၊စက်ရုံ၊အလုပ်ရုံနှင့်သာသနိကအဆောက်အအုံများပျက်စီးမှု၊ လူနှင့်ကျွဲနွားတိရစ္ဆာန်များ အသက်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရမှုတို့ရှိခဲ့ကြောင်း၊ အချို့ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတို့ရှိခဲ့ကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ဧပြီလ၊ မေလတို့သည် မုန်တိုင်းများဖြစ်ပေါ်လေ့ရှိသည့် ပထမရာသီဖြစ်ပြီး နောက်ထပ်လည်း မုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်လာဦးမည် ဖြစ်ကြောင်း၊ ရာသီဥတုဖြစ်စဉ်များမှာ သိသိသာသာပြောင်းလဲလာပြီး တစ်နှစ်ပတ်လုံး မိုးတိမ်တောင်များကို တွေ့ရကြောင်း၊ မိုးတိမ်တောင်များကြောင့် တစ်နှစ်ပတ်လုံး မိုးထစ်ချုန်းရွာသွန်းမှုများဖြစ်ပွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားခဲ့သည်။

မိုးလေဝသဖြစ်စဉ်များမှာ ပုံမှန်အားဖြင့် တစ်နှစ်ပတ်လည် အချိန်ရာသီကာလအလိုက် ဖြစ်ပေါ်နေမည်သာဖြစ်ရာ နွေရာသီတွင် အပူလွန်ကဲခြင်း၊ မိုးခေါင်၍ ခြောက်သွေ့ခြင်း၊ မိုးရာသီတွင် မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသည့် သဘာဝဖြစ်စဉ်များ၊ ရာသီဥတုဖောက်လွဲဖောက်ပြန်ခြင်းများနှင့်အချိန်အခါလိုက် ကြုံတွေ့နေရမည်သာ ဖြစ်သည်။ ရှောင်လွှဲမရသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရန်နှင့် ခံနိုင်ရည်ရှိရန်အတွက် ကြိုတင်ပြင်ဆင်ထားကြရမည်သာ ဖြစ်သည်။ သဘာဝဘေးအန္တရာယ်တို့ ဖြစ်ပေါ်သည်ဆိုသည်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတို့ ရှိစမြဲပင်ဖြစ်ရာ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ကမ်းပြိုခြင်း၊ မြေပြိုခြင်း၊ မိုးကြိုးပစ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၆-၂၀၁၇ ခုနှစ်က လူ ၅၁၈ ဦး သေဆုံးကာ အိုးအိမ် ၂၀၈၈၀၁ ပျက်စီးဆုံးရှုံးပြီး လူဦးရေ ၈၄၇၀၆၉ တို့ ထိခိုက်ခံစားခဲ့ကြရသည်။ ယင်းနှစ်အတွင်း၌ပင် ရေဘေးကြောင့် ကျပ်သန်း ပေါင်း ၇ ဒသမ ၆၀ ဖိုး ခန့်မှန်းခြေပျက်စီးဆုံးရှုံးခဲ့ပြီး ကယ်ဆယ်ထောက်ပံ့ရေးအတွက် ကျပ်သန်းပေါင်း ၈၈၅ ဒသမ ၇၁ သုံးစွဲခဲ့ရသည်။ လေဘေးကြောင့် ကျပ်သန်းပေါင်း ၂၄၇၇ ဒသမ ၃၁ ဖိုး ပျက်စီးဆုံးရှုံးခဲ့ရပြီး ကယ်ဆယ်ရေးအတွက် ကျပ်သန်းပေါင်း ၁၇၄၅ ဒသမ ၆၈ သုံးစွဲခဲ့ရသည်ဟု စာရင်းဇယားများ၌ တွေ့ရှိရသည်။

ပုံမှန်မိုးလေဝသဖြစ်စေ၊ အစွန်းရောက်မိုးလေဝသဖြစ်စေ၊ ဖောက်လွဲဖောက်ပြန်မိုးလေဝသဖြစ်စေ သဘာဝ၏ ရှောင်လွှဲမရသည့်ဖြစ်စဉ်များကို ရာသီအလိုက် ရင်ဆိုင်ကြုံတွေ့ကြရမြဲဖြစ်သည်။ မုန်တိုင်းကြောင့် ဘေးအန္တရာယ်နှင့် အပျက်အစီးတို့ ဖြစ်ပေါ်သကဲ့သို့ပင် တစ်ဖက်တွင်လည်း မိုးရွာသွန်းခြင်းနှင့် အပူလျော့ခြင်းတို့ကဲ့သို့သော အကျိုးရလဒ်များလည်း ရရှိခံစားကြရသည်။ ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများနှင့် ချိန်ညှိကာ သီးနှံများ စိုက်ပျိုးခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုမှ ရှောင်လွှဲနိုင်ရန် မိုးလေဝသသတင်းများကိုမပြတ်နားစွင့် ဂရုပြုကာ အကြံပေးချက်များကို လိုက်နာခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ပျက်စီးမှုများ လျော့နည်းကင်းပျောက်စေလိုပါကြောင်း။ ။

## စာအုပ်စာပေ လူမှိုက်ဆွေ

# မိန်ဗလာတောင် စူးစမ်းလေ့လာမှု စိုးရိမ်စရာမရှိကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ပြောကြား

**မော်လမြိုင် မေ ၃၀**

မိန်ဗလာတောင် စူးစမ်းလေ့လာမှုနှင့်ပတ်သက်၍ ဒေသခံများအတွက် အန္တရာယ်တစ်စုံတစ်ရာ လုံးဝစိုးရိမ်စရာမရှိကြောင်း၊ ပြည်သူအတွက် စိုးရိမ်စရာအခြေအနေရှိလျှင် ခွင့်ပြုပေးထားမည်မဟုတ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မေ ၂၉ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ပထမနေ့) အပြီး မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ထိုင်း-မြန်မာ သေမင်းတမန် မီးရထားလမ်းဖောက်လုပ်ခဲ့စဉ်က မွန်ပြည်နယ် သံဖြူဇရပ်မြို့အနီးရှိ မိန်ဗလာတောင်သည် ဂျပန်တို့ အဓိကစစ်အခြေစိုက်စခန်းတစ်ခုဖြစ်ခဲ့ပြီး ၎င်းတို့ တည်ဆောက်ခဲ့သည့် မြေကတုတ်ကျင်းများ၊ လှိုဏ်မြောင်းများကို ယနေ့ထိ တွေ့မြင်နိုင်ဆဲဖြစ်သည်။

ဂျပန်ရတနာသိုက်ရှိနေသည်ဟု ဒေသခံများက ယုံကြည်ထားကြသော အဆိုပါ မိန်ဗလာတောင် စူးစမ်းလေ့လာခွင့်ကို Royal Eagle Development Group Co.,Ltd က ပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် စီမံကိန်းဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းကြောင့် ပေါက်ကွဲမှုဖြစ်စဉ်များ ဖြစ်ပေါ်မည်ကို ဒေသခံများက စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။

“နှစ် ၇၀ ကျော်ကြာပြီးခဲ့တဲ့ ယမ်းအားတစ်ခုရဲ့ ပေါက်ကွဲမှုက ဘယ်လောက်ထိပြင်းထန်နိုင်မလဲ၊ ပြည်သူတွေ လုံးဝစိုးရိမ်စရာမရှိပါဘူး၊ ပြည်သူတွေအတွက် အန္တရာယ်တစ်စုံတစ်ရာဖြစ်နိုင်ရင် ခွင့်ပြုပေးမှာလည်း မဟုတ်ပါဘူး” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

မိန်ဗလာတောင် စူးစမ်းလေ့လာရန် ကုမ္ပဏီငါးခုက ပြည်နယ်အစိုးရသို့ လာရောက်ဆွေးနွေး ကမ်းလှမ်းခဲ့သော်လည်း လက်ရှိကုမ္ပဏီတစ်ခုသာ တိကျခိုင်လုံစွာ တင်ပြနိုင်ခြင်းရှိသည့်အပြင် ပြည်ထောင်စုလွှတ်တော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီနှင့် ပြည်ထောင်စုလွှတ်တော် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးကော်မတီ ထောက်ခံစာများ ပါရှိသဖြင့် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

“လာပြီးကမ်းလှမ်းကြတာက ဒဏ္ဍာရီဆန်ဆန်ပဲ လာပြောကြတာများတယ်၊ ပြည်နယ်အနေနဲ့လည်း မိန်ဗလာတောင်တွင်းမှာ အမှန်တကယ် ရတနာပစ္စည်းတွေ ရှိမရှိ သိသင့်တာကြောင့် ခွင့်ပြုပေးခဲ့တယ်၊ အများဆုံး သုံးလအထိသာ ခွင့်ပြုလိုက်တာဖြစ်ပါတယ်၊ တွေ့ခဲ့ရင် စူးစမ်းလေ့လာနေတဲ့ စီမံကိန်းကို ချက်ချင်းရပ်မယ်၊ မတွေ့ခဲ့ရင်လည်း နဂိုနေအတိုင်းပြန်လုပ်ပေးဖို့၊ သစ်ပင်တွေ ပြန်စိုက်ပေးဖို့ သဘောတူထားပြီးဖြစ်ပါတယ်” ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောပြသည်။

စူးစမ်းလေ့လာရေးအတွက် ပြည်ထောင်စုသို့ အကြောင်းကြားဆောင်ရွက်နေခြင်းဖြစ်ကာ စီမံကိန်းကုန်ကျစရိတ်အတွက် ကုမ္ပဏီဘက်က အားလုံးကျခံရမည်။ အကယ်၍ တွေ့ရှိပါက အစိုးရ ၇၀ ရာခိုင်နှုန်း၊ ကုမ္ပဏီ ၃၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ဖြင့် သဘောတူထားကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းမှ ဂျပန်စစ်ကြောင်းများ ဆုတ်ခွာချိန်တွင် တစ်နိုင်ငံလုံးမှ သိမ်းဆည်းထားသော ကျောက်သံပတ္တမြားတို့ကို သယ်ယူချိန်မရသဖြင့် မိန်ဗလာတောင်အောက်တွင် မြှုပ်နှံခဲ့သည်ဟု ဒေသခံများက ယနေ့ထိ လက်ခံယုံကြည်နေကြဆဲဖြစ်သည်။

**မြတ်မွန်ထွေး**

# ရသေ့တောင်မြို့နယ်၌ လူငယ်နှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**ရသေ့တောင် မေ ၃၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်နိုင်ပြီး မသုံးစွဲမိစေရန် လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၂၈ ရက်က မြို့နယ် ပြန်/ဆက်ရုံး၌ ကျင်းပခဲ့ရာ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်လူငယ် ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင် လက်ထောက်ညွှန်ကြားရေးမှူး)က မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဖြိုးဝေက မူးယစ်မှု အရေးယူဖမ်းဆီးရမှုများနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးဆောင်ရွက်ပုံအကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်ကျော်သန့်က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများနှင့် တရားစီရင်ရေးရာ အကြောင်းများ၊ မြို့နယ်ဆရာဝန် ဒေါက်တာနေလင်းထွေးက မူးယစ်ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေး အကြောင်းများ ဟောပြောခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**


# သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်း ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုစာချုပ် ချုပ်ဆို

**သရက် မေ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တူရကီစစ်သင်္ချိုင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံရုံး သံအမတ်ကြီး H.E. Mr Kerem Divanlroglw တို့က စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြေယာရှုခင်း ပြုပြင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းရေးလုပ်ဆောင်ခြင်းတို့အတွက် ၁-၄-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ အထိ ကိုးလတာအတွက် ဝန်ဆောင်မှုပဋိညာဉ်စာချုပ် အသစ်ချုပ်ဆိုခြင်းကို မေ ၂၉ ရက်က အမှတ် (၁၉) (အေဘီ) ကန်ရိပ်သာလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ တူရကီသံရုံးတွင် ချုပ်ဆိုခဲ့သည်။

ပဋိညာဉ်စာချုပ် ချုပ်ဆိုရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီကိုယ်စား အတွင်းရေးမှူး ဦးသန်းနိုင်၊ အမှုဆောင်အရာရှိနှင့် တူရကီသံရုံးကိုယ်စား သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြပြီး အသိသက်သေများအဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တူရကီသံရုံး ဒုတိယအတွင်းဝန် Mr. Ahmet Keten တို့က လက်မှတ်ရေးထိုးကြသည်။

ပဋိညာဉ်စာချုပ်ကို မြန်မာဘာသာ၊ တူရကီဘာသာ၊ အင်္ဂလိပ် ဘာသာသုံးမျိုးဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။ ၎င်းစာချုပ်သည် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အာဏာသက်ရောက်မှုရှိသည်။ တူရကီစစ်သင်္ချိုင်းကို ၂၀၁၄ ခုနှစ်က တူရကီသံရုံးက ဦးစီး၍ အသစ်ပြန်လည်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



တူရကီစစ်သင်္ချိုင်းသည် ပထမကမ္ဘာစစ်အတွင်း အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်တွင် အော်တိုမင်တပ်မတော်နှင့် ဗြိတိသျှတပ်မတော်တို့၏ တိုက်ပွဲများအတွင်း ဖမ်းဆီးခေါ်ဆောင်ခြင်းခံရပြီး ယင်းနေရာတွင် ကျဆုံးခဲ့သော တူရကီစစ်သားများနှင့် အစိုးရအမှုထမ်းများ ပါဝင်သည်။

**မျိုးဇေယျာ (ပျဉ်းမနား)၊ ပေါက်ကလေး (သရက်)**

# စာရေးဆရာကြီး ဦးနု ၁၁၁ နှစ် မွေးနေ့မင်္ဂလာ ပြုလုပ်

**ရန်ကုန် မေ ၃၀**

မြန်မာ့နိုင်ငံရေးလောကတွင် ဝန်ကြီးချုပ် ဦးနု ဟူ၍လည်းကောင်း၊ သခင်နုဟူ၍ လည်းကောင်း လူသိများ ထင်ရှားခဲ့သော စာရေးဆရာကြီး ဦးနု ၁၁၁ နှစ် မွေးနေ့မင်္ဂလာအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် စာရေးဆရာကြီး ဦးနု၏ မိသားစုနှင့် အကျွမ်းတဝင်ရှိသော ကဗျာဆရာ မောင်သွေးသစ်က ကမကထပြုလုပ်၍ ဦးနုနှင့်ပတ်သက်သော အကြောင်းအရာများကို ပြောကြားပြီး တက်ရောက်လာသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**ကောင်းမှုကုသိုလ်ယူ**

“ဒီကနေ့ အခမ်းအနားကတော့ ထာဝရရန်ပုံငွေအဖွဲ့က ဘဘဦးနုရဲ့မြန်မာလိုမွေးနေ့မှာ နှစ်စဉ်နှစ်တိုင်းပြုလုပ်တဲ့ အတိုင်း မွေးနေ့ပြုခြင်းဖြစ်ပါတယ်၊ ဘဘရဲ့မွေးနေ့မှာ ဆရာတော် သံဃာတော်တွေကို ဆွမ်းကပ်တယ်၊ စာပေလုပ်ဖော်ကိုင်ဖက်တွေကို နေ့လယ်စာ ကျွေးမွေးဧည့်ခံတယ်၊ မကျန်းမာတဲ့ စာရေးဆရာတွေကို တတ်အားသရွေ့ လှူဒါန်းတယ်၊ ထူးထူးခြားခြားအစီအစဉ်တွေ မပါဝင်ပါဘူး” ဟု စာရေးဆရာ မြေမှုန်လွင်က ပြောသည်။

အဆိုပါအခမ်းအနားသို့ စာရေးဆရာကြီး ဦးနု၏သမီးဖြစ်သူ ဒေါ်စန်းစန်းနုနှင့်အတူ စာရေးဆရာများဖြစ်ကြသော ဆရာဒေါက်တာ ခင်မောင်ညို၊ ဆရာဟိန်းလတ်၊ ဆရာအောင်စိုးဦး အစရှိသော စာရေးဆရာများ၊ ကဗျာဆရာများ၊ ဦးနု၏ ဆွေမျိုးများ၊ စာပေမိတ်ဆွေများ အပါအဝင် လူပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

ဦးနုကို ၁၉၀၇ ခုနှစ် မေလ ၂၅ ရက်တွင် ဝါးခယ်မမြို့၌ အဘ ဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားခဲ့ကြောင်း၊ သခင်နု၊ ဝန်ကြီးချုပ်ဦးနု၊ စာရေးဆရာ ဦးနုအဖြစ် လူသိများထင်ရှားခဲ့သူဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

**အကောင်းဆုံးစာအုပ်**

ဆရာကြီးဦးနုသည် နဂါးနီအသင်း၊ ဘာသာပြန်စာပေအသင်းတို့ကို ထူထောင်ခဲ့ပြီး စာပေလှုပ်ရှားမှုများစွာ ပြုလုပ်ခဲ့ကြောင်း၊ စာအုပ် ၅၀ ကျော် ရေးသားထုတ်ဝေခဲ့ကြောင်း၊ ထင်ရှားပြီး ရောင်းအားအကောင်းဆုံးစာအုပ်မှာ မိတ္တဗလဋ္ဌိကာဖြစ်ကြောင်း၊ တာတေစနေသား၊ ကာမတဏှာ၊ ငရဲဆိုချိန်နဲ့လား အစရှိသော စာအုပ်များမှာလည်း လူကြိုက်များကြောင်း သိရသည်။

ဦးနု၏ ထင်ရှားသော သာသနာရေးရာ ဆောင်ရွက်ချက်တစ်ခုမှာ ဆဋ္ဌသင်္ဂါယနာ ပဓာန သာသနာ့ဒါယကာကြီး အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

**မြင့်မောင်**

**ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည်

## ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ဦးကျော်မိုးထွန်းအား လမ်းညွှန်မှာကြား

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ သွားရောက်တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းအား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ဦးကျော်မိုးထွန်းအား လမ်းညွှန်မှာကြားစဉ်။**

သတင်းစဉ်

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင်တို့အကြား နားလည်မှုစာလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၃၀**

ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေး ကော်မရှင် (Anti-Corruption and Civil Rights Commission - ACRC ) ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်သုံးသပ်ရေး (Corruption Risk Assessment) အတွေ့အကြုံများကို လေ့လာရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကော်မရှင်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံသို့ မေ ၂၈ ရက်တွင် အလုပ်သဘော လေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။



ခရီးစဉ်အတွင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ Pak Un Jong တို့အကြား နှစ်ဖက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာလွှာ (MoU) ကို ကိုရီးယားသမ္မတနိုင်ငံ ဆေးဂျုံမြို့တွင် ယနေ့ ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ MoU အရ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့တွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ အသိပညာပေးအစီအစဉ်များနှင့် ကျွမ်းကျင်မှုနည်းပညာ မြှင့်တင်ရေးလုပ်ငန်းများ ဖလှယ်ကြရန်တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးအောင်လင်း ပနားမားနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၃၁**

ပနားမားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို မေ ၂၂ ရက်တွင် ပနားမားမြို့၌ ပနားမားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟွမ်ကာလို့စ် ဗာရီလာ ရိုဒရီဂွေ့ဇ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် မေ ၃၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီးနောက် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ အားလျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်    မေ    ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**သံတမန်ဆက်ဆံရေးတိုးမြှင့်**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဓာတ်အားခွဲရုံလေးရုံ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းအပ်နှံမှု သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော်    မေ    ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် Mitsubishi Corporation တို့အကြား ဓာတ်အားခွဲရုံလေးရုံ (အလုံ၊ ရွာမ၊ လှော်ကား၊ သာကေတ) အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအပ်နှံမှု သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မေ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများဖြစ်သည့် အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ၊ သီလဝါ စက်ရုံများမှ ဓာတ်အားစနစ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော်လည်း ပြည်သူများမှ တိုးမြှင့်သုံးစွဲလျက်ရှိသဖြင့် စီမံကိန်းအသစ်များလည်း တည်ဆောက်လျက်ရှိပါကြောင်း၊ စက်စွမ်းရည်ကျဆင်းနေသည့် ဓာတ်အားပေး စက်ရုံများနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဓာတ်အားပေးစက်ရုံ အသစ်များ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို နိုင်ငံပိုင်ဘတ်ဂျက်မှ ကျခံဆောင်ရွက်ခြင်း၊ ပြည်ပချေးငွေ အထောက်အပံ့ ရယူဆောင် ရွက်ခြင်းတို့ဖြင့် လုပ်ဆောင်လျက်ရှိပြီး နှစ်အလိုက် တိုးတက်လာမည့် ဓာတ်အားကို နှစ်အလိုက် လိုအပ်ချက်များအတိုင်း ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအလုံ၊ လှော်ကား၊ ရွာမ၊ သာကေတဓာတ်အားပေး စက်ရုံများ၏ ခွဲရုံများမှာသက်တမ်း ၂၅ နှစ်ကျော် ရှိနေပြီဖြစ်၍ ကြံ့ခိုင်ရေးနှင့် စွမ်းဆောင်ရည်များ ကျဆင်းနေပြီဖြစ်သည့်အတွက် အဆိုပါဓာတ်အားခွဲရုံများ၏ ကြံ့ခိုင်ရေးနှင့် တည်ငြိမ်သည့် ဓာတ်အားပိုမိုပို့လွှတ်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ODA ချေးငွေရယူ၍ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းအတွက် International Competitive Bidding (ICB) စနစ်ဖြင့် ၄-၁၁-၂၀၁၆ ရက်နေ့က တင်ဒါခေါ်ဆိုခဲ့ရာ Mitsubishi Corporation မှ တင်ဒါအောင်မြင်ခဲ့သည့်အတွက် လုပ်ငန်းအပ်နှံမှု တန်ဖိုးဂျပန်ယန်း ၉ ဒသမ ၀၁၄ ဘီလီယံဖြင့် သဘောတူစာချုပ် အားလက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခု Mitsubishi Corporation နှင့် ဆောင်ရွက်မည့် ဓာတ်အားခွဲရုံ လေးရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ လပေါင်း ၃၃ လ ကြာမြင့်မည်ဖြစ်ပြီး ထရန်စဖော်မာ အသစ်များတပ်ဆင်ခြင်း၊ Swit-chyard များအား AIS စနစ်မှ GIS စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပါဝင်မည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သက်တမ်းပိုမိုကြာရှည်စွာ နိုင်ငံတော်ဓာတ်အားစနစ်သို့ လုံခြုံစိတ်ချစွာဖြင့် တည်ငြိမ်သည့် ဓာတ်အားပို့လွှတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Mitsubishi Corporation မှ General Manager & Country Representative, Mr. HIDETOSHI Mano မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် Mitsubishi Corporation မှ Assistant General Manager ဖြစ်သူ Mr. YuichiroSakaguchi တို့က ဓာတ်အားခွဲရုံ လေးရုံ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း အပ်နှံမှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၍ **(ဝဲပုံ)** အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်၍ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇) ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်နှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ရပါက လူ့အခွင့်အရေးကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်သည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(၁) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊
(ဆက်သွယ်ရန် ဖုန်း၊ လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(၂) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။

**မှတ်ချက်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

❍ ရှေ့စုံးမှ

ခရီးသည်ပြည်သူ ၃၀၀၀၀ခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ မေ ၂၉ ရက်က ရန်ကုန်မြစ်အတွင်း လှိုင်းကြီးခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းကြောင့် ခရီးသည်များ လုံခြုံမှုရှိစေရေးအတွက် အချိန်အနည်းငယ်ခန့် သင်္ဘောများ ရပ်နားခဲ့ရပြီး လေငြိမ်သက်စဉ်တွင် ပုံမှန်အတိုင်း ပို့ဆောင်ပေးလျက်ရှိကြောင်း၊ နေ့စဉ် ၄၆ ခေါက်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ရာသီဥတု မကောင်းမွန်ခြင်းနှင့် မြင်ကွင်းများမရှင်းပါက ခရီးသည်တင်ဆောင်ပြီး သင်္ဘောများထွက်ခွာခြင်းမပြုလုပ်ရန် သတိပေးထားကြောင်း ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက ပြောကြားခဲ့သည်။

ဒလမြို့နယ်အတွင်း၌ သမဝါယမအသင်းပိုင် ကူးတို့ဆိပ်ငါးဆိပ်၌ စက်တပ်သမ္ဗန်ပေါင်း ၁၆၇ စင်း နှင့် ပုဂ္ဂလိကပိုင် ကူးတို့ဆိပ် ခြောက်ဆိပ်၌ စက်တပ်သမ္ဗန်ပေါင်း ၃၃၁ စင်း စုစုပေါင်း ၄၉၈ စင်းရှိပြီး ကူးတို့ဆိပ်ပေါင်း ၁၁ ဆိပ်ရှိကြောင်း၊ ရန်ကုန်-ဒလ စက်တပ်သမ္ဗန်ခများအနေဖြင့် ယခင်က ငွေကျပ် ၁၀၀ သတ်မှတ်ထားသော်လည်း ဓာတ်ဆီဈေးနှုန်း မြင့်တက်ခြင်းနှင့် ခရီးပို့ဆောင်ရာတွင် လမ်းကြောရှည်ခြင်းတို့ကြောင့် မေ ၁၄ ရက်က စတင်ပြီး ငွေကျပ် ၅၀ တိုးကောက်ခံခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## သံတွဲ၌ ဇန်နဝါရီမှ မေ ၂၆ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၇ ဦးခန့်ရှိ

**သံတွဲ    မေ    ၃၀**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးရှင်းလင်းပွဲကို မေ ၂၈ ရက် နံနက်က သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး သံတွဲခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် ၂၀၁၆ ခုနှစ်က သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု ၂၀ သာဖြစ်ပွားပြီး ဖြစ်ပွားမှု အနည်းဆုံးကျဆင်းသွားကာ ၂၀၁၇ ခုနှစ်တွင် ရောဂါဖြစ်ပွားမှု ၁၈၅ ဦးထိ တိုးမြင့်ဖြစ်ပွားလာပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မေ ၂၆ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ ၄၇ ဦးခန့် ဖြစ်ပွားလျက်ရှိပြီး ကလေးလူနာတစ်ဦး အသက်ဆုံးရှုံးခဲ့သဖြင့် ယခုနှစ်သည် သံတွဲမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းရကြောင်း ပြောကြားသည်။

အသက်ဆုံးရှုံးခဲ့သော သွေးလွန်တုပ်ကွေး ကလေးလူနာအား စစ်ဆေးရာတွင် အပြင်းဖျားခြင်း၊ အဖျားရက်ရှည်ခြင်း၊ သွေးလန့်သော လက္ခဏာများ မတွေ့ရှိရဘဲ ဦးနှောက်ရောင်သည့် လက္ခဏာကိုသာ တွေ့ရှိရသဖြင့် ရောဂါလက္ခဏာများမှာ တစ်နှစ်ထက်တစ်နှစ် မတူညီဘဲ ပိုမိုပြင်းထန်လာသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရောဂါဖြစ်ပွားရာနေရာ ကွင်းဆင်း၍ ကာကွယ်ရေးလုပ်ငန်းများကို အချိန်မီသွားရောက် ဆောင်ရွက်လျက်ရှိသဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံကျော့ခိုင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ ပြန်လည်မေးမြန်းဆွေးနွေးချက်များကို ဒေါက်တာစံကျော့ခိုင်နှင့် သံတွဲခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်နိုင်ဝင်းတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်    မေ    ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Emilio De Miguel Calabia အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**လွှတ်တော်များဖွဲ့စည်းမှုဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် စပိန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံလွှတ်တော်များ ဖွဲ့စည်းမှု၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Emilio De Miguel Calabia အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# စိတ်ကြွရူးသွပ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်မှုများ ပြည်တွင်း၊ ပြည်ပ၌ မြင့်တက်လာ



**နေပြည်တော်    မေ    ၃၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အထူး အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာနဲ့ပတ်သက်ပြီး စိုက်ပျိုးမှုပြဿနာ၊ ထုတ်လုပ်မှုပြဿနာ၊ သယ်ဆောင်ရောင်းဝယ်မှုပြဿနာနှင့် သုံးစွဲမှုပြဿနာတို့ကို ရင်ဆိုင်နေရပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးမှုအနေဖြင့် ၂၅ ရာခိုင်နှုန်း ၊ ထုတ်လုပ်မှုအနေဖြင့် ၁၄ ရာခိုင်နှုန်း သိသိသာသာကျဆင်းခဲ့ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနဲ့ သယ်ဆောင်ရောင်းဝယ်မှုအပိုင်းတွင်လည်း ဖမ်းဆီးရမိမှုဖြစ်စဉ်တွေအရ စိတ်ကြွရူးသွပ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်မှုများသည် ပြည်တွင်း၊ ပြည်ပမှာ မြင့်တက်လာသည်ကို တွေ့ရပါကြောင်း၊ သုံးစွဲမှုအပိုင်းတွင် ဘိန်း၊ ဘိန်းဖြူ သုံးစွဲမှုပြဿနာတွေ၊ ဘိန်းဖြူထိုးသွင်းခြင်းကြောင့်ဖြစ်ရတဲ့ HIV ကူးစက်မှုပြဿနာတွေနဲ့ ရင်ဆိုင်နေရကြောင်း။

အမျိုးသားခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးအစီအစဉ် စာရင်းဇယားများအရ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကတစ်ဆင့် ကူးစက်မှုနှုန်း ၁၈ ရာခိုင်နှုန်းထိ မြင့်တက်လာတာကို တွေ့ရပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေးစတဲ့ကဏ္ဍအားလုံး ကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ပျက်စီးဆုံးရှုံးစေလျက်ရှိတာကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံအခြေပြမိန့်ခွန်းနဲ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှာလည်း မူးယစ်ဆေးဝါးပြဿနာနဲ့ ပတ်သက်ပြီး ပိုမိုထိရောက်စွာ လျှော့ချနိုင်ရေးဆောင်ရွက်ရန် ပြောကြားထားပြီး ဖြစ်ပါကြောင်း၊ ပြောင်းလဲကျင့်သုံးလာမည့် မူဝါဒ၊ ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မူးယစ်ဗဟိုအဖွဲ့၏ အဆင့်ဆင့်သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးထိန်းချုပ်မှုပုံစံများအပေါ် အခြေခံပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသွားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ်အောင်ဝင်းဦးက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ သုံးသပ်ချက်များ တင်ပြပြီး တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်က မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူး၊ သုံးစွဲမှုထိန်းချုပ်ရေး စီမံချက်ကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မစ္စတာ နန္ဒီ မစ်သရကေနရက အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော်    မေ    ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက မစ္စတာ နန္ဒီ မစ်သရကေနရက အားပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာနန္ဒီ မစ်သရကေနရကကို ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၆၆ ခုနှစ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအရာရှိအဖြစ် စတင်အမှုထမ်းခဲ့ကာ ၁၉၈၃ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်၍ အတိုက်အခံခေါင်းဆောင်အဖြစ် သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းရှိ မာသာလေမြို့(Matale) မြူနီစီပယ်ကောင်စီတွင် မြို့တော်ဝန်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၎င်းသည် ၁၉၈၉ ခုနှစ်တွင် လွှတ်တော်အမတ်အဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ပို့ဆောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးရေးရာဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၌ အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် အလယ်ပိုင်းပြည်နယ် (Central Province)၏ ဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ပြည်နယ်ကောင်စီနှင့် ဒေသအစိုးရအဖွဲ့ဝန်ကြီးဌာန၌ ဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် အဆင့်မြင့်ပညာဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လျှပ်စီးများ လှုပ်ကြီးမည်

**နေပြည်တော် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) ကျောင်းဆောင်သစ်ဖွင့်

**နေပြည်တော်    မေ    ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ ပအိုဝ်း အမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားပထမပိုင်းတွင် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီတို့က သင်တန်းကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အခမ်းအနား ဒုတိယပိုင်းတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပအိုဝ်း အမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းဆောင်သစ်အတွင်း၌ အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ အိပ်ဆောင်များ၊ စားရိပ်သာများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြားသည်။

ယခုဖွင့်လှစ်ပေးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဆိုက်ခေါင်)၌ ကျောင်းသား ၈၀ ၊ ကျောင်းသူ ၈၀ စုစုပေါင်း ၁၆၀ တို့အား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှ စတင်၍ ပညာသင်ကြားရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများအား နိုင်ငံတော်အစိုးရ၏ ရာနှုန်းပြည့် အထောက်အပံ့များဖြင့် ပြုစုစောင့်ရှောက် လေ့ကျင့်သင်ကြားပေး သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးမြို့နယ်၌ မြစ်သာမြစ်ကူးတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမည့်အပေါ် မူတည်ပြီး ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**ကို လွှတ်တော်က သဘောတူအတည်ပြုလိုက်သည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

**ရန်ပုံငွေရရှိမှုအပေါ်မူတည်ဆောင်ရွက်ပေးမည်**

ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **ရမ်းဗြဲမြို့နယ်တွင် ဒေါ်ရထချောင်းကူး တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေါ်ရထချောင်းတံတားသည် မရွတ်ချိန်ကျေးရွာအုပ်စု၊ အဝတောင်ကျေးရွာအုပ်စု-မရွတ်ချိန်ရွာမှ အလယ်ရွာတောင်ပေါ် ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းပေါ်တွင် တည်ရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော တံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားတည်ဆောက်မည့် ဒေါ်ရထချောင်းအကျယ်မှာ ၂၅၂ ပေ ရှိပြီး ဒီရေ အတက်ဆုံးအချိန်တွင် အမြင့်ပေ ၂၈ ပေခန့်ရှိပြီး ဒီရေအကျဆုံးအချိန်တွင် အမြင့် ၈ ပေခန့် ရှိပါကြောင်း၊ ချောင်းကူးတံတား တည်ဆောက်ပြီးပါက အကျိုးပြုကျေးရွာပေါင်း ၃ ရွာ၊ အိမ်ခြေ ၂၆၉ အိမ်နှင့် လူဦးရေ ၁၄၀၀ ခန့် အကျိုးပြုမည်ဖြစ်ပါကြောင်း။

ဒေါ်ရထချောင်းကူးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့် ၁ တွင် ပါဝင်သော လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၁၉-၂၀၂၀ နောက်ပိုင်းကာလများတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရန်ပုံငွေထည့်သွင်းလျာထားမည်**

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ **ကလေးမြို့နယ်ရှိ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသော မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းနှင့်ပြည်နယ် မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတားတည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြစ်သာမြစ်ကူးတံတားသည် သာယာဝတီ-ထိုမာ-ပေါက်တောလမ်းနှင့် ကလေး-ဂန့်ဂေါလမ်းမကြီးတို့ ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်ပါကြောင်း၊ သာယာဝတီ-ထိုမာ-ပေါက်တောလမ်း ၈ မိုင် ၁ ဖာလုံအနက် ၁ မိုင် ၃ ဖာလုံသည် ကျောက်ချောလမ်းဖြစ်ပြီး ၂ မိုင် ၆ ဖာလုံ သဲကျောက်လမ်းနှင့်ကျန် ၄ မိုင်သည် မိုးရာသီတွင် ရေဝင်သည့် ဧရိယာဖြစ်ပါကြောင်း၊ အဆိုပါတံတား တည်ဆောက်ပြီးပါက မြစ်သာမြို့ အရှေ့ဘက်ကမ်းရှိ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၃၁၅၄ အိမ်နှင့် လူဦးရေ ၁၄၂၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

မြစ်သာမြစ်ကူးတံတား တည်ဆောက်မည့် လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့် ၁ တွင် ပါဝင်သောကြောင့် တံတားတည်ဆောက်မှုနှင့် ပတ်သက်၍ သံကူကွန်ကရစ် ကမ်းကပ်ခုံများနှင့် ရေလယ်တိုင်များ သံပေါင်ဘေလီတံတား တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**တိုင်းဒေသကြီးရန်ပုံငွေလျာထားတောင်းခံ**

အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း၏ **အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ-ညောင်ကျိုးလမ်းကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှ ချထားပေးသည့် ငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို သက်ဆိုင်ရာများမှ စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အင်္ဂပူ-ညောင်ကျိုးလမ်းသည် ခိုင်ခံ့မှုအားနည်းသည့် သစ်သားတံတားနေရာ၌ ပေ ၄၀ အရှည် ၂၄ပေ အကျယ် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ ၁ မိုင် ၂ ဖာလုံအား ၁၄ ပေအကျယ် မြေသားတာပေါင်ခြဲ့ခြင်း၊ ပျက်စီးနေသည့် ကွန်ကရစ်လမ်းပိုင်း ၄ ဖာလုံကို ထပ်ပိုးလွှာခင်းခြင်း၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင် ခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အမာခံလမ်းပိုင်း ၇ မိုင်ကို ၁၈ ပေအကျယ်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို (ခ) ဦးတင်ကြိုင်နှင့် ကံမ မဲဆန္ဒနယ်မှ ဦးစိန်ဟန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

**အဆိုတင်သွင်း**

ထို့နောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်** အဆိုတင်သွင်းရာတွင် နိုင်ငံတော်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် ထုတ်ပြန်ထားပါကြောင်း၊ ယင်းဥပဒေတွင် အခန်း ၁၉ ခန်း ပါရှိပါကြောင်း၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို ကြည့်ပါက တပ်မတော်အပါအဝင်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ လုံခြုံရေးစခန်းများကို အင်အားသုံး တိုက်ခိုက်ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့များကို လူသားတံတိုင်းသုံး၍ ဟန့်တားတိုက်ခိုက်ခြင်း၊ မိုင်းထောင် တိုက်ခိုက်ခြင်း၊ လူနေအိမ်အဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ သတင်းပေးသူများ၊ လူနည်းစုတိုင်းရင်းသားတို့ကို ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ဌာနေပြည်သူများကို နေရပ်စွန့်ခွာ ထွက်ပြေးစေရန် ခြိမ်းခြောက်ခြင်း စသည့် လုပ်ဆောင်မှုများကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်ပါ အကြမ်းဖက်မှုများနှင့် အကျုံးဝင်နေကြောင်းကို ငြင်းပယ်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် ယင်းဥပဒေကို ထိရောက်စွာ ကိုင်တွယ်အသုံးပြုရန် လိုအပ်ပါကြောင်း။

**အချုပ်အခြာ ထိပါးခြိမ်းခြောက်**

လက်ရှိအခြေအနေတွင် UN,OIC နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို မျက်ကွယ်ပြုပြီး မမှန်သတင်းနှင့် ဝင်ရောက်စွက်ဖက်ဖိအားပေးမှုများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ UNSC နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး ICC သို့ ဦးတည်နေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကို ထိပါးခြိမ်းခြောက်နေသည့်အပြင် နိုင်ငံတော်အစိုးရက လူသားချင်းစာနာမှုများနှင့် နိုင်ငံတကာအကူအညီရယူပြီး ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း အားလျော့စေလျက်ရှိနေပါကြောင်း။

အစိုးရအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာ အဖွဲ့အစည်းများ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ညှိနှိုင်းပြီး ယင်းဥပဒေအပါအဝင် တည်ဆဲဥပဒေအရပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အကူအညီပေးသူများ၊ လှုံ့ဆော်သူများ၊ ကြံရာပါများကို တစိုက်မတ်မတ် ဖော်ထုတ်အရေးယူပြီး ပြည်သူများကို ထိရောက်သည့် ကာကွယ်မှုပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာသိရှိအောင် ပြောဆိုနိုင်စွမ်းရှိသည့် သူများကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်သည် ရည်ရွယ်ချက်ရှိရှိနှင့် လူမျိုးတစ်မျိုး၊ နယ်မြေတစ်ခု ပေါ်ပေါက်လာရန် မိမိတို့ အချုပ်အခြာအာဏာကို လုံခြုံရေးစခန်းများ၊ ကျေးရွာများနှင့် ဒေသခံပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး ပြဿနာကြီးထွားရန် ဖန်တီးကြသည်ဟု ပြတ်သားစွာ ရှင်းလင်းပြောကြားစေလိုပါကြောင်း။

ယခုကာလအတွင်းတွင် မိမိတို့ကို လူမျိုးတုံးသတ်သည်၊ မုဒိမ်းကျင့်သည်၊ လူ့အခွင့်အရေး ဖောက်ဖျက်သည် စသည့် စွပ်စွဲမှုများ မဟုတ်မမှန်ကြောင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် IPU ညီလာခံတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က OIC နိုင်ငံများ၏ စွပ်စွဲချက်များကို တုံ့ပြန်ရှင်းပြသကဲ့သို့ UN မြန်မာ အမြဲတမ်းကိုယ်စားလှယ်က လုံခြုံရေးကောင်စီတွင် ၂၀၁၈ ခုနှစ် မေ ၁၆ ရက်က တုံ့ပြန်ဖြေကြားခဲ့ပါကြောင်း၊ ယခုကဲ့သို့ အမှန်တရားများကို နည်းမျိုးစုံဖြင့် ကမ္ဘာကသိစေရန် ဆောင်ရွက်ကာကွယ်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံ အဖွဲ့အစည်းအသီးသီး၏ ဖိအားများကို စိုးရိမ်ပြီး အမျိုးသားလုံခြုံရေးကို လျစ်လျူရှုလျက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ၎င်းတို့ကို လွတ်လပ်စွာ သွားလာခွင့်ပြုပြီး လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးအပြည့်အဝ ရရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ သတင်းစဉ်

## စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြု

**လွှတ်တော်က သဘောတူ**

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးအေးနိုင်က မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းဖုန်းမြတ်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

## သထုံတွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၇၀၀၀ နီးပါး ထုတ်ချေးပေးရန်လျာထား

**သထုံ မေ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဒေသတွင်းရှိ တောင်သူများ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် လိုအပ်သော အရင်းအနှီးအထောက်အပံ့များ ဖြစ်စေနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သထုံမြို့နယ်ဘဏ်ခွဲမှ ယခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေကျပ်သန်းပေါင်း ၇၀၀၀ နီးပါးခန့်အား ထုတ်ချေးပေးနိုင်ရန် လျာထားကြောင်း သိရသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို စပါးပေါ်ချိန် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စတင်၍ မတ်လ ကုန်သည်အထိ ပြန်လည်ပေးအပ်ရန် သတ်မှတ်ပေးထားပြီး ယခင်နှစ်က သထုံမြို့နယ် တွင် ချေးငွေကျပ် ၆၉၆၉ ဒသမ ၆ သန်းအား ကျေးရွာ ၄၅ ရွာမှ လယ်သမားဦးရေ ၅၂၆၇ ဦးတို့အား ထုတ်ချေးပေးခဲ့ကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် သထုံမြို့နယ် ဘဏ်ခွဲမှ သိရသည်။

**သက်ဦး (သထုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ကော်လံ ၁ တတိယ ပိုဒ်၌ ပါရှိသည့် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးစိုင်းသော်တာဝင်း **(အစား)** ဦးစိုင်းသော်ဝင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**သတင်းစဉ်**

# မသမာသောနည်းလမ်းအမျိုးမျိုးဖြင့် ပုံစံ-၇ ထုတ်ပေးထားမှု ပေါ်ပေါက်တွေ့ရှိပါက စိစစ်အရေးယူဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေတောင်သူ လယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ်(Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းသုံးခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ အဆိုတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်းကူညီပေးမည်**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်မြောင်ကိုပိတ်၍ တစ်ဖက်ပိတ်ဆည် ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တစ်ဖက်ပိတ်ဆည်တည်ဆောက်ပေးရန် အဆိုပြုသောနေရာမှာ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်လျှိုကိုပိတ်၍ တည်ဆောက်ရမည့်နေရာဖြစ်ပြီး လျှိုပိတ်ဆည်တည်ဆောက်ရမည့်နေရာမှာ အောက်ခံမြေလွှာဘူမိဗေဒအနေအထားအရ အလွယ်တကူ ရေယိုစိမ့်ထွက်နိုင်သော ကျောက်သားလွှာများ ဖြစ်သောကြောင့်လည်းကောင်း၊ မြေသားတမံ တည်ဆောက်ရန်အတွက် ရေလုံသော ဖို့မြေအမျိုးအစားမရရှိနိုင်သောကြောင့်လည်းကောင်း လျှိုပိတ်ဆည်တည်ဆောက်ရန် သင့်လျော်မှု မရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်လျှိုပေါ်တွင် တစ်ဖက်ပိတ်ဆည်တည်ဆောက်ရန်မှာ တင်ပြပါ အခြေအနေအရပ်ရပ်အရ ဖြစ်မြောက်နိုင်စွမ်းမရှိပါ၍ တည်ဆောက်ပေးရန် သင့်လျော်မှု မရှိပါကြောင်း၊ ဒေသတွင်း ပြည်သူများအနေဖြင့် သောက်သုံးရေဖူလုံစေရန်နှင့် လိုအပ်သော စိုက်ပျိုးရေရရှိရန် မိုးများသော ဒေသဖြစ်သည်နှင့်အညီ မိုးရာသီအတွင်း ရွာသွန်းသော မိုးရေများကို သိုလှောင်သုံးစွဲနိုင်ရန် အုတ်ရေလှောင်ကန်များ တစ်နိုင်တစ်ပိုင် တည်ဆောက်ခြင်း စနစ်ဖြင့်သာ ဆောင်ရွက်သွားနိုင်မည် ဖြစ်သည့်အတွက် အဆိုပါ လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် လိုအပ်သလို ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**လာမည့်ဘဏ္ဍာနှစ်တွင်**
**ထည့်သွင်းဆောင်ရွက်ပေးမည်**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာရှိ တိမ်နေသော ရေကန်ကို ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါ ရေကန်ကြီး ပြန်လည်တူးဖော်ပေးနိုင်ရန် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလ)အတွင်း ရန်ပုံငွေ လျာထားသည့် လုပ်ငန်းစာရင်းတွင် မူလက ပါဝင်ခြင်း မရှိသော်လည်း လိုအပ်သော စူးစမ်းလေ့လာမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘူမိဗေဒမြေအနေအထားများအရ ဖြစ်မြောက်နိုင်စွမ်းရှိသည့် ဆန်းစစ်မှုနှင့်အညီ လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေထည့်သွင်းတွက်ချက်၍ ရေကန်ကြီး ပြန်လည်တူးဖော်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မသမာသောနည်းလမ်းများအရေးယူလျက်ရှိ**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအောင်မျိုး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) ထုတ်ပေးထားမှုများအား ပြန်လည်စိစစ်စစ်ဆေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် တရားမဝင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရယူပြီး စိုက်ပျိုးစရိတ်ချေးငွေ အလွဲသုံးစားပြုထုတ်ယူနေမှုများအား ထိရောက်စွာ အရေးယူအပြစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများအတွက် လက်ရှိအသုံးပြုခွင့်ရရှိထားသည့် လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ၊ အခန်း(၂)၊ အပိုဒ်(၃)မှ အပိုဒ် (၁၄)အထိ ပြဋ္ဌာန်းချက်ပါအတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ စနစ်တကျစိစစ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပေးပြီးသမျှ (ပုံစံ-၇)များအားလုံးကို တစ်ခုချင်းအလိုက်၊ ဦးပိုင်အလိုက် ပြန်လည်စိစစ်ရမည်ဆိုပါက အချိန်ကာလ၊ ဝန်ထမ်းအင်အား၊ ကျခံသုံးစွဲရမည့် ငွေကြေးပမာဏ လိုအပ်ချက်များစွာ ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်ကြားခံရခြင်း၊ မမှန်မကန်ဆောင်ရွက်ထားကြောင်း ပေါ်ပေါက်ခြင်း၊ သံသယဖြစ်ဖွယ်ရှိခြင်းနှင့် လုပ်ငန်းလိုအပ်ချက်ပေါ်ပေါက်ခြင်း စသည့်ကိစ္စရပ်များအပေါ် အခြေတည်၍ ပြန်လည်စိစစ်ဆောင်ရွက်နိုင်အောင် စီမံလုပ်ကိုင်လျက်ရှိပါကြောင်း။

တောင်သူများမှ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ အလွဲသုံးစားပြုထုတ်ယူခြင်းများအား ကာကွယ်စစ်ဆေးနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိစစ် ပေးပါရန် အကြောင်းကြားလာပါက အရေးယူဆောင်ရွက်မှုများ ရှိပါကြောင်း၊ မသမာသော နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ထားရှိမှုများ ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်ရှိခြင်း၊ မသမာသော နည်းလမ်းအမျိုးမျိုးဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) ထုတ်ပေးထားမှု ပေါ်ပေါက်ခြင်းများ တွေ့ရှိပါက ပြန်လည်စိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ဆက်လက်အတည်ပြုဆောင်ရွက်သင့်**

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းအား လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပိုမိုပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**G.A.P နည်းစနစ်ဖြင့်**
**စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေး**

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေတောင်သူ လယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး** G.A.P (Good Agriculture Practice) **နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စာတွေ့၊ လက်တွေ့ပိုမိုကျယ်ပြန့်စွာ**
**လုပ်ဆောင်ပေးရန်လို**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က G.A.P ၏ ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်ရမည့် ကဏ္ဍလည်းဖြစ်သည့် အစားအစာများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သီးနှံများ အရည်အသွေးကောင်းမွန်စေရေး၊ လုပ်သားများ ကျန်းမာဘေးကင်းရေး၊ သာယာဝပြောရေးစသည့်ကဏ္ဍများ အောင်မြင်စေရန်အတွက် G.A.P နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် စတင်စိုက်ပျိုးရန် မြေ၊ ရေ၊ မျိုးစေ့၊ ပျိုးပင်စသည်တို့ ရွေးချယ်စီမံစတင်ခြင်းမှအစ တရားဝင်မှတ်ပုံတင်ထားသည့် မြေသြဇာနှင့် မြေဆီလွှာဖြည့်စွက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတုဆေးများနှင့် အခြားဓာတုပစ္စည်းများအား နည်းပညာနှင့်ညွှန်ကြားချက်အတိုင်း လိုက်နာသုံးစွဲခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အအုံများတွင် စနစ်တကျထားရှိခြင်းစသည့် အဆင့်ဆင့်ဆောင်ရွက်ခြင်းများ အပြင် လုပ်ဆောင်မှုတိုင်းအား အထောက်အထားမှတ်တမ်းများထားရှိ၍ ပြန်လည်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ သင်တန်းများပို့ချဆွေးနွေးခြင်းနှင့် လုပ်သားများ သာယာဝပြောရေး အားလုံးကို စနစ်ကျစွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်ဝကောင်းမွန်ပြီး အာဟာရကြွယ်ဝသည့် သီးနှံများ စားသုံးနိုင်မည်ဖြစ်ပြီး ထုတ်လုပ် ရောင်းချသူများအနေဖြင့်လည်း အာမခံချက်ရှိရှိ ပြည်တွင်းရော ပြည်ပဈေးကွက်များပါ တင်ပို့ရောင်းချနိုင်၍ တောင်သူများ ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း၊ G.A.P အသိအမှတ်ပြုစိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့တိုင်းတွင် တစ်နိုင်တစ်ပိုင်အရောင်းဆိုင်များ စတင်ထားရှိရန် လိုအပ်ပါကြောင်း၊ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးပညာပေးစခန်းများတွင် G.A.P အသိပညာပေးလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ယခုထက်ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ဈေးကွက်ရရှိရေး စီမံဆောင်ရွက်သင့်**

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စောက G.A.P Guideline သည် စိုက်ပျိုးထုတ်လုပ်ရာတွင် မဖြစ်မနေလုပ်ရမည့် ပြဋ္ဌာန်းချက်မျိုးမဟုတ်ပါကြောင်း၊ မိမိဆန္ဒအရ စိုက်ပျိုးထုတ်လုပ်သူများမှ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှ စတင်၍ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား G.A.P လက်မှတ် စစ်ဆေးထုတ်ပေးနေသည်ကို တွေ့ရှိရသည့်အတွက် ၎င်းစနစ်အရှိန်အဟုန်မြင့် အကောင်အထည်ပေါ်လာစေရေး၊ လယ်ယာမြေများအား စနစ်တကျ ပြုပြင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများအား စနစ်တကျပို့ချပေးခြင်း၊ မြေအမျိုးအစားနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များအား စီမံချက်ဖြင့် ချထားပေးခြင်း၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ကာ ဒေသခံပြည်သူများအား တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ နိုင်ငံတကာဈေးကွက်ရရှိအောင် ချိတ်ဆက်ဖော်ဆောင်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များကို အစဉ်တစိုက်ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ G.A.P နည်းစနစ်အရ စိုက်ပျိုးထုတ်လုပ်တတ်ပြီး ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းဈေးကွက်ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့များမှ စနစ်တကျစီမံ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးချစ်ထွေးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့က ဆက်လက်ဆွေးနွေး ကြသည်။

**လုပ်ငန်းအပေါ်အားဖြည့်ပေးသည့် အဆိုဖြစ်**

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဆွေးနွေးရာတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝကောင်းမွန်သော သီးနှံများ စိုက်ပျိုး

*စာမျက်နှာ ၉ သို့*

**❑ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေတောင်သူ လယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများအထောက်အပံ့အကူအညီပေးပြီး G.A.P နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကအတည်ပြုခဲ့**

**❑ တောင်သူများမှ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ အလွဲသုံးစားပြုထုတ်ယူခြင်းများအား ကာကွယ်စစ်ဆေးနိုင်ရန်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိစစ်ပေးပါရန် အကြောင်းကြားလာပါက အရေးယူဆောင်ရွက်မှုများရှိ**

# အကြမ်းဖက်တိုက်ခိုက်မှု ထပ်မံမဖြစ်ပွားစေရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း

နေပြည်တော် မေ ၃၀

**အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်စေရန်ရည်ရွယ်၍ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ပြည်သူ့လွှတ်တော်သို့ ယနေ့ အဆိုတင်သွင်းခဲ့သည်။**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး နဝမနေ့တွင် ဦးသောင်းအေးက **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန်၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ် တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်** အဆိုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး အဆို တင်သွင်းစဉ်။

**"တိုင်းရင်းသားပြည်သူများ၏ ဘဝလုံခြုံရေး အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထား ဆောင်ရွက်ပေးရမည့် ကိစ္စများထဲတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး တို့သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိနေ"**

**အချုပ်အခြာတည်တံ့ခိုင်မြဲရေးအရေးကြီး**

ဦးသောင်းအေးက တိုင်းရင်းသားပြည်သူများ၏ ဘဝလုံခြုံရေးအေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထား ဆောင်ရွက်ပေးရမည့် ကိစ္စများထဲတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိနေပါကြောင်း၊ ပြည်ထောင်စု၏ ပြည်နယ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် အစွန်းရောက်အကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အဖွဲ့များက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျီးကန်းပြင်ရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲအမှုအဖွဲ့ဌာနချုပ်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း ငါးခုရနှင့် ကိုးတန်ကောက်စခန်းသုံးခုကို ဝင်ရောက် အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများ ရှိခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆိုရှင်က ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အစွန်းရောက် အကြမ်းဖက်များနှင့် ARSA အကြမ်းဖက်များကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် ထုတ်ပြန်ထားပါကြောင်း၊ ယင်းဥပဒေတွင် အခန်း ၁၉ ခန်း ပါရှိပြီး အခန်း(၁) ပုဒ်မ ၂ ပုဒ်မ(ဂ)တွင် စီရင်ခွင့်ရှိသည့် အကြမ်းဖက်မှုသည် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ် စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူသို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသည့် အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်း ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဟု ဖော်ပြထားပါကြောင်း၊ ပုဒ်မ ၃ (ပ) အကြမ်းဖက်သမားကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း ကျူးလွန်သူများ၊ အားထုတ်သူများ၊ အားပေးကူညီသူများ၊ လှုံ့ဆော်သူများ သို့မဟုတ် ကြံရာပါများအားလုံး အကျုံးဝင်နေသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

**အကြမ်းဖက်မှုစိစစ်ရေးကိစ္စများပါဝင်**

ထို့အပြင် အခန်း(၃)တွင်ပါသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ပုဒ်မ ၆(ဆ)နှင့် (ဇ)တွင် ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ အခန်း(၁၅) ပုဒ်မ ၅၇၊ ၅၈ တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြဋ္ဌာန်းထားပြီး အခန်း(၁၆)မှ ပုဒ်မ ၅၉၊ ၆၀ တွင် တရားခံလွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်နှင့် အခန်း(၁၉)တွင် ဒုက္ခသည်များကို အကြမ်းဖက်မှု စိစစ်ရေးကိစ္စများ ပါဝင်သည်ကို တွေ့ရပါကြောင်း တင်ပြသည်။

ထို့နောက် ဦးသောင်းအေးက ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆၊ ၂၀၁၇ ခုနှစ်များတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကိုကြည့်ပါက တပ်မတော်အပါအဝင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ လုံခြုံရေးစခန်းများကို အင်အားသုံးတိုက်ခိုက်ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့များကို လူသားတံတိုင်းသုံး၍ ဟန့်တားတိုက်ခိုက်ခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်း၊ လူနေအိမ်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ အုပ်ချုပ်ရေး တာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ သတင်းပေးသူများ၊ လူနည်းစုတိုင်းရင်းသားများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ဌာနပြည်သူများကို နေရပ်စွန့်ခွာထွက်ပြေးစေရန် ခြိမ်းခြောက်ခြင်း စသည့်လုပ်ဆောင်မှုများကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်ပါ အကြမ်းဖက်မှုများနှင့် အကျုံးဝင်နေကြောင်းကို ငြင်းပယ်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် ယင်းဥပဒေကို ထိရောက်စွာ ကိုင်တွယ်အသုံးပြုရန် လိုအပ်ပါကြောင်း။

**အကြမ်းဖက်လုပ်ရပ်များ မျက်ကွယ်ပြုပြီးဖိအားပေး**

လက်ရှိအခြေအနေတွင် UN,OIC နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို မျက်ကွယ်ပြုပြီး မမှန်သတင်းနှင့် ဝင်ရောက်စွက်ဖက်ဖိအားပေးမှုများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICC)သို့ ဦးတည်နေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကို ထိပါးခြိမ်းခြောက်နေသည့်အပြင် နိုင်ငံတော်အစိုးရက လူသားချင်းစာနာမှုများနှင့် နိုင်ငံတကာအကူအညီရယူပြီး ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း အားလျော့စေလျက်ရှိနေပါကြောင်း။

ဆက်လက်၍ အဆိုရှင်က အစိုးရအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ညှိနှိုင်းပြီး ယင်းဥပဒေအပါအဝင် တည်ဆဲဥပဒေအရပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့အစည်းများ၊ အကူအညီပေးသူများ၊ လှုံ့ဆော်သူများ၊ ကြံရာပါများကို တစိုက်မတ်မတ် ဖော်ထုတ်အရေးယူပြီး ပြည်သူများကို ထိရောက်သည့် ကာကွယ်မှုပေးရန်လိုအပ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာ သိရှိအောင် ပြောဆိုနိုင်စွမ်းရှိသည့် သူများကလည်း ရခိုင်ပြည်နယ် မောင်တောဒေသ ဖြစ်စဉ်သည် ရည်ရွယ်ချက်ရှိရှိနှင့် လူမျိုးတစ်မျိုး၊ နယ်မြေတစ်ခု ပေါ်ပေါက်လာရန် မိမိတို့အချုပ်အခြာအာဏာကို လုံခြုံရေးစခန်းများ၊ ကျေးရွာများနှင့် ဒေသခံပြည်သူများကို အကြမ်းဖက် တိုက်ခိုက်ဖျက်ဆီးပြီး ပြဿနာကြီးထွားရန် ဖန်တီးကြသည်ဟု ပြတ်သားစွာ ရှင်းလင်းပြောကြားစေလိုပါကြောင်း။

ယခုကာလအတွင်းတွင် မိမိတို့ကို လူမျိုးတုံးသတ်သည်၊ မုဒိမ်းကျင့်သည်၊ လူ့အခွင့်အရေးဖောက်ဖျက်သည် စသည့်စွပ်စွဲမှုများ မဟုတ်မမှန်ကြောင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် IPU ညီလာခံတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က OIC နိုင်ငံများ၏ စွပ်စွဲချက်များကို တုံ့ပြန်ရှင်းပြသကဲ့သို့ UN မြန်မာအမြဲတမ်းကိုယ်စားလှယ်က လုံခြုံရေးကောင်စီတွင် ၂၀၁၈ ခုနှစ် မေ ၁၆ ရက်က တုံ့ပြန်ဖြေကြားခဲ့ပါကြောင်း၊ ယခုကဲ့သို့ အမှန်တရားများကို နည်းမျိုးစုံဖြင့် ကမ္ဘာက သိစေရန် ဆောင်ရွက်ကာကွယ်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံအဖွဲ့အစည်းအသီးသီး၏ ဖိအားများကို စိုးရိမ်ပြီး အမျိုးသားလုံခြုံရေးကို လျစ်လျူရှုလျက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ၎င်းတို့ကို လွတ်လပ်စွာ သွားလာခွင့်ပြုပြီး လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးအပြည့်အဝ ရရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စိုးရိမ်ဖွယ်ရာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူသောကြောင့် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာခဲ့သည်။ **အေးအေးသန့်**

# မသမာသောနည်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်း ပေါ်ပေါက်ပါက ထိရောက်စွာ အရေးယူလျက်ရှိ

နေပြည်တော် မေ ၃၀

**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ- ၇) များ ထုတ်ပေးရာတွင် မသမာသော နည်းလမ်းများဖြင့် ဆောင်ရွက်ထားရှိမှုများ ပေါ်ပေါက်ပါက ထိရောက်သော အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။**

**အရေးယူဆောင်ရွက်ခြင်းများရှိ**

ထို့ပြင် အကြောင်းအမျိုးမျိုးသော မသမာမှုများဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) ထုတ်ပေးထားမှုများရှိသည်ဟု စစ်ဆေးပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ မသမာမှုများ ဆောင်ရွက်သော ဝန်ထမ်းများနှင့် အဆိုပါ မသမာမှုများအပေါ် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသော ဝန်ထမ်းအဆင့်ဆင့်ကိုလည်း ထိရောက်သော အရေးယူမှုများ ဆောင်ရွက်လျက်ရှိပြီး ထုတ်ပေးထားသော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၇) များအား တောင်သူများမှ ပြင်ဆင်ပြီး စိုက်ပျိုးစရိတ်ချေးငွေများ အလွဲသုံးစားပြုလုပ်ထုတ်ယူနေမှုကို စစ်ဆေးတွေ့ရှိပါက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ ရှိပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး မေးမြန်းသည့် **လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) ထုတ်ပေးထားမှုများအား ပြန်လည်စိစစ်စစ်ဆေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တရားမဝင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရယူပြီး စိုက်ပျိုးစရိတ် ချေးငွေ အလွဲသုံးစားပြု ထုတ်ယူနေမှုများအား ထိရောက်စွာ အရေးယူ အပြစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းအပေါ် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၁၃ ခုနှစ်၊ (ပုံစံ -၇)များ စတင်ထုတ်ပေးစဉ်က ထုတ်ပေးရမည့် ပမာဏများပြားခြင်း၊ တိုတောင်းသော အချိန်ကာလအတွင်း တောင်သူလယ်သမားများ အလျင်အမြန် အကျိုးခံစားနိုင်ရေးအတွက် ကာလတိုအတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ရခြင်း၊ အတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှု အားနည်းသည့် လုပ်အားပေးများ၊ နေ့စားဝန်ထမ်းများ ခေါ်ယူတာဝန်ပေး ဆောင်ရွက်ရခြင်းများ ရှိခဲ့ပါကြောင်း ရှင်းလင်းသည်။

**ပြန်လည်စိစစ်နိုင်ရန်လုပ်ကိုင်လျက်ရှိ**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် အချို့သော တာဝန်ရှိသူများက မသမာမှုများ ပြုလုပ်ခဲ့ခြင်း၊ အင်္ဂလိပ်ခေတ်က တိုင်းတာ ရရှိခဲ့သော ခေတ်ဟောင်းမြေပုံများအပေါ် အခြေပြုခဲ့ရခြင်းစသည့် အကြောင်းမျိုးစုံတို့ကြောင့် အချို့သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များမှာ ဧရိယာကိန်းဂဏန်းများ မှားယွင်းပြီး ပြင်ရာ၊ ဖျက်ရာများ အပါအဝင် အမှားအယွင်း များစွာဖြစ်ပေါ်ခဲ့သည့် အခြေအနေများ ရှိခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထုတ်ပေးပြီးသမျှ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် ရှင်းလင်းဖြေကြားစဉ်။

(ပုံစံ-၇)များအားလုံးကို တစ်ခုချင်းအလိုက်၊ ဦးပိုင်အလိုက် ပြန်လည်စိစစ်ရမည်ဆိုပါက အချိန်ကာလ၊ ဝန်ထမ်းအင်အား၊ ကျခံသုံးစွဲရမည့် ငွေကြေးပမာဏ လိုအပ်ချက်များစွာ ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်ကြားခံရခြင်း၊ မမှန်မကန်ဆောင်ရွက်ထားကြောင်း ပေါ်ပေါက်ခြင်း၊ သံသယဖြစ်ဖွယ်ရှိခြင်းနှင့် လုပ်ငန်း လိုအပ်ချက်ပေါ်ပေါက်ခြင်း စသည့်ကိစ္စရပ်များအပေါ် အခြေတည်၍ ပြန်လည်စိစစ် ဆောင်ရွက်နိုင်ရန် စီမံလုပ်ကိုင်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တောင်သူများမှ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ အလွဲသုံးစားပြု ထုတ်ယူခြင်းများအား ကာကွယ်စစ်ဆေးနိုင်ရန်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိစစ်ပေးပါရန် အကြောင်းကြားလာပါက အရေးယူဆောင်ရွက်မှုများ ရှိပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင် စာရင်းပုံစံ (၅) မှတ်တမ်းဖြင့် တိုက်ဆိုင်လျက် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**စနစ်တကျဆောင်ရွက်ပေးခဲ့**

တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများအတွက် လက်ရှိ အသုံးပြုခွင့် ရရှိထားသည့် လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ၊ အခန်း(၂)၊ အပိုဒ်(၃)မှ အပိုဒ်(၁၄)အထိ ပြဋ္ဌာန်းချက်ပါအတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စနစ်တကျ စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲသွင်**

# တပ်မတော်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဆဋ္ဌမအကြိမ် အလုပ်ရုံဆွေးနွေး

ရန်ကုန်  မေ  ၃၀

**နှစ်ဦးနှစ်ဖက်အပြန်အလှန် ထိတွေ့ဆက်ဆံမှုနှင့် ယုံကြည်မှုတည်ဆောက်သည့်အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစာပေတိုက်ဥက္ကာကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးအုန်းကြိုင်နှင့် ဒေါက်တာမျိုးသန့်တင်၊ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်ချုပ်ထွန်းထွန်းညီနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။** (အောက်ပုံ)




ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအုန်းကြိုင်နှင့် ဒေါက်တာမျိုးသန့်တင်တို့က အမှာစကားပြောကြားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးက တက်ရောက်လာသော သတင်းမီဒီယာများနှင့်အဖွဲ့ဝင်များအား မိတ်ဆက်ကာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့်တွေ့ဆုံမှုသည် ခြောက်ကြိမ်မြောက်ဖြစ်သည့်အတွက် တစ်ဖက်နဲ့တစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်လာကြောင်းနှင့် အပြန်အလှန်အချိန်ပေး၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းညီက Access to Information နှင့် တပ်မတော်နှင့် ပူးပေါင်းပြီး သတင်းမီဒီယာများလွတ်လပ်စွာသတင်းရယူခွင့်နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သတင်းစီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ကိစ္စရပ်များ၊ တပ်မတော်နှင့် သတင်းမီဒီယာကောင်စီဝင်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဥပဒေဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က နိဂုံးချုပ်စကားပြောကြားရာတွင် ယနေ့ ဆဋ္ဌမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲသည် အောင်မြင်ပါကြောင်းနှင့် တစ်ဖက်နှင့်တစ်ဖက် သဘောထားကို ညှိနှိုင်း၍ရပါကြောင်း၊ သတင်းမီဒီယာများကို အကောင်းဆုံးထိန်းသိမ်းကြပ်မတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးက နိဂုံးချုပ်စကားပြောကြားရာတွင် သတင်းမီဒီယာအစည်းအဝေး ပထမဆုံးအကြိမ်မှ ယခုအကြိမ်ထိ ဆက်ဆံရေးကနေ ယုံကြည်မှုကို တဖြည်းဖြည်း ရောက်လာသည့်အတွက် ဝမ်းသာပါကြောင်း ပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်နားသည်။ ယခုအကြိမ် ဆွေးနွေးပွဲသည် ခြောက်ကြိမ်မြောက်ဖြစ်ပြီး တပ်မတော်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်၍လည်း အခါအားလျော်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော်  မေ  ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)၏ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုးကန့်လူငယ်အသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးစီးသော အဖွဲ့ဝင် စုစုပေါင်း ၁၀၆ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၄၂၀၂ ဦးနှင့် ပြည်ပဧည့်သည် ၁၅၇၆ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

အောက်တိုဘာ ၂၄ ရက်တွင် လာအိုအသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ပါလက်စတိုင်းအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးများ ရှိနေသည်။

**ဒုတိယအဆင့်ခြေစစ်ပွဲတက်ရောက်ခွင့်ရ**

ခြေစစ်ပွဲကျင်းပမည့် ပုံစံအရအုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယနေရာရနှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့် ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ခြေစစ်ပွဲအောင်အသင်းတွင် ပါဝင်လာပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာရအသင်း တွက်ချက်ရာတွင် အဆင့် (၃) နေရာရအသင်းပါ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရ**

ခြေစစ်ပွဲ (ပထမအဆင့်) တွင် အသင်း ၂၀ ကျော် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အိမ်ရှင်ထိုင်း၊ တရုတ်၊ မြောက်ကိုရီးယားနှင့် ဂျပန်အသင်းတို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည်။

**ရဲရင့်ရှိုင်း**

*စာမျက်နှာ ၇ မှ*

ထုတ်လုပ်၍ ဈေးကွက်တင်ပို့ရောင်းချနိုင်ရေးအတွက် GAP Protocal နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ G.A.P စနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်ရာတွင် လက်ရှိအခြေအနေထက် ကျယ်ပြန့်နေသည့်အတွက် လုပ်ငန်းအစီအမံများကို အဆင့်လိုက် မြှင့်တင်ဆောင်ရွက်သွားမှသာ ထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဌာနတွင် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုဆိုင်ရာ အပိုင်းများကို လေ့ကျင့်ဖြည့်ဆည်းပေးရမည့် အခြေအနေများ ရှိနေသေးပါကြောင်း။

အဆိုပါစနစ်ကို လက်ခံကျင့်သုံးကြမည့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နည်းစနစ်များကို သဘောတူ နားလည်လက်ခံ၍ လိုက်နာကျင့်သုံးရန်လည်း အရေးကြီးပါကြောင်း၊ ထို့ပြင် ဌာနအနေဖြင့် စမ်းသပ်စစ်ဆေးမှုဆိုင်ရာ အထောက်အကူ



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး

ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် မိမိတို့တွင်ရှိသည့် ဘဏ္ဍာငွေကြေးပိုင်း အကန့်အသတ်များလည်း ရှိနေသေးသည့်အတွက် လက်ရှိဆောင်ရွက်နေမှုအပေါ်တွင် ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းထက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အခြေခိုင်မာစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အခြေအနေရှိနေဆဲ ဖြစ်ပါကြောင်း။

G.A.P စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများသည် လက်ရှိဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက်ရှိနေဆဲ ဖြစ်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲ အရင်းအမြစ်များကို အသုံးချ၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ G.A.P စနစ်ကို စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ သိရှိနားလည် လက်ခံကျင့်သုံးနိုင်စေရန် ပညာပေး လုပ်ငန်းများကို အဆင့်လိုက် အခြေခိုင်မာအောင်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်

ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေသည့် အချိန်အခါနှင့် ကိုက်ညီမှုရှိနေသည့် အနေအထားတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး၏အဆိုသည် မိမိတို့လုပ်ငန်းအပေါ် အားဖြည့်ပေးသည့် အဆိုတစ်ရပ်ဖြစ်နေသည့်အတွက် အဆိုအပေါ် မိမိတို့ဝန်ကြီးဌာနမှ ထောက်ခံပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၈၆ မဲ၊ ကန့်ကွက်မဲတစ်မဲနှင့် ကြားနေမဲနှစ်မဲဖြစ်၍ ထောက်ခံမဲများသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးဒသမနေ့ကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကျင်းပ

ဘားအံ  မေ  ၃၀

**ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

**ပြန်လည်ဖြေကြား**

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးမှ ကြယ်ပွင့်ပြထားသည့် မေးခွန်းခုနစ်ခုကို မေးမြန်းရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခဲ့ပြီး ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ)အတွက် ကရင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အဆိုတင်သွင်းရာ သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလှမြင့်နှင့် မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်တို့က ယင်းငွေစာရင်းနှင့် ဥပဒေကြမ်းတို့ကို အသီးသီးထောက်ခံခဲ့သဖြင့် ယင်းဥပဒေကြမ်းများကိုအတည်ပြုရန် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ယင်းဥပဒေကြမ်းများအား အတည်ပြုကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကကြေညာခဲ့သည်

**အစည်းအဝေးပြီးစီး**

ထို့နောက် ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်သတ္တမပုံမှန် အစည်းအဝေးကျင်းပပြီးစီးကြောင်း ကြေညာခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

မော်လမြိုင်  မေ  ၃၀

**ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၃၀ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ မွန်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ငါးဦးက ကြယ်ပွင့်ပြမေးခွန်းငါးခုကို မေးမြန်းကြရာ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လ (အောက်တိုဘာလမှ မတ်လအထိ) အစီရင်ခံစာကိုတင်သွင်းရာ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဝင်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူး မျိုးဇော်အောင်အစား ဗိုလ်မှူးကြီး တင်ထွဋ်ကို လည်းကောင်း၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးဇော်အောင်အစား ဗိုလ်မှူးစိုးသူရကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေး ကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြတ်မိုးအစား ဗိုလ်မှူးမြတ်သူရခိုင်ကို လည်းကောင်း အစားထိုး လဲလှယ်လိုက်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရုပ်နားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# (၅) နှစ်မြောက် ရခိုင်အမျိုးသားနေ့ အခမ်းအနား စစ်တွေ၊ မြောက်ဦး၊ ပေါက်တောနှင့် မောင်တောတို့၌ ကျင်းပ

**စစ်တွေ မေ ၃၀**

(၅) နှစ်မြောက် ရခိုင်အမျိုးသားနေ့ အခမ်းအနားကို ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၊ မြောက်ဦးမြို့၊ ပေါက်တောမြို့နှင့် မောင်တောမြို့တို့၌ ကျင်းပသည်။

စစ်တွေမြို့၌ ရခိုင်အမျိုးသားနေ့ကို နံနက် ၇ နာရီတွင် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး ရင်ပြင်၌ ကျင်းပရာ ရခိုင်သမိုင်းသုတေသီစာရေး ဆရာကြီး ဦးမောင်ဗသိန်းက ရခိုင်အပြော သဒ္ဒါကျမ်းအကြောင်းကို ရှင်းလင်းပြော ကြားပြီး ဦးလှဝင်းက ရခိုင်အပြောသဒ္ဒါ ပါရဂူ (Ph.D) ဘွဲ့ ကျမ်းပြုသူ ဒေါက်တာ စန္ဒာဌေး လက်ထောက်ကထိက မြန်မာ စာဌာန စစ်တွေတက္ကသိုလ်၏ ကိုယ်ရေး အကျဉ်းကိုဖတ်ကြားကာ ဒေါက်တာ စန္ဒာဌေးအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

ဆက်လက်၍ စစ်တွေမြို့ (ပုသိမ်) ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပဏ္ဍိတက ရခိုင်အမျိုးသားနေ့နှင့် ပတ်သက်၍ ဩဝါဒမိန့်ကြားပြီး ရခိုင် အမျိုးသားနေ့ ကျင်းပရေး ကော်မတီ ကိုယ်စား ဦးစိုးနိုင်က ပွဲတော်ကျင်းပ ရခြင်းအကြောင်းကို ရှင်းလင်းပြောကြား သည်။

အခမ်းအနားသို့ စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

မြောက်ဦးမြို့၌ ရခိုင်အမျိုးသားနေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် မင်္ဂလာအောင်မြေ နန်းသာကန် ဘုန်း တော်ကြီးကျောင်းတိုက် ဓမ္မာရုံအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်အမျိုးသား နေ့အတွက် ပါတီ၊ လူမှုရေးအသင်းအဖွဲ့ များမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ဆရာဦးထွန်းလှိုင်က ဖတ်ကြားသည်။ ထို့နောက် မင်္ဂလာအောင်မြေနန်းသာ ကန်ကျောင်းတိုက် ဆရာတော်က ရခိုင် အမျိုးသားနေ့ဆိုင်ရာ ဩဝါဒကို မြွက် ကြားချီးမြှင့်ကာ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ ဦးဆောင်သူ ဦးထွန်းနေမင်းက ရခိုင်စာပေခေါင်းစဉ်ဖြင့် ရခိုင်သမိုင်း၊ ရခိုင်စာပေနှင့် ကျောက်စာများ အကြောင်း သိကောင်းစရာများကို ဂုဏ်ပြုဟောပြောသည်။

ယင်းအခမ်းအနားသို့ နန်းသာကန် ကျောင်းတိုက်ဆရာတော်နှင့် ပင့်ဖိတ် ထားသော ဆရာတော် သံဃာတော်များ၊ ပွဲဖြစ်မြောက်ရေးကော်မတီ ဦးထွန်းနေ မင်း၊ ဦးဦးထွန်းလှိုင်နှင့် မြောက်ဦးမြို့နယ် အတွင်းရှိ ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ပေါက်တောမြို့၌ ရခိုင်အမျိုးသားနေ့ အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင်



စစ်တွေမြို့၌ (၅) နှစ်မြောက် ရခိုင်အမျိုးသားနေ့အခမ်းအနားတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

ပေါက်တောမြို့နယ်ခန်းမ၌ ကျင်းပ သည်။

ယင်းအခမ်းအနားတွင် သဘာပတိ က အဖွင့်အမှာစကားပြောကြားပြီး ရခိုင်အမျိုးသားနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားသည်။

ထို့နောက် ရခိုင်အမျိုးသားနေ့ဖြစ် ပေါ်လာပုံနှင့် စပ်လျဉ်း၍ ဆရာတော် ဦးတေဇိန္ဒက ရှင်းလင်းပြောကြားခြင်း၊ ရခိုင်အမျိုးသမီးငယ်အဖွဲ့က ရခိုင်ယိမ်း အကဖြင့် ကပြဖျော်ဖြေခြင်း၊ ရခိုင်အမျိုး သားနေ့ အထိမ်းအမှတ်စာစီစာကုံး ပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြပွဲ၊ ရခိုင် သီချင်း အဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖ များနှင့် ပြည်သူအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

မောင်တောမြို့ ၌ ရခိုင်အမျိုးသား နေ့အခမ်းအနားကို နံနက်ပိုင်းက ရခိုင် ပြည်နယ် မောင်တောမြို့သာသနာ့ဗိမာန် တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်အမျိုးသား နေ့ ကျင်းပရေးအဖွဲ့မှ သဘာပတိ ဦးအောင်ညွန့်သာက ရခိုင်အမျိုးသားနေ့ ကျင်းပရခြင်းနှင့် ပတ်သက်၍ ဟောပြော ပြီး မောင်တောမြို့ အမှတ် ၁ အခြေခံ ပညာအလယ်တန်းကျောင်းခွဲမှ ကျောင်း သူများက ရခိုင်ရိုးရာ ယိမ်းအကဖြင့်လည်း ကောင်း၊ ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ယိမ်းအကဖြင့် လည်းကောင်း ကပြ ဖျော်ဖြေကြသည်။

အဆိုပါအခမ်းအနားသို့ မောင်တော မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ရခိုင် အမျိုးသားနေ့ ကျင်းပရေးအဖွဲ့နှင့် ဒေသခံ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ရခိုင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံမှာ ၂၀၁၄ ခုနှစ် ဧပြီ ၂၇ ရက်မှ မေ ၁ ရက် အထိ ကျောက်ဖြူမြို့ ၌ ငါးရက်ကြာ ကျင်းပသည့် ရခိုင်အမျိုးသားညီလာခံက ရခိုင်ဘုရင် စန္ဒသူရိယမင်းလက်ထက် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး သွန်း လုပ်ပြီးစီးသည့် မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လပြည့်နေ့ကို ရခိုင် အမျိုးသားနေ့အဖြစ် နှစ်စဉ်ကျင်းပနိုင်ရေး အတွက် တညီတညွတ်တည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**တင်ထွန်း(ပြန်/ဆက်)**
**မြောက်ဦးခရိုင်(ပြန်/ဆက် )**
**ပေါက်တောမြို့နယ် (ပြန်/ဆက်)**
**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ-သက်လွင်စိုး**
**(မောင်တော ခရိုင်ပြန်/ဆက်)**

---

● *ကျောဖုံးမှ*

ဟိန္ဒူဘာသာဝင်များနှင့် အခြားပြည်နယ် နှင့်တိုင်းဒေသကြီးများသို့ နေရပ် စွန့်ခွာ သွားသူများလည်းရှိရာ ပြန်လည်နေရာ ချထားရန် စီစဉ်ခဲ့ပြီးဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသွား သူများကိုလည်း ပြန်လည်နေရာချထား ရာတွင် နှစ်နိုင်ငံသဘောတူညီချက်ပါ အချက်များအတိုင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုလက်ရှိဝင်ရောက်လာ သူ ၆၂ ဦးကိုပြန်လည်နေရာချထားရေးအစီ အစဉ်များ စီမံဆောင်ရွက်ပေးလျက်ရှိရာ လုံခြုံရေးသည် အရေးကြီးသဖြင့် စနစ် တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းတို့အား မိမိတို့နေရပ်တွင် ပုံမှန် အတိုင်းပြန်လည်လုပ်ကိုင်စားသောက် နေထိုင်နိုင်စေရန် တစ်ဦးချင်းကို ဆွေးနွေးညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ် များကို နားလည်သည်အထိ ရှင်းပြဆောင် ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တစ်ဖက် နိုင်ငံတွင် မိသားစုကျန်ရစ်ခဲ့သူများကို သံတမန်နည်းလမ်းဖြင့် တာဝန်ရှိသူများ က ဆက်သွယ်၍ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ နေအိမ်ရှိသူ များကို စနစ်တကျမှတ်တမ်းတင်စိစစ် ပြီးပါက ၎င်းတို့မိသားစုဝင်များထံ အပ်နှံ ပေးမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုအခါ လုံခြုံရေးနှင့် ပတ်သက်၍ နယ်စပ်ခြံစည်းရိုးများလုံခြုံရေးကိုလည်း ပိုမို အလေးထား ဆောင်ရွက်နေပြီဖြစ်ပါ ကြောင်း။

လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန အနေဖြင့် ဝင်ရောက်လာသူများကို ၎င်းတို့ ၏ ဆန္ဒအရ NV ကတ်များ လုပ်ဆောင် ပေးပြီး ဥပဒေအရ နိုင်ငံသားဖြစ်မှု လျှောက်ထားစေပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သော ပစ္စည်းများထောက်ပံ့ခြင်း၊ စိတ်ပိုင်း ဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းမိစေရန် ဆက်သွယ် ပေးခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှု ပေးခြင်း၊ ဖြစ်ရပ်စီမံခန့်ခွဲပေးခြင်း၊ ကိုယ်ဝန်ဆောင် ထောက်ပံ့ကြေးပေးခြင်း၊ သက်ကြီးဘိုးဘွားများရှိပါက လူမှုရေး ပင်စင်ရရှိအောင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

နေအိမ် မီးလောင်သူများအား ပြန်လည်နေရာချထားရာတွင် ၎င်းတို့ လုပ်အားဖြင့် အစိုးရကငွေကြေးပံ့ပိုးကာ (Cash for Work) အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ်တွင် ပါရှိသည့် အတိုင်း ၎င်းတို့နေထိုင်ခဲ့သည့် နေရာနှင့် အနီးစပ်ဆုံးနေရာများတွင် ပြန်လည် နေရာချထားပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့ အား ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေ ရန်နှင့် စည်းကမ်းတကျနေထိုင်နိုင်ရေးနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရန် အတွက် ယခုတက်ရောက်လာသူများက အမှန်တကယ် လက်တွေ့အကောင် အထည်ဖော်ကြရမည့် လုပ်ငန်းကော်မတီ ဝင်များဖြစ်၍ ရေရှည်ကိုမြော်တွေးကာ စိတ်ရှည်သည်းခံမှုဖြင့် လည်းကောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လည်းကောင်း တရားဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရန် တိုက်တွန်းစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်နေရာချထားရေး ဆောင်ရွက်ပေးရာတွင် အနာဂတ်နှင့် ရေရှည်အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးရန် မေတ္တာရပ်ခံလိုပါ ကြောင်း၊ ကြုံတွေ့လာမည့်အခက်အခဲ များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် နှင့် လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်နှင့် ကော်မတီအတွင်း ဆွေးနွေးအကြံပြုချက်များကို ပူးပေါင်း လုပ်ဆောင်ပေးရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ ဝင်အဖြစ်လိုက်ပါလာသော ညွှန်ကြား ရေးမှူး ဒေါက်တာအောင်သူရိန်သည် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ မှုဦးစီးဌာနမှူး၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးတို့နှင့်အတူ စစ်တွေ မြို့နယ် သာယာကုန်းကျေးရွာနှင့် သင်္ဂနက်ကျေးရွာများသို့ သွားရောက်၍ ရခိုင်တိုင်းရင်းသားများ၊ ကမန်တိုင်းရင်း သားများနှင့်တွေ့ဆုံကာ လူမှုရေးဆိုင်ရာ အခက်အခဲများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျောင်းအပ်နှံရေး အဆင်ပြေစွာဆောင် ရွက်နိုင်ရေး၊ ဆရာ ဆရာမများလုံလောက် စွာခန့်ထားနိုင်ရေး၊ စာသင်ဆောင်များ၊ ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်း ပေးနိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ ဝန်ကြီးဌာန က ဖော်ဆောင်လျက်ရှိသော ရခိုင် ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်းနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မောင်တောခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိ သူများသည် မောင်တောမြို့ပေါ်ရှိဟိန္ဒူ ကယ်ဆယ်ရေးစခန်းပြုပြင်နိုင်ရန် ဝါး အလုံး ၁၂၀၀ အတွက် တန်ဖိုးငွေကျပ် ၄၈၀၀၀၀ ကို သွားရောက်ထောက်ပံ့ပေး ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မုန်တိုင်းတိုက်ခတ်ပြီး ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်

**ပေလီ မေ ၃၀**

ပေလီမြို့အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ် ( Land Depression ) အရှိန်ကြောင့် ဂျိတ္တော့ရပ်ကွက်ရှိ နေအိမ်တစ်လုံးနှင့် လင်းသာ ရပ်ကွက်ရှိနေအိမ်နှစ်လုံးတို့မှာ အုန်းပင်ပိမိပြီး ဂေါ့ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှာ သစ်ပင်ပိ၍ ပြိုလဲပျက်စီးခဲ့ကာ ပေလီမြို့လမ်းမကြီးပေါ်တွင်လည်း ဓာတ်မီးတိုင်များ၊ သစ်ပင်များ ပြိုလဲနေသည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး ၊ ယာဉ်လမ်းပိတ်ဆို့ မှုမရှိစေရေးအတွက် လမ်းပေါ်ရှိသစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းကို မေ ၃၀ရက် နံနက် ၈ နာရီမှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ ပေလီမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူလှိုင်နှင့် ဝန်ထမ်းများ၊ မြို့မီးသတ်ဦးစီးမှူး မြတ်သူထိုက်နှင့်တပ်ဖွဲ့ဝင်များ၊ ပေလီမြို့ ပြန်/ဆက်ဦးစီးမှူး ဦးရန်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများပူးပေါင်း၍ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့သည်။ မုန်တိုင်းငယ်အရှိန်ကြောင့် လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန် အသေအပျောက်မရှိသော်လည်း နေအိမ်များ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာငွေကျပ် ၂၂ သိန်းကျော်ခန့် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

**နေမျိုးအောင် (ပြန်/ဆက်)**



---

## (၁၅)ကြိမ်မြောက် ကျပ် ၅၀၀တန်ထီဖွင့်ပွဲတွင် ကျပ်သန်းပေါင်း ၁၁၀၄၅ သန်းကျော် ချီးမြှင့်ပေးမည်

**ရန်ကုန် မေ ၃၀**

(၁၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၁၅)ကြိမ်မြောက် ကျပ် ၅၀၀တန်ထီဖွင့်ပွဲတွင် (“က”အက္ခရာမှ “အ”အက္ခရာ၊ “ကက” အက္ခရာမှ “ကဌ”အက္ခရာထိ) စုစုပေါင်းအက္ခရာလုံးရေ ၄၅ လုံးထိ စာအုပ်ပေါင်း ၃၆၈၁၀၁၀ အုပ်ကိုထီထိုးသူများကံစမ်းနိုင်ရန်အတွက် ထုတ်ဝေ ရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့သည်။ ထီလက်မှတ်စာအုပ် ရောင်းရငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၈၄၀၅ ဒသမ ၀၅၀ ဖြစ်ပြီး ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်း ထီဆုငွေ အဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာကျပ်သန်းပေါင်း ၁၁၀၄၅ ဒသမ ၄၃၀ ဖြစ်သည်။

ချီးမြှင့်ပေးမည့် ထီဆုငွေများ အထူးဆုကြီးစနစ်မှ ကျပ်သိန်းတစ်သောင်းတစ်ဆု၊ ကျပ်သိန်းငါးထောင်နှစ်ဆု၊ ကျပ်သိန်းသုံးထောင်နှစ်ဆု၊ ကျပ်သိန်းတစ်ထောင်ငါးဆုနှင့် ဆုတစ်ဆုချင်းစနစ်မှ ကျပ်သိန်းငါးရာ၊ ကျပ်သိန်းသုံးရာ၊ ကျပ်သိန်းတစ်ရာ၊ ကျပ်သိန်း ငါးဆယ်၊ ကျပ်သိန်းသုံးဆယ်၊ ကျပ်ဆယ်သိန်းနှင့် ဝေဝေဆာဆာပဒေသာဆုမဲများဖြစ် သည့် ကျပ်သုံးသိန်း၊ ကျပ်နှစ်သိန်း၊ ကျပ်တစ်သိန်းနှင့် ကျပ်ငါးသောင်းဆုမဲများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပလတ်စတစ်ညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြစို့

**မယု (စက်မှု)**

ကမ္ဘာပေါ်တွင် သက်ရှိ သက်မဲ့ပေါင်း မြောက်မြားစွာတို့သည် ရေ၊ လေ၊ မြေ၊ တောတောင်စသည့် ဝန်းကျင်ရပ်ဝန်းနှင့်အတူ အပြန်အလှန် အပေးအယူမျှတစွာဖြင့် အမှီသဟဲပြုနေထိုင်လာသည်မှာ နှစ်သန်းပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ သက်တမ်းကြာမြင့်ပြီဖြစ်သည့် မိမိတို့၏ မိခင်ကမ္ဘာကြီး ရေရှည်တည်တံ့စေရန် အရေးကြီးဆုံးအပိုင်းဖြစ်သည့် လူသားတို့၏ မဆင်မခြင်လုပ်ရပ်များနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ယိုယွင်းလာမှုကို အချိန်မီကုစားနိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် ယနေ့ ကမ္ဘာကြီးအတွက် အထူးအရေးတကြီး လိုအပ်လာပါသည်။

**အပြန်အလှန်အကျိုးပြု**

ကမ္ဘာမြေကြီး၏ ဂေဟစနစ်ဆိုသည်မှာ ဇီဝဆိုင်ရာ သဘာဝပတ်ဝန်းကျင်တစ်မျိုးဖြစ်ပြီး ဒေသတစ်ခုအတွင်း နေထိုင်ကြသော သက်ရှိများနှင့် သက်မဲ့များအားလုံး ပါဝင်ကာ သက်ရှိများအတွက် သောက်သုံးရန် ရေ၊ ရှူရိုက်ရန် လေ၊ နေထိုင်ရာ မြေ၊ နားခိုရန် သစ်ပင်တို့သာမက လူသားတို့အတွက် အဖိုးတန်သယံဇာတများ၊ စွမ်းအင် စသဖြင့် လိုအပ်ချက်အဖုံဖုံကို ဖြည့်ဆည်းပေးနေသည့် သဘာဝပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများပါဝင်ပြီး လူသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဂေဟဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ တစ်နည်းအားဖြင့် လူသားများနေထိုင်ရာ ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်တို့သည် **"ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"** ဆိုသလို အပြန်အလှန်ဆက်နွှယ်ပြီး အပြန်အလှန်အကျိုးပြုနေကြသည်မှာ လူသားတိုင်း၏ မျက်မြင်ပင်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များသည် နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် အထူးလိုအပ်လာသည်နှင့်အညီ ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်မှ ၁၇ ရက်အထိ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ဦးဆောင်၍ ကျင်းပခဲ့သည့် ပထမအကြိမ် လူသားပတ်ဝန်းကျင် ညီလာခံမှ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို **ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**ဟု ခေါ်ဆိုသမုတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) မှ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကမ္ဘာသူ ကမ္ဘာသားများ နားလည်သဘောပေါက်မှု တိုးမြှင့်ကာ ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို အခြေအနေနှင့်



အချိန်အခါအလိုက် ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအပေါ် မူတည်ပြီး နှစ်အလိုက် မတူညီသော အထိမ်းအမှတ်ဆောင်ပုဒ် (Theme) နှင့် ကြွေးကြော်သံ ဆောင်ပုဒ် (Slogan) များ သတ်မှတ်ကာ နိုင်ငံအသီးသီးတွင် အလှည့်ကျစနစ်ဖြင့် လက်ခံကျင်းပလျက်ရှိပါသည်။

**မီးမောင်းထိုးပြ**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် **"Beat Plastic Pollution"** **"ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့"** ဟူ၍ သတ်မှတ်ခဲ့ပါသည်။ ဆိုလိုသည်မှာ ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများအား ပျက်စီးစေသော၊ လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၏ အန္တရာယ်ကို ပြည်သူများ သိရှိနိုင်စေရန် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းတို့ အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ယခုနှစ် ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာပေါ်တွင် ဒုတိယမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှု၏ အန္တရာယ်ဆိုးတစ်ခုဖြစ်သည့် ပလတ်စတစ်ညစ်ညမ်းမှုများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ပြန်လည်သုံးစွဲခြင်း လုပ်ငန်းစဉ်များတွင် ဖောင်းပေးပြီး ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

**"ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများအား ပျက်စီးစေသော၊ လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၏ အန္တရာယ်ကို ပြည်သူများ သိရှိနိုင်စေရန် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းတို့ အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ယခုနှစ်ဆောင်ပုဒ်မှ မီးမောင်းထိုးပြထား"**

**ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှု**

ပလတ်စတစ်ဟူသော ဝေါဟာရသည် ဂရိဘာသာစကားမှ ဆင်းသက်လာပြီး **ပုံသွန်းရန်သင့်သောပစ္စည်း**ဟု အနက်အဓိပ္ပာယ်ဆောင်ပါသည်။ ပလတ်စတစ်များကို ကမ္ဘာပေါ်တွင် ၁၉၅၀ ဝန်းကျင်ကတည်းက စတင်သုံးစွဲခဲ့ပြီး ယနေ့ လက်ရှိအချိန်တွင် ပလတ်စတစ်ကို အစားအစာများထုပ်ပိုးမှု (Packing) ပြုလုပ်ရာတွင် အများဆုံးသုံးစွဲပြီး စုစုပေါင်း ပလတ်စတစ်သုံးစွဲမှု၏ ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ နှစ်စဉ် ကမ္ဘာပေါ်တွင် ပလတ်စတစ်အိတ် ဘီလီယံ ၅၀၀ ခန့်ကို သုံးစွဲနေကြပြီး ၅၀ ရာခိုင်နှုန်းမှာ တစ်ခါသုံး ပလတ်စတစ်အိတ်များဖြစ်ကြောင်း၊ တစ်မိနစ်တိုင်း ပလတ်စတစ်ဘူး တစ်သန်းကို ဝယ်ယူသုံးစွဲပြီး ၂၀၁၆ ခုနှစ်တွင် ရေသန့်ဘူး ၄၈၀ ဘီလီယံ ကမ္ဘာတစ်ဝန်း ရောင်းချခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပလတ်စတစ်ထုတ်လုပ်မှု အများဆုံးဖြစ်ပြီး ကမ္ဘာတစ်ဝန်း ပလတ်စတစ်ထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

**ပလတ်စတစ်အန္တရာယ်**

- စွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများသည် ပင်လယ် သမုဒ္ဒရာအတွင်းသို့ နှစ်စဉ် တန်ပေါင်း ၁၃ သန်းခန့် မျောဝင်စီးဆင်းနေပြီး အမှိုက်ထုကြီးသဖွယ် စီးမျောနေသဖြင့် ရေနေသတ္တဝါများနှင့် ပင်လယ်ကူးသင်္ဘောများအတွက် ဘေးအန္တရာယ်ရှိခြင်း၊ တစ်နည်းအားဖြင့် အဏ္ဏဝါဂေဟစနစ်ကို ယိုယွင်းပျက်စီးစေခြင်း၊
- ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကော်စေ့သည် သဘာဝသယံဇာတဖြစ်သည့် ရေနံစိမ်းမှ ထုတ်ယူသုံးစွဲရသဖြင့် သဘာဝသယံဇာတ လျော့နည်းစေခြင်း၊
- မိုးတွင်းအခါ စွန့်ပစ်ပလတ်စတစ်အိတ်များကြောင့် ရေမြောင်းများပိတ်ဆို့ပြီး ရေကြီး ရေလျှံမှုများနှင့်အတူ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေခြင်း၊
- ပလတ်စတစ်များသည် နှစ်ပေါင်း ၅၀၀ ကျော်မှ ပျက်စီးနိုင်သည့်အတွက် အမှိုက်များ မြေမြှုပ်မှုနှင့်အတူ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများ မြေမြှုပ်ဖျက်ဆီးခြင်းကြောင့် အပင်မျိုးစေ့များ မထွက်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေခြင်း၊
- ပလတ်စတစ်အိတ်များဖြင့် အစားအစာများ ထုပ်ပိုးမှုကြောင့် ပလတ်စတစ်အိတ်များတွင်ပါရှိသည့် ဓါတ်ကြောင့် ကင်ဆာရောဂါကို ဖြစ်ပွားစေခြင်း စသည့် ဆိုးကျိုးများကို ခံစားကြုံတွေ့စေမည် ဖြစ်သည်။

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့**

ပလတ်စတစ်သုံးစွဲမှုကို လျှော့ချနိုင်ရန် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ လိုက်နာကျင့်သုံးနေသည့် Reject၊ Reduce၊ Reuse၊ Recycle၊ Return ဟူသည့် R ငါးလုံးနည်းလမ်းဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

- အစားအစာများကို ဝယ်ယူရာတွင် ရောင်းချသူများမှ တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ တစ်ခါသုံး ပလတ်စတစ်ဘူးများဖြင့် ထုပ်ပိုးမှုကို တတ်နိုင်သလောက် ငြင်းပယ်ပါ။ (Reject)
- ပလတ်စတစ်သုံးစွဲမှု လျော့နည်းလာစေရေးအတွက် ယခင်ကတည်းက ထုပ်ပိုးလာသည့် အင်ဖက်၊ ငှက်ပျောဖက်များဖြင့် ထုပ်ပိုးမှုစနစ်ကို ပြန်ကျင့်သုံးရန်၊ အော်ဂဲနစ် ပလတ်စတစ်အိတ်များဖြင့် အစားထိုးသုံးစွဲရန်၊ (Reduce)
- တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ တစ်ခါသုံး ပလတ်စတစ်ဘူးများကို တစ်ခါသုံးစွဲခြင်းဖြင့် စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်သုံးစွဲရန်၊ (Reuse)
- တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ တစ်ခါသုံး ပလတ်စတစ်ဘူးများကို ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ကုန်ကြမ်းအဖြစ် ပြန်လည်သုံးစွဲပါ။
- (Recycle)
- အသုံးပြုပြီး ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများအား Recycle ပြုလုပ်နိုင်သည့် နေရာသို့ စုစည်းပို့ဆောင်ပါ။ (Return)

ကမ္ဘာတစ်ဝန်း အကောင်အထည်ဖော်နေသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် ၁၄ တွင် **ပင်လယ်၊ သမုဒ္ဒရာနှင့် အဏ္ဏဝါအရင်းအမြစ်များကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး**၊ ပန်းတိုင် ၁၅ တွင် **ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ရေရှည်တည်တံ့ရေး၊ မြေဆီလွှာဆုံးရှုံးမှုကို ရပ်တန့်ရန်** စသည့် ရည်မှန်းချက်ပန်းတိုင်တို့ကို အထက်ဖော်ပြပါ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းစဉ်များမှတစ်ဆင့် အရောက်လှမ်းနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ ပတ်ဝန်းကျင်ယိုယွင်းမှု၊ ညစ်ညမ်းမှု မရှိစေရေးအတွက် လူတစ်ဦးချင်းမှ ပလတ်စတစ်သုံးစွဲမှု၊ ထုတ်လုပ်မှုများကို လျော့နည်းပပျောက်လာအောင် အမူအကျင့်တစ်ခုအနေဖြင့် လိုက်နာဆောင်ရွက်ရင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တောင်သူများနှင့်ပူးပေါင်း၍ စပါးမျိုးရွေးချယ်

**နေပြည်တော် မေ ၃၀**

မြေ၊ မျိုး၊ ပိုး၊ ရောဂါ၊ အာဟာရ၊ စိုက်နည်းစနစ်များနှင့်ပတ်သက်၍ တောင်သူများ၏ အခြေခံအသိများကို သိပ္ပံနည်းကျ စဉ်းစားတွေးခေါ်မှုများနှင့် ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်တတ်လာစေရန်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အဓိကတာဝန်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တောင်သူပညာပေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တောင်သူဦးကြီးများကို ဖိတ်ခေါ်၍ အခြေခံစိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများနှင့် မျိုးရွေးချယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးဇီဝသိပ္ပံတို့ ပူးပေါင်းပြီး တောင်သူများနှင့် မျိုးရွေးချယ်ခြင်း အခမ်းအနားကို မေ ၂၉ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ စိုက်ကွင်းများတွင် ကျင်းပခဲ့သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က " ၂၀၁၇ ခုနှစ် မိုးရာသီမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ ကျောက်ဆည်စိုက်ပျိုးရေး သုတေသနခြံတွေမှာ တရုတ်စပ်မျိုး ၄၄ မျိုးနဲ့ ဒေသစံထားမျိုး သုံးမျိုးကို ယှဉ်ပြိုင်စိုက်ပျိုးခဲ့ပါတယ်၊ ယင်းတို့ထဲမှ ရေဆင်းမှာ အထွက်ကောင်းတဲ့ မျိုး၊ ဒေသစံထားမျိုးထက်သာလွန်တဲ့မျိုး ငါးမျိုးကို ရွေးချယ်ခဲ့ကာ ၂၀၁၈ နွေစပါးရာသီမှာ စိုက်ပျိုးထားပြီး ဖြစ်ပါတယ်" ဟု ပြောသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်က ယခုကဲ့သို့ တောင်သူများနှင့် ပူးပေါင်းပြီး လုပ်ဆောင်မှသာလျှင် ပိုပြီးခရီးရောက်မည်ဖြစ်သဖြင့် စပါးစိုက်တောင်သူများကို အဓိကဖိတ်ခေါ်ပြီး အခုလို မျိုးရွေးချယ်ခြင်းသင်တန်းများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးဇီဝသိပ္ပံအဖွဲ့ (CAS – SEABRI) က Assistant Professor Dr. Li Hui မှ စပ်မျိုး စပါးမျိုးစပ်သော နည်းပညာများအကြောင်းကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးထားသော မျိုးငါးမျိုးကို စိုက်ပျိုးရေးသုတေသန



ဦးစီးဌာနမှ ပညာရှင်များနှင့် လေသာကျေးရွာနှင့် မအူတောကျေးရွာမှ တောင်သူများ ပူးပေါင်း၍ စနစ်တကျရွေးချယ်ပြီး တောင်သူအကြိုက်နှင့် ပညာရှင်အကြိုက်ကို ယှဉ်ပြိုင်စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

ဆေးလိပ်၊ကွမ်းယာရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင်ပါဝင်သော ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များတွင် အောက်ပါအခြေအနေများကို ဖြစ်ပွားစေနိုင်ပါသည်။

- ကိုယ်ဝန်ပျက်ခြင်း
- ကလေးအသေမွေးခြင်း
- လမစေ့ ပေါင်မပြည့်သောကလေးမွေးဖွားခြင်း
- မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းသည့်ကလေးမွေးဖွားခြင်း
- မွေးစကလေးရုတ်တရက်သေဆုံးခြင်းများ



သူတပါးဆေးလိပ်ငွေ့ကိုရှူရှိုက်ရခြင်းသည် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ရောဂါဖြစ်ပွားစေသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

OnDoctor (OnDoctor မှ ကျန်းမာရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များအတွက် ဒီဇိုင်းပံ့ပိုးပေးပါသည်)


❑ *ကျော့ဖုံးမှ*

ဒဂုံအသင်းမှာလည်း မကွေးအသင်းခြေစွမ်းမပြနိုင်သည့်အပေါ် အခွင့်ကောင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ဂိုးရရန် ရုန်းကန်နေရသည့် မကွေးအသင်းသည် ပထမပိုင်းပြီးခါနီးတွင် ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ကျော်စွာလင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ကစားပုံဆိုးရွားခဲ့သည့် မကွေးအသင်းသည် ဒုတိယပိုင်းတွင် ကစားပုံပြန်ကောင်းလာပြီး ဂိုးများဆက်တိုက်ရခဲ့သည်။ ဒုတိယပိုင်းအစတွင် ဂိုးများဆက်တိုက်ရခဲ့၍ မကွေးအသင်း ပွဲကိုလိုသလိုထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၅၀ တွင် နိုင်နိုင်ကျော်၊ ၅၁၊ ၅၆မိနစ်တွင် မောင်မောင်စိုး၊ ၈၂ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့ပြီး မောင်မောင်စိုးသွင်းယူသည့် တတိယဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

**ခက်ခက်ခဲခဲကစားခဲ့ရ**

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် GFA အသင်းက Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းသည် မေ ၂၆ ရက်က အမှတ်ပေးပွဲတွင် ရှုံးခဲ့သည့်ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဂိုးများကို ၅၁ မိနစ်တွင် စိုးမင်းထွန်း၊ ၆၂မိနစ်တွင် မန်ထိပ်ပေါင်နှင့် ၈၇မိနစ်တွင် ပြုံးချိုတို့က သွင်းယူခဲ့သည်။ Southern အတွက်ဂိုးများကို ဖြိုးပိုင်စိုးနှင့် ဘယ်ရီကသွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ကျင်းပသောပွဲတွင် ရောဝတီအသင်းက ရှိုင်ရယ်သန်လျင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ပထမတန်းကလပ် ရှိုင်ရယ်သန်လျင်ကို ခက်ခက်ခဲခဲကစားခဲ့ရပြီး အနိုင်ဂိုးကို ၆၇မိနစ်တွင် သီဟဇော်က သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားရမည်**

ဒုတိယအဆင့်(ဒုတိယနေ့)ကို ဇွန် ၆ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရတနာပုံနှင့်စစ်ကိုင်း၊ ဟံသာဝတီနှင့် ဇွဲကပင်၊ ရခိုင်နှင့် Mountain Lion အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကွာတားပွဲအဖြစ် ရောဝတီနှင့်မကွေး၊ GFA နှင့်ရန်ချန်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)မှ အဖွဲ့ဝင်သတင်းထောက်များ ရွှေပြည်ပန်းပုဥယျာဉ်သို့ သွားရောက်လေ့လာ

**ရန်ကုန် မေ ၃၀**

မြန်မာ့လက်မှုအနုပညာပန်းပုလုပ်ငန်းများကို လေ့လာပြီး ကမ္ဘာသိရေးသား ဖော်ထုတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ အဖွဲ့ဝင်သတင်းထောက်များသည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ၏ ပန်းပုရုပ်တုများ အများဆုံးတည်ရှိရာ ပဲခူးတိုင်းဒေသကြီး ပဲခူး-ရန်ကုန်လမ်းမ ပဲခူးဆယ်မိုင်ကုန်းရှိ ရွှေပြည်ပန်းပုဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ရွှေပြည်ရိဆို့အတွင်းရှိ ရွှေပြည်ပန်းပုဥယျာဉ်သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြိုလဲခဲ့သော အဖိုးတန်အပင်ကြီးများမှ သစ်သားကိုရယူကာ ပန်းပုပညာရှင်များနှင့်ပူးပေါင်း၍ ပန်းပုရုပ်များထုလုပ်ပြီး မြေဧက ၁၂၀ ခန့် ကျယ်ဝန်းသောနေရာတွင် ပန်းပုဥယျာဉ်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ တောတောင်စိမ့်စမ်းနှင့် သဘာဝရေကန်များပါဝင်သည့်အတွက် ပြည်တွင်းခရီးသွားများသာမက ပြည်ပဧည့်သည်များကိုပါ ဆွဲဆောင်နိုင်သော နေရာတစ်ခုဖြစ်သည်။

အဆိုပါပန်းပုဥယျာဉ်အတွင်း အချောထည်ထုလုပ်ပြီးသော မင်းသား၊ မင်းသမီး၊ ရေသူမ၊ သန္တာကျောက်တန်း၊ ဆင်၊ မြင်း၊ ကျား၊ မျောက်၊ ခြင်္သေ့၊ နတ်မြင်းပျံ၊ သစ်ကုလားအုတ်အစရှိသော အရုပ်ပေါင်း ၉၅၀၀ ခန့်ကို ပြကွက် ၆၈ ကွက်ဖြင့် ပြသထားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**






# AFC Grassroots Football Day 2018 အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၃၀**

AFC Grassroots Football Day 2018 အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြက်ခင်းတုလေ့ကျင့်ရေးကွင်း (၁)တွင် ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်သည့် ဦးမိုးဆန်းအောင်၊ MPT မှ Managing Director Mr. Yoshiaki Benino၊ နည်းပြဆရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ အလုပ်အမှုဆောင် ဦးမိုးဆန်းအောင်၊ ရောဝတီယူနိုက်တက်အသင်းပိုင်ရှင် ဦးမင်းလှိုင်၊ MPT မှ Managing Director Mr. Yoshiaki Benino နှင့် အခြားတာဝန်ရှိသူများက ကွင်းအတွင်း ဘောလုံးကန်ကာ AFC Grassroots Football Day 2018 အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ (**အပေါ်ပုံ**) ထို့နောက် နည်းပြဆရာများက အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အခြေခံဘောလုံးပညာများအား သင်ကြားပေးခဲ့သည်။



**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# ရှမ်းယူနိုက်တက်အသင်း နိုင်ငံခြားသားကစားသမားတစ်ဦးခေါ်ယူ

**ရန်ကုန် မေ ၃၀**

၂၀၁၈ ရာသီ MNL ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်အားဖြည့်ရန် ဆားဘီးယားကွင်းလယ်တိုက်စစ်ကစားသမား မီလန်ကို ရာသီကုန်အထိ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။



ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် နည်းပြအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး နည်းပြချုပ်အဖြစ်တာဝန်ပေးခံထားရသည့် မာဂျန်က ကစားသမားသစ်များ အားဖြည့်လျက်ရှိပြီး ရန်ကုန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား ဒေးဗစ်ဒန်းကို ခေါ်ယူထားကာ ရန်ကုန်အသင်းမှ ဆောင်လမန်ကို နှစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူအားဖြည့်ထားသည်။ ထို့ပြင် ပထမအကျော့က ခြေစွမ်းပြနိုင်ခြင်းမရှိသည့် ကင်မရွန်းတိုက်စစ်မှူး ပက်ထရစ်နှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပြီး မီလန်ကို အစားထိုးခေါ်ယူခဲ့ခြင်းဖြစ်သည်။

မီလန်သည် ဥရောပကလပ်အသင်းများတွင်သာ ကစားဖူးပြီး အာဆီယံနိုင်ငံများမှ ကလပ်များတွင် ပထမဆုံးအဖြစ် ရှမ်းယူနိုက်တက်အသင်းတွင် ပါဝင်ကစားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီအစတွင် မထင်မှတ်ဘဲ ရလဒ်များဆိုးရွားခဲ့ပြီး ပြီးခဲ့သည့်ရာသီက ပြိုင်ပွဲနှစ်ခုတွင် ချန်ပီယံဆုရယူပေးခဲ့သည့် နည်းပြချုပ် ဦးစိုးမြတ်မင်းနှင့် လမ်းခွဲကာ ရောဝတီနှင့် ရန်ကုန်အသင်း နည်းပြချုပ်ဟောင်း မာဂျန်အား အစားထိုးခန့်အပ်ထားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ပြည်ပပြိုင်ပွဲများမှ ထွက်ခဲ့ရသော်လည်း ပြည်တွင်းပြိုင်ပွဲများဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးရှိနေပြီး အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် ငါးမှတ်အကွာတွင် ရပ်တည်နေသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ရှမ်းယူနိုက်တက်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ


**နေပြည်တော် မေ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အတွဲ(၁၅)၊ အမှတ်(၇)မှစ၍ အသွင်သဏ္ဌာန်အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန်အနှစ်သာရပြောင်းလဲကာ ထုတ်ဝေလျက်ရှိရာ ၁-၆-၂၀၁၈ ရက်နေ့ထုတ် အတွဲ(၁၅)၊ အမှတ်(၁၁)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့်အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲမှုအခြေအနေ**




ရင်းမြစ် ။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# ရေဝတီတိုင်းအတွင်း လှေ၊ သင်္ဘောများ ခိုးယူနေသောဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးနိုင်

ဖျာပုံ မေ ၃၀

**ရေဝတီတိုင်းဒေသကြီးအတွင်း သင်္ဘောသူခိုးဂိုဏ်းအဖွဲ့က ရေဝတီတိုင်းအတွင်းရှိ မြို့နယ်များနှင့် အခြားမြို့နယ်များမှ ခိုးယူရောင်းချထားသော သင်္ဘောများကို ဖျာပုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ ဖျာပုံမြို့မရဲစခန်း နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်နိုင်အောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက သတင်းအရ မေ ၂၃ ရက်မှစတင်ပြီး လပွတ္တာတာခရိုင်၊ မြောင်းမြခရိုင်အတွင်း ခိုးယူသွားသောသင်္ဘောများအား လိုက်လံစုံစမ်းသိမ်းဆည်းပြီး မေ ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် ဖျာပုံမြို့သို့ သင်္ဘောများနှင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။**

"သင်္ဘောက မနှစ်က တန်ဆောင်မုန်းလက ပျောက်သွားတာပါ။ မမျှော်လင့်ဘဲ သင်္ဘောပြန်တွေ့တော့ ပျော်လည်းပျော်တယ်၊ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူပါတယ်" ဟု သင်္ဘောပိုင်ရှင် မအူပင်မြို့နယ် ကျွဲတုန်းကျေးရွာနေ ဒေါ်ဝင်းမာမာက ပြောသည်။

"သင်္ဘောပျောက်သွားတာ မမျှော်လင့်ဘဲ ပြန်တွေ့တော့ ဝမ်းသာအားရဖြစ်မိပါတယ်"ဟု ညောင်တုန်းမြို့နယ် မယ်ဇလီကျေးရွာအုပ်စုနေ သင်္ဘောပိုင်ရှင် ဦးသန်းဝင်းက ပြောသည်။

"ဆုံးပြီလို့ သတ်မှတ်ထားတဲ့ သင်္ဘောတွေ ပြန်တွေ့တော့ အလွန်ဝမ်းသာပါတယ်၊ အခုလို လိုက်ဖမ်းပေးတဲ့ အဖွဲ့ကို ကျေးဇူးတင်ပါတယ် " ဟု ကျိုက်လတ်မြို့နယ်နေသူ ဒေါ်သန္တာဝင်းက ပြောသည်။

"သင်္ဘောက ၂၀၁၈ ခုနှစ် မတ်လပိုင်းက တစ်စင်း၊ မေလပိုင်းက တစ်စင်း ခိုးခံရတာပါ၊ သံခွံသင်္ဘောတစ်စင်းတော့ ပြန်ရတယ်၊ ပျော်တာတော့ မပြောနဲ့ ရင်ထဲမှာအပြည့်ပဲ"ဟု သင်္ဘောပိုင်ရှင် ဦးနိုင်ဝင်းက ပြောသည်။

"အဓိက တရားခံကို မိတယ်၊ ပထမအခေါက်က သင်္ဘော ငါးစင်း၊ ယခုအခေါက်မှာ သင်္ဘော ၃၃ စင်း၊ မြောင်းမြခရိုင်အတွင်းမှာ ဖော်ထုတ်သိမ်းဆည်းခဲ့တယ်၊ ခုနစ်ရက်လောက်ကြာပါတယ်" ဟု ဖျာပုံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်ဇော်ထိုက်က ပြောသည်။

"အနယ်နယ်အရပ်ရပ်ကို လိုက်သိမ်းတော့ ပထမ သင်္ဘော ငါးစင်း၊ အခု ဖျာပုံမြို့ကို သယ်လာတာ သင်္ဘော ၃၃ စင်းကို သင်္ဘော အမှန်တကယ်ပိုင်ဆိုင်ကြောင်း အထောက်အထားတွေရှိရင် သင်္ဘောပိုင်ရှင်တွေကို ပြန်ပေးမှာပါ"ဟု ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းရွှေက ပြောသည်။

ရေဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းပေါများသော တိုင်းဖြစ်ပြီး လှေ၊ သင်္ဘောများကို အဓိကအသုံးပြုသော ဒေသဖြစ်သောကြောင့် လှေခိုးခံရမှု၊ သင်္ဘောအခိုးခံမှုများလည်း ရှိနေကြောင်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှ လပွတ္တာပိုင် ရွှေပြည်သာ၊ ပြင်ရွာ၊ လူတော်ရွာ၊ ချောင်းခွဲကြီး၊ ငုတော၊ သောင်စု စသော ကျေးရွာများမှ ပထမအကြိမ် ငါးစင်း၊ ယခုအကြိမ် ၃၃ စင်း၊ သွားရောက်သိမ်းဆည်းသည့် ကျေးရွာတွင် အပ်ထားခဲ့သော ခုနစ်စင်း စုစုပေါင်း ၄၅ စင်း သိမ်းဆည်းရမိကြောင်း မှုခင်းနှိမ်နင်းရေးအဖွဲ့မှ သိရပြီး သင်္ဘောများအား အထောက်အထားခိုင်လုံစွာ ပြသနိုင်သော ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်္ဘောပျောက်ဆုံးနေသော ပိုင်ရှင်များကလည်း ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် မေ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၃၈ စီး ၊ သွင်းကုန် ၉၅၅ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၅၈၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၃၅ သန်းခန့် စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၂၀၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားသည့်ဖမ်းဆီးမှုအနေဖြင့် မေ ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးကြိုးသိုင်းဖိနပ် ဆိုက်စုံ (အစုံ ၂၃၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၉၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုံရွာအကျဉ်းထောင် ဝန်ထမ်းလိုင်းခန်း မီးလောင်

**မုံရွာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် မုံရွာအကျဉ်းထောင်ဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်းသည် မေ ၂၉ ရက် ည ၁၁ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးခန်းတွဲ ဝန်ထမ်းလိုင်းခန်း နှစ်ခန်း မီးလောင်းဆုံးရှုံးခဲ့သည်။

မုံရွာအကျဉ်းထောင်ဝင်းအတွင်းရှိ လေးခန်းတွဲလိုင်းခန်းတွင် နေထိုင်သော အကျဉ်းထောင်ဝန်ထမ်း မအေးအေးစိုး (၃၄ နှစ်)၏ နေအိမ်ဘုရားစင်အား လျှပ်စစ်မီးပူဇော်ရာမှ အပူလွန်ကဲပြီး ရှော့ခ်ဖြစ်ကာ ဘုရားစင်အောက်ရှိ မွေ့ရာပေါ်သို့ မီးပွားကျရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ လေးခန်းတွဲဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် အခန်း တစ်ခန်းတို့ကို မီးကူးစက်လောင်မှုဖြစ်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိနှင့် အကျဉ်းထောင်ဝန်ထမ်းများက ရေသယ်ယာဉ် ငါးစီး၊ မီးငြိမ်းသတ်ယာဉ် ကိုးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း။

မီးလောင်မှုကြောင့် (၄၀ x ၁၅) ပေ ရှိ သွပ်မိုး၊ ပျဉ်ကာ လေးခန်းတွဲ နှစ်လုံး၊ (၁၀ x ၁၅)ပေရှိ သွပ်မိုး၊ ပျဉ်ကာ တစ်ခန်း နှင့် အတွင်းပစ္စည်းများ မီးလောင်ခဲ့သဖြင့် မီးပေါ့ဆစွာအသုံးပြုသူ အကျဉ်းထောင်ဝန်ထမ်း မအေးအေးစိုး(၃၄ နှစ်)အား မုံရွာမြို့မရဲစခန်းက အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ချမ်းမြသာစည်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၀**

မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲက ချမ်းမြသာစည်မြို့နယ် ၆၄ လမ်းနှင့် ၆၅ လမ်းကြား လက်ဖက်ရည်ဆိုင်ရှေ့တွင် စိုင်းခမ်းလင်းထူး (ခ)ဖိုးလမင်းနှင့် မိုးနိုင်တို့အား ရှာဖွေရာ စိုင်းခမ်းလင်းထူး (ခ) ဖိုးလမင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၀ နှင့် မိုးနိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြား တို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

အလားတူ မေ ၂၈ ရက် ည ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းပြားမြို့ ဦးစိုးတင့် ရပ်ကွက်တွင် နေဝင်းထွန်းနှင့် ကျော်မင်းချေ တို့အား ရှာဖွေရာ နေဝင်းထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဦးစိုးတင့်ရပ်ကွက်နေ ကျော်တင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ နှင့် ငွေကျပ် ၃၅၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ဝမ်ကျောင်းကျေးရွာအနီး၌ ကျော်သက်အောင် (ခ) စိုင်းကျော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၃ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**



## မြန်မာ့ရုပ်မြင်သံကြား

**၃၁ -၅- ၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆ း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း၀၀ - Breakfast News
- ၈ း၃၅ - "ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးများကို ဒုတိယ အခွင့်အရေးအဖြစ် ထိုးနှံပေးမည့် အစီအစဉ်"
- ၉ း၁၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၄)
- ၁၁း ၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အပင်ပျိုးရန်ပန်းပွင့်စေ"
- ၁၂း ၃၀ - မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနံ့" (အပိုင်း -၂၆)
- ၁၃း ၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၃) (နေပြည်တော်)(ဒုတိယပိုင်း)
- ၁၄း ၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြွေးရာဇဝင်"** (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)

**ညပိုင်း**

- ၁၆း ၃၅ - "ယ"ယမင်းခင် ကကြိုးဆင်
- ၁၇း ၂၀ - NHK အစီအစဉ် "Mathematica II"(လေးထောင့်ဖြစ်လာသော စက်ဝိုင်းများ)
- ၁၇း ၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း ၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း ၁၅ - မြန်မာဇာတ်လမ်းတွဲ **"ကြမ္မာနံ့"** (အပိုင်း -၂၇) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀း ၀၀ - ပြည်တွင်းသတင်း၊
- ၂၀း ၃၅ - America's Got Talent
- \- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) ဒါရိုက်တာ-ကြည်စိုးထွန်း၊ စာရေးဆရာမောင်ညွန့်လွင်



# ထိုင်းနိုင်ငံ မယ်နမ့်လောင်းမြစ်ကူးတံတားအနီး ဘတ်ငွေသန်းပေါင်း ၈၆၀ ရှိ အိုက်စ်များ ဖမ်းဆီးရမိ

ချင်းရိုင်း မေ ၃၀

**ထိုင်းနိုင်ငံ မယ်နမ့်လောင်းမြစ်ကူးတံတားအနီး ထိုင်းဘတ်သန်းပေါင်း ၈၆၀ တန်ဖိုးရှိ အိုက်စ်များ မေ ၂၉ ရက် နံနက် ၃ နာရီခွဲက ဖမ်းဆီးရမိကြောင်း ထိုင်းနိုင်ငံ TopNews မှ သိရသည်။**

မေ ၂၉ ရက် နံနက် ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးသတင်းအရ ချင်းရိုင်းခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် မယ်နမ့်လောင်းမြစ်ကူးတံတားအနီး ထိန်ချင်းရိုင်းသွား ကားလမ်းမဘေးတွင် အခြေပြုစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါးများ သယ်ဆောင်မည့် သတင်းအရ မသင်္ကာဖွယ်ပစ်မှတ်ယာဉ်များကို စောင့်ကြည့်စစ်ဆေးနေစဉ် တိုယိုတာဗီဂိုအမျိုးအစားယာဉ်နှင့် နန်းဆောင်ချနာဒါချိုင့်ဝဲန့်ခွန့် (၂၉ နှစ်) မယ့်တဲန်မြို့ ချင်းမိုင်ခရိုင်နေသူ မောင်းနှင်လာသော တိုယိုတာပစ်ကပ် ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ကျောပိုးအိတ် ၃၂ လုံး တွေ့ရှိပြီး ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ထိုင်းဘတ်သန်းပေါင်း ၈၆၀ ဘတ်ခန့် တန်ဖိုးရှိ အိုက်စ် စုစုပေါင်း ၈၆၀ ကီလိုဂရမ်ခန့်ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။ **(အပေါ်ပုံ)**

ထို့သို့စစ်ဆေးနေစဉ် နိုင်းအေကရတ်ဖိထပ်သည် မော်တော်ယာဉ်အား မောင်းနှင်ထွက်ပြေးခဲ့သဖြင့် ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံရှာဖွေခဲ့ရာ မော်တော်ယာဉ်ကို ချင်းရိုင်းခရိုင် မယ့်လောင်းမြို့နယ် ဗန်ဆောင်ခွယ်ရွာသချိုင်းအနီးရှိ စစ်ဆေးရေးဂိတ်တွင် တားဆီးစစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်းမှာ နိုင်းအေကရတ်ဖိထပ် (၂၉ နှစ်) မယ့်ဝန်းရပ် မယ်ဝမ်မြို့နယ် ချင်းမိုင်ခရိုင်နေသူ ဖြစ်ကြောင်း၊ အမှုမှ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ နန်းဆောင်ချနာဒါ ချိုင့်ဝဲန့်ခွန့် (၂၉ နှစ်) အား ချင်းရိုင်းခရိုင်ရဲတပ်ဖွဲ့က ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိပြီး ထွက်ပြေးလွတ်မြောက်နေသည့် နိုင်းအေကရတ်ဖိထပ်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ အနောက်မြောက်ဘက် မြန်မာနယ်စပ်တစ်လျှောက်တွင် ဖာမိန်းအထူးလှုပ်ရှားတပ်မမှ ပိတ်ဆို့တားဆီးမှုများ ထူထပ်စွာ ချထားသည့်အတွက် နယ်စပ်လမ်းကြောင်းနှင့် ပင်မအဝေးပြေးလမ်းမကြီးများကို ရှောင်ရှားကာ လာအိုနိုင်ငံတွင် မူးယစ်ဆေးဝါးများကို ခေတ္တရပ်နားစုပုံသိုလှောင်ရာ စခန်းအဖြစ် တည်ဆောက် ထားရှိလာကြောင်း၊ ၎င်းနောက် မယ်ခေါင်မြစ်ကြောင်းကို ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ အလွယ်တကူ ဝင်ရောက်နိုင်သည့် မြစ်ကမ်းမှ တစ်ဆင့်တက်၍ ဖြတ်လမ်းများ၊ အတွင်းလမ်းများကို အသုံးပြုကာ ဂိတ်များကို ရှောင်ရှားပြီး ထိုင်းနိုင်ငံအတွင်း သယ်ယူပို့ဆောင်မှုများကို လွန်ခဲ့သည့်လမှစ၍ အကြိမ်များစွာ ဖမ်းဆီးရမိမှုများ တွေ့မြင်လာခဲ့ရကြောင်း၊ ဖမ်းဆီးရမိဖြစ်စဉ်များတွင် စိတ်ကြွရူးသွပ်ဆေးပြား သန်းနှင့်ချီ၍ လည်းကောင်း၊ အိုက်စ်များကို ကီလိုရာနှင့်ချီ၍လည်းကောင်း ဖမ်းဆီးရမိမှုများ ခပ်စိပ်စိပ်တွေ့ရှိလာခဲ့ရကြောင်း၊ ၎င်းမူးယစ်ဆေးဝါးများ ထုတ်လုပ်သည့် လက်နက်ကိုင်အုပ်စုများမှာ ငွေအရင်းအနှီးနှင့် လက်နက် ပိုမိုစုဆောင်းရရှိရေး ရည်ရွယ်ချက်ဖြင့် မူးယစ်ဆေးဝါးကို ယခုလို အရှိန်အဟုန်မြင့် ထုတ်လုပ် ပို့ဆောင်ရောင်းဝယ်ခြင်းများ ပြုလုပ်လာခြင်းဖြစ်နိုင်ကြောင်း ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး လေ့လာအကဲခတ်သူများ၏ သုံးသပ်ချက်အရ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## အောင်လံမြို့တွင် ပြုတ်ကျသည့် ဓာတ်ကြိုးကို ကိုင်မိ၍ ဓာတ်လိုက်သေဆုံး

**အောင်လံ မေ ၃၀ -** အောင်လံမြို့ ဇေယျဝတီရပ်ကွက် ၁၀ လမ်းသွယ်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း ဇေယျဝတီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက သတင်းပေးအကြောင်းကြားချက်အရ မေ ၂၉ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က အောင်လံမြို့မရဲစခန်းမှူး ဒုရဲမှူး စိုးညွန့်ဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဦးမောင်ကို (ခ) ဦးမေ့(စ်) (၄၃ နှစ်)ဖြစ်ပြီး ၎င်း၏နေအိမ်ရှေ့ရှိ သစ်ပင်မှာ လေပြင်းတိုက်မှုကြောင့် လျှပ်စစ်မီးကြိုးပေါ်သို့ လဲကျခဲ့သဖြင့် ၎င်းက သစ်ကိုင်းခြောက်များကို လျှပ်စစ်မီးကြိုးကိုကိုင်၍ ဖယ်ရှားစဉ် ဓာတ်လိုက်ပြီး ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် အောင်လံမြို့မရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# ပါပူဝါနယူးဂီနီ၌ ဖေ့စ်ဘွတ်ခ်အသုံးပြုခွင့်များကို ယာယီပိတ်ပင်မည်

**ပို့စ်မော်စဘီ မေ ၃၀**

ယခုနှစ်နှောင်းပိုင်းတွင် ကမ္ဘာ့ထိပ်သီးအစည်းအဝေးများကို လက်ခံကျင်းပမည့် ပစိဖိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပါပူဝါနယူးဂီနီတွင် အကောင့်တုများကို ရှာဖွေဖော်ထုတ်ရန်နှင့် သတင်းမှားများကို ပိတ်ဆို့ဟန့်တားရန်အတွက် ဖေ့စ်ဘွတ်ခ်ကို တစ်လတာ အသုံးပြုခွင့်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပါပူဝါနယူးဂီနီ၌ သက်ဆိုင်ရာအရာရှိများက ပြောကြားခဲ့သည်။

ဆက်သွယ်ရေးဝန်ကြီး ဆမ်ဘာဆယ်က ယင်းအဆိုပြုချက်သည် ဖေ့စ်ဘွတ်ခ်နေရာတွင် အခြားပြည်တွင်းလူမှုကွန်ရက်တစ်ခုကို အစားထိုးသုံးနိုင်အောင် လုပ်ဆောင်ရာ၌ အကူအညီအထောက်အပံ့ကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဆက်သွယ်ရေးဝန်ကြီးက ဖေ့စ်ဘွတ်ခ်များကို အသုံးပြုခွင့်ပိတ်ပင်လိုက်ခြင်းက အကောင့်တုနှင့်ဆိုင်သော သတင်းအချက်အလက်များကို စိစစ်နိုင်မည်ဖြစ်ကြောင်းနှင့် ညစ်ညမ်းပုံတင်သည့် အသုံးပြုသူများနှင့် မမှန်ကန်သော သတင်းအမှားများကို ဖြစ်စေသည့် အသုံးပြုသူများကိုလည်း ဖယ်ရှားသွားနိုင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထိုသို့ လုပ်ဆောင်လိုက်ခြင်းဖြင့် အသုံးပြုသူများကို နာမည်အစစ်များနှင့် အကောင့်အစစ်များကို အသုံးပြုနိုင်မည်ဖြစ်ပြီး တာဝန်ယူမှုလည်း ရှိလာစေမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဖေ့စ်ဘွတ်ခ်တွင် သတင်းအချက်အလက်ပေါက်ကြားခဲ့သည့် သမိုင်းကြောင်းများလည်းရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ထို့ကြောင့် အကယ်၍ လိုအပ်ပါက ပြည်တွင်း အပလီကေးရှင်းဖန်တီးသူများအား ကိုယ့်နိုင်ငံနှင့် ကိုက်ညီပြီး ကမ္ဘာကြီးနှင့် ဆက်သွယ်၍ရနိုင်သည့် လူမှုကွန်ရက်တစ်ခု ဖန်တီးနိုင်ရေး တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး ဆမ်ဘာဆယ်က ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




# အစ္စရေးတပ်ဖွဲ့ ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့၏ စခန်းများကို လက်တုံ့ပြန်ပစ်ခတ်




**ဂါဇာ မေ ၃၀**

ဂါဇာကမ်းမြောင်ဒေသရှိ အစ္စလာမ္မစ်စည်းမျဉ်းခံ ဟားမားစ်တို့နှင့် ၎င်းတို့၏ မဟာမိတ်များဖြစ်သည့် အစ္စလာမ္မစ် ဂျီဟတ်တို့၏ ဒုံးကျည်များ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကို ပြန်လည်တုံ့ပြန်သောအားဖြင့် အစ္စရေးတပ်ဖွဲ့များက ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ စခန်းများကို ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၃၀ ရက်က ဖော်ပြခဲ့သည်။

မေ ၂၉ ရက်က ဂျီဟတ်တို့ဘက်မှ ပြောရေးဆိုခွင့်ရှိသူက အခြေအနေများကို ပြန်လည်ထိန်းသိမ်းရန် အပစ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို လက်ခံထားကြောင်း ပြောခဲ့သော်လည်း အစ္စရေး စစ်ဘက်က ယင်းအဆိုပြုပြောကြားချက်အပေါ် မှတ်ချက်ပြုရန် ငြင်းဆန်ခဲ့သည်။

ပေါက်ကွဲမှုများသည် မေ ၂၉ ရက် နှောင်းပိုင်းအထိ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့ ဂါဇာကမ်းမြောင် ဒေသတစ်လျှောက် မတည်မငြိမ်ဖြစ်ခဲ့ပြီးနောက် ရက်သတ္တပတ်အတော်ကြာ ယခုကဲ့သို့ အပြန်အလှန် တုံ့ပြန်ပစ်ခတ်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဂါဇာဘက်မှ ပစ်ခတ်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

သို့သော်လည်း ပစ်ခတ်မှုများကြောင့် လူသေဆုံးမှု သတင်းမျိုး ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

ပူးတွဲကြေညာချက် တစ်စောင်တွင် ဟားမားစ်နှင့် အစ္စလာမ္မစ် ဂျီဟတ်အဖွဲ့က အဆိုပါတိုက်ခိုက်မှုများတွင် တာဝန်ရှိကြောင်း ဖော်ပြခဲ့ပြီး အစ္စရေးတို့က ၎င်းတို့၏ နေရာများကို ယခင်ကပင် ပစ်ခတ်ခဲ့သောကြောင့် ၎င်းတို့ကလည်း ပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

# ယူကရိန်းနိုင်ငံ ကိဗ်မြို့၌ ရုရှားသတင်းထောက် အသတ်ခံရ

**ကိဗ် မေ ၃၀**

ယူကရိန်းနိုင်ငံ အေအာရ်တီ(အာ့တ်)ရုပ်မြင်သံကြားအစီအစဉ်အတွက် တာဝန်ထမ်းဆောင်နေသည့် ရုရှားနိုင်ငံသား သတင်းထောက် တစ်ဦးဖြစ်သူ အာခါဒီအီဘက်ချန်ကိုသည် ကိဗ်မြို့၌ မကြာသေးမီက အသတ်ခံခဲ့ရကြောင်း ယူကရိန်းအာဏာပိုင်များက ပြောခဲ့သည်။

ဘတ်ချန်ကိုသည် ၎င်း၏နေအိမ်လှေကား အနောက်ဘက်မှ အပစ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ လုပ်ကြံပစ်ခတ်ခံရပြီးနောက် ဆေးရုံသို့ပို့ဆောင်စဉ် လူနာတင်ယာဉ်ပေါ်၌ သေဆုံးခဲ့ကြောင်း ယူကရိန်းရှေ့နေ အန်တွန်ဂါရာ့ရှ်ချန်ကိုက ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

လူသတ်သမား၏ ဦးတည်ချက် အကြောင်းရင်းကို စုံစမ်းရာတွင် ဘတ်ချန်ကို၏ သတင်းပိုင်းဆိုင်ရာများကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း ကိဗ်မြို့ရဲတပ်ဖွဲ့အကြီးအကဲ အန်ဒရီခရစ်ချန်ကိုက ပြောခဲ့သည်။

ဘတ်ချန်ကိုသည် အသက် ၄၁ နှစ်ရှိပြီဖြစ်ပြီး ၎င်းသည် မော့စ်ကော့ဗ်စကီကွန်ဆိုမိုလစ်သတင်းဌာနနှင့် အခြားမော်စကိုအခြေစိုက် သတင်းဌာနပေါင်းများစွာအတွက် စစ်ဘက်သတင်းထောက်တစ်ဦးအဖြစ်လည်း လုပ်ကိုင်ခဲ့ဖူးကြောင်း သိရသည်။

၎င်းသည် မော်စကိုမြို့မှ ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့သို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပြောင်းရွှေ့ခဲ့ပြီး ခြိမ်းခြောက်မှုအချို့နှင့်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ထို့ကြောင့် ၎င်းသည် ယင်း ၂၀၁၇ ဩဂုတ်လတွင် ယူကရိန်းနိုင်ငံ ကိဗ်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။

ချန်ကိုသည် စစ်ပွဲနှင့်ဆိုင်သော စာအုပ်ပေါင်းများစွာကိုလည်း ရေးသားခဲ့သူ စာရေးဆရာတစ်ဦးလည်းဖြစ်ကာ အဆိုပါစာအုပ်များကို ဘာသာပေါင်း ၁၆ မျိုးအထိ ပြန်ဆိုခဲ့ကြောင်း သိရသည်။ ၎င်းအသတ်ခံရမှုသည် နှစ်နှစ်တာကာလအတွင်း ကိဗ်မြို့၏ နာမည်ကြီး သတင်းသမားတစ်ဦး ဒုတိယမြောက်အသတ်ခံခဲ့ရခြင်းဖြစ်သည်။

**ဆင်ဟွာ**




# တရုတ်နိုင်ငံမှတင်ပို့ကုန်များအား အခွန်စည်းကြပ်မည့်စာရင်းကို အမေရိကန်ထုတ်ပြန်မည်

**ဝါရှင်တန် မေ ၃၀**

ဒေါ်နယ်ထရန့်၏ အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့က အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် တရုတ်နိုင်ငံမှ တင်ပို့ကုန်ပစ္စည်းအမျိုးအစားများစွာတို့အပေါ် အခွန်စည်းကြပ်မှုများ ချမှတ်သွားရန် အသစ်ထပ်မံခြိမ်းခြောက်လာခဲ့ကြောင်း သိရသည်။

လွှတ်တော်အာဏာပိုင်များက ၎င်းတို့သည် အခွန်စည်းကြပ်မှုလုပ်ဆောင်မည့် တင်ပို့ကုန်များ၏နောက်ဆုံးအမည်စာရင်းကို ဇွန် ၁၅ ရက်တွင် ထုတ်ပြန်မည်ဖြစ်ပြီးမကြာမီတွင်အခွန်စည်းကြပ်မှုများ ချမှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထရန့်အုပ်ချုပ်ရေးအဖွဲ့သည် အမေရိကန်ကုန်သွယ်ရေး အက်ဥပဒေအပေါ်အခြေခံသည့် စည်းကြပ်မှုများပြုလုပ်မည့် အစီအစဉ်မူကြမ်းကို ပြီးခဲ့သည့်ဧပြီလက ထုတ်ပြန်ခဲ့သည်။

ယင်းအစီအစဉ်အရ တရုတ်ထုတ်ကုန်ပစ္စည်းများ၏ ဒေါ်လာဘီလီယံ ၅၀ ခန့်အပေါ်တွင် ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။ စက်ရုပ်များ အပါအဝင် တင်ပို့ကုန်ပစ္စည်းအမယ်ပေါင်း ၁၃၀၀ ကျော်တို့အား အခွန်စည်းကြပ်မှု ပြုလုပ်သွားမည်ဖြစ်သည်။

အိမ်ဖြူတော်အာဏာပိုင်များက ၎င်းတို့သည် အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေများကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များချမှတ်ထားသည့် အမည်စာရင်းကို လာမည့် ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူအနီးရှိရေပိုင်နက်တွင် မလေးရှားနိုင်ငံက ကျွန်းတည်ဆောက်မည်

**ကွာလာလမ်ပူ မေ ၃၀**

မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်သည် စင်ကာပူနှင့်ယခင်အငြင်းပွားမှုများဖြစ်ပွားခဲ့သည့် ကျောက်ဆောင်များပေါ်၌ ကျွန်းတစ်ကျွန်းဆောက်လုပ်သွားလိုကြောင်း ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်။ မဟာဗျူဟာကျစွာ တည်ရှိနေသည့် ဧရိယာသည် ကွာလာလမ်ပူနှင့် စင်ကာပူတို့အကြား တင်းမာမှုဖြစ်ပွားစေခဲ့သည့် အခြေအနေတစ်ရပ်ကို ပေါ်ပေါက်စေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ၎င်းတို့သည် နယ်နိမိတ် အငြင်းပွားမှုကို ကုလသမဂ္ဂထိပ်တန်းတရားရုံးရောက်သည်အထိ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာချဲ့ထွင်လာမှုကို မက်တစ်ဝေဖန်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က အမေရိကန်ပြည်ထောင်စုကို တရုတ်ကပေးအပ်ခဲ့သည့် ကတိနှင့် ဆန့်ကျင်လျက် တောင်တရုတ်ပင်လယ်အတွင်းရှိ လူလုပ်ကျွန်းများပေါ်တွင် တရုတ်နိုင်ငံက စစ်ရေးလုပ်ရှားမှုများ ဆောင်ရွက်လာနေသည်ဟုဆိုကာ ဝေဖန်ပြောဆိုခဲ့ကြောင်း သိရသည်။

မက်တစ်သည် အင်္ဂါနေ့က ဟာဝိုင်ယီသို့သွားရောက်သည့် လေယာဉ်ပေါ်၌ သတင်းထောက်များအား ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၂၀၁၅ခုနှစ်က တရုတ်သမ္မတ ရှီကျင့်ဖျင်သည် စပရက်လေ ကျွန်းစုအနီးတွင် တရုတ်နိုင်ငံက စစ်ရေးဆောင်ရွက်မှုများလုပ်ဆောင်မည်မဟုတ်ဟု ကတိပေးအပ်ခဲ့ကြောင်း၊ သို့သော် ပြီးခဲ့သည့်လက ယင်းနေရာတွင် ယခင်က မရှိခဲ့သည့် လက်နက်များဖြင့် စစ်ရေးလှုပ်ရှားမှုဆောင်ရွက်ခဲ့သည်ကို အမေရိကန်ကတွေ့မြင်ခဲ့ရကြောင်း ဂျင်မက်တစ်က ပြောကြားခဲ့သည်။

စပရက်လေကျွန်းစုသည် တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများက ပိုင်ဆိုင်ကြောင်းအငြင်းပွားလျက်ရှိသည့် တောင်တရုတ် ပင်လယ်အတွင်းရှိ နယ်နိမိတ်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

---

### ဂျပန်နိုင်ငံမှ အမဲသားများကို ဩစတြေးလျသို့ ပြန်လည်တင်ပို့မည်

**တိုကျို မေ ၃၀**

ဆယ်စုနှစ် နှစ်ခုနီးပါးအကြာတွင် ပထမဆုံးအကြိမ်အနေဖြင့် ဂျပန်နိုင်ငံမှ အမဲသားများ ဩစတြေးလျသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။ ဩစတြေးလျမှ အာဏာပိုင်များသည် ဂျပန်နိုင်ငံရှိ နွားများရောဂါဖြစ်ပွားမှုရှိခဲ့ပြီးနောက် ၂၀၀၁ခုနှစ်တွင် ဂျပန်နိုင်ငံမှ အမဲသားများတင်ပို့မှုအပေါ် ပိတ်ဆို့ထားမှုကို ဖယ်ရှားရန်ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အမဲသားများ ပြန်လည်တင်ပို့မှုကို ဇူလိုင်လအစောပိုင်းလောက်တွင် ပြန်လည် ဆောင်ရွက်သွားနိုင်မည်ဟု ဂျပန်အာဏာပိုင်များက ပြောကြားခဲ့သည်။ ဩစတြေးလျကသတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အမဲသားများကို ဆက်လက်တင်ပို့ရောင်းချသွားမည်ဖြစ်သည်ဟု ဂျပန်အာဏာပိုင်များက ဆိုသည်။

နွားများ၏ ဦးနှောက်ပိုင်းနှင့် အတွင်းပိုင်းကိုယ်အင်္ဂါများတင်ပို့မှုကို ကန့်သတ်ချက်များလုပ်ဆောင်ထားသည်။ အာဏာပိုင်များသည် ဩစတြေးလျ၌ ဂျပန်အမဲသားများသုံးစွဲမှုကို ပိုမိုတွင်ကျယ်လာစေရေး မြှင့်တင်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

---

# နိုင်ငံရေးအကျပ်အတည်းတွေနဲ့ အသားကျနေတဲ့ အီတလီ ဘယ်လိုရှေ့ဆက်မလဲ

**❋ ကလျာမိုးမြင့် ❋**

**အီတလီရဲ့နိုင်ငံရေးမှာ ရှေ့မတိုးသာဘဲ လုံးဝရပ်တန့်တည်ငြိမ်နေရတဲ့အခြေအနေကို ဖြိုခွင်းဖို့အတွက် ကြားဖြတ်ရွေးကောက်ပွဲတွေကျင်းပဖို့ တောင်းဆိုရတော့မယ်ဆိုတဲ့ သတင်းတွေပေါ်ထွက်လာနေတဲ့အချိန်မှာ အီတလီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ထားခြင်းခံရတဲ့ ကာလိုကိုတာရီလီဟာ အီတလီသမ္မတနဲ့ တွေ့ဆုံဆွေးနွေးဖို့ ဖြစ်လာပါတယ်။**



ကာလိုကိုတာရီလီ(ဝဲ)နှင့် သမ္မတ ဆာဂျီယိုမတ်တာရီလာ(ယာ) တို့ ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းတွင်ကျင်းပမည့် ဆွေးနွေးပွဲများအတွက် ပြင်ဆင်နေစဉ်။

### ထောက်ခံမဲ လုံလုံလောက်လောက်မရခဲ့

အိုင်အမ်အက်ဖ်ရဲ့ စီးပွားရေးပညာရှင်ဟောင်းတစ်ဦးဖြစ်တဲ့ မစ္စတာကိုတာရီလီဟာ အဓိက နိုင်ငံရေးပါတီတွေဆီကနေ လုံခြုံစိတ်ချရတဲ့ ထောက်ခံမဲကိုရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သလို ကျမ်းသစ္စာကျိန်ဆိုရမယ့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရဖို့ မရှိဘူးလို့ သတင်းမီဒီယာဖော်ပြချက်တွေက ဆိုထားပါတယ်။ သမ္မတ ဆာဂျီယိုမတ်တာရီလာဟာ ရပ်တန့်လစ်ဟာနေတဲ့ အစိုးရအဖွဲ့တစ်ရပ်ခန့်ထားမှုကို ဖြတ်ချပြီး ဇူလိုင်လမှာ ရွေးကောက်ပွဲတွေ ကျင်းပရေးတောင်းဆိုသွားဖို့ကို ရွေးချယ်ကောင်း ရွေးချယ်နိုင်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အီတလီရဲ့ လူသိများတဲ့ နိုင်ငံရေးပါတီနှစ်ရပ်ဟာ မဟာမိတ်အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ခြင်းမရှိခဲ့ပါဘူး။

### ငွေကြေးဈေးကွက်ကိုအထိနာစေ

လောလောလတ်လတ် ရွေးကောက်ပွဲအသစ်တွေ ကျင်းပသွားမယ့် အလားအလာနဲ့ ရပ်တည်မှုကိုခိုင်မာအောင်ဆောင်ရွက်နေတဲ့ ပါတီတွေရဲ့ဖြစ်နိုင်ခြေဟာ ငွေကြေးဆိုင်ရာ ဈေးကွက်တွေကို အထိနာစေခဲ့ပြီး ဥရောပဇုန်ရဲ့တည်ငြိမ်မှုနဲ့ပတ်သက်လို့ စိုးရိမ်ကြောင့်ကြမှုတွေကိုလည်း ပေါ်ထွက်လာစေခဲ့ပါတယ်။



ဖိုက်စတားလှုပ်ရှားမှုအဖွဲ့ ခေါင်းဆောင် လီဂီဒီမိုင်အို



လိဂ်အဖွဲ့ခေါင်းဆောင် မက်တွီယိုဆယ်လ်ဗီနီ

ဥရောပသမဂ္ဂနဲ့ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွေဟာ စိတ်ရှုပ်ထွေးဖွယ်ရာ စောင့်ကြည့်နေရတဲ့ အနေအထားဖြစ်ပြီး ဥရောပဇုန်ရဲ့ ၂၀၁၀-၂၀၁၁ ကြွေးမြီပြဿနာဟာ စုပုံလာနေတဲ့အပြင် ဖြေရှင်းရခြင်း မရှိသေးပါဘူး။ ပါအိုလို ဆာဗိုနာကို ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ဖို့ နိုင်ငံရေးသမားတွေရဲ့ ရွေးချယ်မှုကို သမ္မတ ဆာဂျီယို မတ်တာရီလာက ငြင်းဆန်လိုက်ခြင်းဟာ ဥရောပနဲ့ ပတ်သက်ပြီး တင်းမာမှုတွေကိုဖြစ်လာစေခဲ့ပါတယ်။ အသက် ၈၁ နှစ်ရှိပြီဖြစ်တဲ့ စီးပွားရေးပညာရှင် ဆာဗိုနာဟာ ဥရောပကနေ အီတလီနုတ်ထွက်ဖို့ အစီအစဉ် ဘီကိုထောက်ခံခဲ့သူဖြစ်ပါတယ်။

### အစိုးရအဖွဲ့မရှိသေးတဲ့နိုင်ငံ

ဥရောပသမဂ္ဂရဲ့ စတုတ္ထမြောက် အင်အားအကြီးဆုံး ဈေးကွက်တစ်ခုဖြစ်တဲ့ အီတလီဟာ ဘယ်နိုင်ငံရေးအုပ်စုကမှ မဲအများစုကို မရရှိနိုင်ခဲ့သေးတဲ့အတွက် ပြီးခဲ့တဲ့ မတ်လကတည်းက စတင်ပြီး အစိုးရအဖွဲ့မရှိတဲ့ နိုင်ငံတစ်ခုဖြစ်နေခဲ့ပါတယ်။ အဲဒီ ရွေးကောက်ပွဲမှာ အနိုင်ရရှိသူ အဖွဲ့နှစ်ဖွဲ့ဖြစ်တဲ့ ဖိုက်စတားအဖွဲ့နဲ့ လိဂ်အဖွဲ့ဟာ အင်အားစုတွေနဲ့ အတူ ပူးပေါင်းနိုင်ဖို့ ကြိုးပမ်းအားထုတ်ခဲ့ပေမယ့် ဘဏ္ဍာရေးဝန်ကြီးနေရာအတွက် ၎င်းတို့ရဲ့ ရွေးချယ်တင်မြှောက်မှုကို သမ္မတက ဗီတိုအာဏာနဲ့ ပယ်ချလိုက် ပြီးတဲ့နောက် မှာတော့ ခဲလေသမျှ သဲရေကျဖြစ်ပြီး ကြိုးပမ်းနေတာတွေကို လက်လျှော့ခဲ့ရပါတယ်။

### ကန့်ကွက်ငြင်းဆန်မည်

အီတလီသမ္မတ မတ်တာရီလာက ၎င်းအနေနဲ့ ပြည်တွင်းနဲ့ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေဆီကနေ စိုးရိမ်ကြောင့်ကြနေရမှုတွေရှိတယ်ဆိုပြီး ပိုလိုဆာဗိုနာကို မခန့်အပ်နိုင်ဘူးလို့ ဆိုပါတယ်။ သမ္မတဆီကနေ ခုလို မျှော်လင့်မထားတဲ့ လုပ်ဆောင်မှုက ပါတီနှစ်ခုလုံးကို ဒေါသထွက်စေခဲ့ပါတယ်။ ဒီတော့ ပါတီနှစ်ရပ်လုံးက ပါလီမန်လွှတ်တော်အတွင်းမှာ မစ္စတာ ကိုတာရီလီကို အမည်စာရင်းတင်သွင်းမှုကို ကန့်ကွက်ငြင်းဆန်မယ်လို့ ပြောခဲ့ကြပါတယ်။

သမ္မတမတ်တာရီလာက မစ္စတာဆာဗိုနာကိုခန့်အပ်မှုကို တားဆီးပိတ်ဆို့လိုက်တဲ့နောက်မှာတော့ ဖိုက်စတားအဖွဲ့ခေါင်းဆောင် လူဂျီဒီမိုင်ရိုက သမ္မတကို ရာထူးကနေဖြုတ်ချဖို့ ပါလီမန်လွှတ်တော်ကို တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

### ငြိမ်းချမ်းစွာဆန္ဒပြဖို့တောင်းဆို

သာမန်လူထုကို ကိုယ်စားပြုမယ်လို့ ကြွေးကြော်တဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ မစ္စတာဒီမိုင်ရိုက ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွေပြုလုပ်ကြဖို့၊ ပေါင်းစည်းညီညွတ်မှုရှိပြီး အသံတွေထွက်ကြဖို့ ၎င်းကိုထောက်ခံသူတွေကို တိုက်တွန်းခဲ့ပါတယ်။

လူထုစုဝေးမှုနဲ့ ချီတက်မှုတွေကို အီတလီရှိ မြို့ကြီးတွေမှာ စီစဉ်မယ်။ အဲဒီအထဲမှာ ၁၉၄၆ ခုနှစ်မှာ အီတလီသမ္မတနိုင်ငံအဖြစ် ရောက်ရှိလာတဲ့ အမျိုးသားနေ့ကို ဇွန် ၂ ရက်မှာ အထိမ်းအမှတ် အခမ်းအနားပြုလုပ်သွားမယ့် အစီအစဉ်လည်း ပါဝင်မှာဖြစ်ပါတယ်။ သို့သော်လည်း လိဂ်အဖွဲ့ရဲ့အကြီးအကဲ မက်တီယိုဆယ်လ်ဗီနီဟာ သမ္မတရဲ့ ဆုံးဖြတ်ချက်ကို ဝေဖန်ရှုတ်ချခဲ့သလို လူထုစုဝေးဆန္ဒပြပွဲတွေ အမြောက်အမြားပြုလုပ်ဖို့ တိုက်တွန်းတောင်းဆိုခဲ့ပြီး ဘရပ်ဆဲလ်နဲ့ ဂျာမနီကိုလည်း ကြားဝင်စွက်ဖက်မှုတွေ လုပ်ဆောင်နေတယ်ဆိုပြီး စွပ်စွဲပြောဆိုခဲ့ပါတယ်။

### အခွင့်အာဏာကို သဘောကျနှစ်သက်

သမ္မတရဲ့အခန်းကဏ္ဍဟာ တော်တော်လေးကို ပုံစံကျတဲ့ အနေအထားမျိုးဖြစ်နေပေမယ့် သမ္မတဟာ အစိုးရအဖွဲ့အကြီးအကဲတွေ ခန့်ထားရတာမျိုးနဲ့ ပါလီမန်ကိုဖျက်သိမ်းနိုင်စွမ်းရှိတဲ့ အခွင့်အာဏာအပေါ်မှာ အတော်လေးနှစ်သက်သဘောကျရောက်နေပါတယ်။ အီတလီနိုင်ငံဟာ နိုင်ငံရေးဆိုင်ရာ မတည်မငြိမ်ဖြစ်မှုတွေ ဆက်တိုက်ဆိုသလို ကြုံတွေ့ခဲ့ရတာကို မြင်ခဲ့ရတဲ့အပြင် အစိုးရအပြောင်းအလဲတွေလည်း အမြောက်အမြားရှိခဲ့တာဖြစ်တဲ့အတွက် သမ္မတရဲ့ အခန်းကဏ္ဍဟာ အသက်သွေးကြောသဖွယ် အရေးကြီးတယ်ဆိုတာကို သက်သေပြနေသလိုပါပဲ။

### နောက်ထပ်ဘာတွေဆက်ဖြစ်လာမလဲ

အကယ်၍ သမ္မတမတ်တာရီလာက ကြားဖြတ်ရွေးကောက်ပွဲတွေ ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်မယ်ဆိုရင် ဒီဆုံးဖြတ်ချက်ဟာ ဥရောပသမဂ္ဂ ဩဇာအရှိန်အဝါ ကြီးထွားလာမှာကို မလိုလားတဲ့ ပါတီနှစ်ခုလုံးနဲ့ ကိုက်ညီမှာဖြစ်ပါတယ်။ လတ်တလော ဆန္ဒမဲကောက်ယူမှုတွေအရ ကနဦးရွေးကောက်ပွဲမှာ အနိုင်ရရှိဖို့ ခိုင်မာတဲ့ရပ်တည်မှုမျိုးရှိနေပြီး ဒီအခြေအနေက ဥရောပသမဂ္ဂနဲ့ အီတလီရဲ့ ဆက်ဆံရေးသဘောသဘာဝအပေါ်မှာ ဗဟိုပြုလာနိုင်ပါတယ်။

ဒါပေမယ့် တခြားသောပါတီတွေကလည်းပဲ ရွေးကောက်ပွဲ အသစ်တစ်ရပ် ကျင်းပတာကို တွေ့မြင်ရဖို့ စိတ်အားထက်သန်နေကြတာပါပဲ။ အီတလီဆီးနိတ်လွှတ်တော်မှာ ဗဟိုလက်ဝဲယိမ်း ဒီမိုကရက်တစ်ပါတီကို ဦးဆောင်နေတဲ့ အန်ဒရီယာ မာကူစီက ရွေးကောက်ပွဲကို ဇူလိုင်လ အစောပိုင်းလောက်မှာပဲ ဖြစ်ဖြစ် တတ်နိုင်သမျှ အမြန်ဆုံးကျင်းပသွားနိုင်မယ်ဆိုရင် အကောင်းဆုံးဖြစ်မှာပဲလို့ ပြောကြားခဲ့ပါတယ်။

### နိုင်ငံရေးအကျပ်အတည်း ဘယ်အတိုင်းအတာထိရောက်နေသလဲ

အီတလီရဲ့ နိုင်ငံရေးအကျပ်အတည်းဟာ အတော်လေးကို မြင့်မားတဲ့ အနေအထားပါ။ ဒါပေမယ့် အီတလီဟာ နိုင်ငံရေးဆိုင်ရာ အခက်အခဲတွေနဲ့ အရင်ကတည်းက မစိမ်းခဲ့တာမို့ တော်တော်လေး အသားကျလို့နေပါပြီ။ ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်ကတည်းက အီတလီမှာ အစိုးရပေါင်း ၆၄ ဆက် လောက်ရှိခဲ့ ပြီးပါပြီ။

ဖိုက်စတားလှုပ်ရှားမှု အဖွဲ့ရဲ့ ခေါင်းဆောင် လီဂျီဒီမိုင်ယိုက သမ္မတမတ်တာရီလာကိုဖြုတ်ချဖို့ တောင်းဆိုထားတဲ့အပြင် လိဂ်အဖွဲ့ခေါင်းဆောင် မတ်တီအိုအယ်လ်ဗီနီက ဂျာမနီဟာ သမ္မတရဲ့ ဗီတိုအာဏာနောက်ကွယ်မှာပဲရှိခဲ့တယ်။ ဒါပေမယ့် အီတလီကတော့ ကိုလိုနီနိုင်ငံတစ်ခုမဟုတ်တဲ့အတွက် ဒီလိုမရှိသင့်ဘူးလို့ ပြောဆိုခဲ့ပါတယ်။ အဆိုပြုထားခြင်းခံထားရတဲ့ ခေတ္တအစိုးရအဖွဲ့ဟာ ဂရုတစိုက်နဲ့ ကိုင်တွယ်ရမယ့် အခြေအနေဖြစ်ပါတယ်။

မစ္စတာ ကိုတာရီလီက ရွေးကောက်ပွဲတွေကို ၂၀၁၉ အစော ပိုင်းလောက်မှာ ကျင်းပသွားဖို့ရှိတယ်။ ဒါမှမဟုတ် ၎င်းအနေနဲ့ ခိုင်လုံတဲ့ ထောက်ခံမဲ မရနိုင်ခဲ့ဘူးဆိုရင်တော့ ဩဂုတ်လ နောက်ပိုင်းမှာ ကျင်းပသွားဖို့ရှိမယ်လို့ ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ**

**“အကယ်၍ သမ္မတမတ်တာရီလာက ကြားဖြတ်ရွေးကောက်ပွဲတွေ ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်မယ်ဆိုရင် ဒီဆုံးဖြတ်ချက်ဟာ ဥရောပသမဂ္ဂ ဩဇာအရှိန်အဝါ ကြီးထွားလာမှာကို မလိုလားတဲ့ ပါတီနှစ်ခုလုံးနဲ့ ကိုက်ညီမှာဖြစ်”**

# သစ်တောပြုန်းတီးမှု လျော့ပါးသက်သာစေဖို့ အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက် ရှိနေသည်။ တစ်ဟက်တာ အကျယ်အဝန်းရှိ မိုးသစ်တောများ၌ အပင်မျိုးစိတ်ပေါင်း ၅၀၀ နီးပါးမျှ ရှင်သန်ပေါက်ရောက်လျက် ရှိနေကြသည်။ အပင်ပေါက်ရောက်မှုနည်းပါးလှသည်ဟုဆိုကြသော ထင်းရှူးတောများ၌ပင် အပင်မျိုးစိတ်ပေါင်း ၁၅၀ ခန့်အထိ ပေါက်ရောက်ရှင်သန်နိုင်ကြသည်။

သစ်ပင်တို့သည် မြေကြီးထဲမှ အာဟာရဓာတ်များကို နေရောင်ခြည်ဖြင့် အလင်းဖွဲ့အစာချက်ပြီး စွမ်းအင်ကိုရရှိကြသည်။ သစ်ပင်တို့၏ အလင်းဖွဲ့အစာချက် ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူသုံးစွဲပြီး ကာဗွန်အဖြစ်သို့ ပြောင်းလဲသွားစေကာ ထိုကာဗွန်များကို ပင်စည်၊ အကိုင်း၊ အခက်စသော ဇီဝဒြပ်ထုထဲ၌ သိုလှောင်ထားလိုက်သည်။ ထို့ပြင် အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်များအဖြစ် သိုလှောင်ပေးထားကြသည်။

**သစ်ပင်သစ်တောများက ထုတ်လွှတ်ပေး**

သစ်ပင်တို့၏ အလင်းဖွဲ့အစာချက် ဖြစ်စဉ်တွင် ဘေးထွက်ပစ္စည်းအဖြစ် အောက်ဆီဂျင်ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးကြသည်။ ကမ္ဘာ့လေထုထဲတွင်ရှိသော အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသည် ကမ္ဘာ့မြေပြင်ပေါ်ရှိ သစ်ပင် သစ်တောများက ထုတ်လွှတ်ပေးနေသော ပမာဏဖြစ်သည်။

အလားတူပင် ရေမျက်နှာပြင်ပေါ်နှင့် ရေပြင်အောက်တို့၌ ပေါက်ရောက်နေကြသော ရေညှိ ရေမှော်နှင့် ရေအောက် အပင်များကလည်း ကမ္ဘာ့အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။ ရေညှိ၊ ရေမှော်ပင်များနှင့် ရေအောက်သစ်ပင်မျိုးစိတ်အားလုံးတို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် အောက်ဆီဂျင်ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။

ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြု လည်ပတ်နေကြသော မော်တော်ကားများ၊ အင်ဂျင်စက်များ၊ ယန္တရားများ၊ စက်ရုံများသည် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စက္ကန့်နှင့်အမျှ ထုတ်လွှတ်လျက်ရှိနေကြသည်။ တစ်ခါတစ်ရံ ကမ္ဘာ့မြေပြင်ပေါ်ရှိ မီးတောင်ကြီးများ ပေါက်ကွဲမှုဖြစ်သည့်အခါတွင်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏ အများအပြားသည် လေထုထဲသို့ အလုံးအရင်းနှင့် ပျံ့နှံ့ရောက်ရှိသွားသည်။

**အဆိပ်ဓာတ်ငွေ့များ လေထုထဲရောက်**

အလားတူပင် စစ်မက်ဖြစ်ပွားသည့်အခါများ၌လည်း ကျည်ဆန်နှင့် ဗုံးများ ပေါက်ကွဲမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့်တကွ အဆိပ်ဓာတ်ငွေ့ အများအပြားတို့သည် လေထုထဲသို့ ရောက်ရှိသွားကြသည်။ လုပ်ငန်းခွင် မတော်တဆမှုများကြောင့် ရေနံတွင်းများ မီးလောင်သည့်အခါတွင်လည်း တန်နှင့်ချီသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုထဲသို့ ရောက်ရှိသွားကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရို ကာဗွန်၊ ပါဖလူအိုရို ကာဗွန်နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက်တို့ ကဲ့သို့ပင် ကမ္ဘာကြီးကိုပူနွေးစေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာကြီးကို ပိုမို ပူနွေးလာစေသည်ဖြစ်ရာ အကယ်၍ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက ကမ္ဘာကြီးသည် အဆမတန် ပူပြင်းလာပြီး မြေကမ္ဘာပေါ်ရှိ လူသားတို့နှင့်တကွ ဇီဝမျိုးစုံမျိုးကွဲအားလုံးတို့ ပျောက်ကွယ်သွားကြလိမ့်မည် ဖြစ်သည်။

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းမိုးထားသော သစ်တောများနှင့်တကွ ကမ္ဘာအရပ်ရပ်ရှိ သစ်ပင်များအားလုံးတို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် စုပ်ယူပေးထားခြင်းဖြင့် ကမ္ဘာကြီး အဆမတန်ပူနွေးခြင်းမှ ကာကွယ်ပေးထားလျက် ရှိနေသည်။ ကမ္ဘာ့အပူပိုင်းဒေသရှိ ဒီရေရောက် သစ်တောများသည် အခြားဒေသရှိ သစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်နိုင်စွမ်းအား ပိုမိုမြင့်မားသည်။ ကမ္ဘာ့အပူပိုင်း သစ်တောဧရိယာများ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းမှာ ဒီရေရောက်တောများဖြစ်ကြပြီး အပူပိုင်းဒေသ မုတ်သုံသစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို နှစ်ဆမှ လေးဆခန့်အထိ စုပ်ယူသိုလှောင်ပေးထားနိုင်ကြသည်။

**ဒီရေတောများ ယုတ်လျော့လာ**

ဒက္ခိဏယဉ်စွန်းတန်းနှင့် ဥတ္တရယဉ်စွန်းတန်းကြား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများ၏ ဧရိယာသည် ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် ရာစုနှစ်ဝက်အတွင်း ၅၀ ရာခိုင်နှုန်းခန့်အထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ အကယ်၍ အပူပိုင်းဒေသ ဒီရေရောက်သစ်တောများ လုံးဝပျက်စီးသွားမည်ဆိုလျှင် တစ်ကမ္ဘာလုံးရှိ သစ်တောအားလုံး ပြုန်းတီးမှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို ကမ္ဘာ့လေထုထဲသို့ ပြန်လည်ထုတ်လွှတ်လိမ့်မည်ဖြစ်သည်။

သစ်ပင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို ပြန်လည် ထုတ်လွှတ်ပေးနိုင်ရုံမျှမက မြေကြီးထဲမှ ရေငွေ့များကိုလည်း စုပ်ယူပြီး လေထုထဲသို့ ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။ သစ်ပင်များကထုတ်လွှတ်သော ရေငွေ့များကို လေထုကစုပ်ယူပြီး မိုးအဖြစ် ပြန်လည်ရွာသွန်းပေးသည့်အတွက် သစ်ပင်သစ်တောများသည် ရေသံသရာလည်ခြင်းကို အဓိက အခန်းကဏ္ဍမှ အကျိုးပြုလျက်ရှိနေကြသည်။

ရာသီအလိုက်စိုက်ပျိုးသော အပင်ငယ်များသည်ပင်လျှင် ပေါက်ရောက်ရှင်သန်နေသည့် ရာသီခွင်အတွင်း၌ ရေငွေ့ပမာဏ လီတာ ၂၀၀ ခန့်ကို လေထုထဲသို့ ထုတ်လွှတ်ပေးနိုင်ကြသည်ဖြစ်ရာ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ပင်ကြီးများဆိုလျှင် ရေငွေ့ပမာဏ မည်မျှ ထုတ်လွှတ်ပေးနိုင်သည်ကို ခန့်မှန်းနိုင်သည်။

သစ်ပင်တို့သည် နေ့ဘက်၌ နေ၏အပူရှိန်ကို အမိုးသဖွယ် အုပ်မိုးကာရံပေးထားခြင်းဖြင့် မြေကြီးကို အေးမြစေသလို ညဘက်တွင်လည်း မြေကြီးက ပြန်လည်ထုတ်လွှတ်သည့် အပူဓာတ်ကို ထိန်းချုပ်ပေးထားခြင်းဖြင့် မြေပြင်ကို နွေးထွေးစေရန် ပြုလုပ်ပေးလျက် ရှိနေသည်။ ထို့ပြင် မြေဆီလွှာနှင့် ရေဓာတ်ကိုပါ ထိန်းသိမ်းပေးနိုင်သည့်အတွက် ရေတွင်းရေကန်များ၏ ပတ်လည်တွင် အပင်ကြီးများကို စိုက်ပျိုးထားခြင်းအားဖြင့် ရေခန်းခြောက်မှုဖြစ်နိုင်ခြေကို များစွာ လျော့ပါးသက်သာစေသည်။

အလားတူပင် မြစ်ချောင်းများ ရေလျှံသည့်အခါမျိုး၌လည်း စီးဆင်းလာသော ရေထုကြီးကို သစ်ပင်များက ခုခံ ဟန့်တားထားနိုင်သည့်အတွက် ရုတ်တရက် ရေကြီးရေလျှံဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်း ရှိကြသည်။ အကယ်၍ သစ်ပင်ကြီးများမရှိသော လွင်တီးခေါင်ပြင်အရပ်ဖြစ်နေခဲ့လျှင် ယင်းကဲ့သို့သော မြစ်ချောင်းများ ရေလျှံတက်ခြင်းမျိုးနှင့် ကြုံရသည့်အခါ လူနေမြို့ရွာများအတွင်းသို့ ရေမရေထုကြီးက အတားအဆီးမရှိ လွယ်ကူလျင်မြန်စွာ စီးဆင်းဝင်ရောက်လာမည်ဖြစ်ပြီး ရေဘေးအန္တရာယ်မှ လွတ်ကင်းအောင် ရှောင်တိမ်းထွက်ခွာရန်ပင် အချိန်မရနိုင်တော့ဘဲ အသက်အန္တရာယ်ကျရောက်မှုနှင့်တကွ ကြီးမားသော ပျက်စီးဆုံးရှုံးမှုကြီးများကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။

**မြစ်ကြောင်းများကို ကာကွယ်နိုင်**

မြစ်ကမ်းဘေး ဝဲယာတစ်လျှောက်တွင် သစ်ပင်သစ်တောများ ရှိနေခြင်းအားဖြင့် ရေသတ္တဝါများအတွက် အန္တရာယ်ရှိသည့် မြစ်ကြောင်းအတွင်း နုန်းအနည်အနစ်ကျခြင်းကို ထိထိရောက်ရောက် ကာကွယ်ပေးထားနိုင်သည်။ ယင်းကဲ့သို့ မြစ်ကြောင်းအတွင်း နုန်းအနည်အနစ်ကျခြင်းကို ထိထိရောက်ရောက် ဟန့်တားထားနိုင်သည့်အတွက် မြစ်ရေတိမ်သွားခြင်းနှင့် မြစ်ကြောင်းကျဉ်းသွားခြင်းမျိုး မဖြစ်နိုင်တော့ဘဲ ရေလမ်းကြောင်းကို အမြဲတမ်းပွင့်နေစေကာ ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းရေးတို့ကို ကောင်းစွာ အထောက်အကူပြုပေးနိုင်သည်။

သစ်ပင်သစ်တောများသည် အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကို လေထုထဲသို့ အမြဲမပြတ် ထုတ်လွှတ်ပေးခြင်းအားဖြင့် လေထု၏ဖိအားကို မြင့်တက်စေပြီး လေထုအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့၏ သိပ်သည်းဆကိုပါ မြင့်မားလာစေသလို ပတ်ဝန်းကျင်၏ အပူချိန်ကိုလည်း လျှော့ချပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့်ပင် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ပင်များ အများအပြားရှိနေသော မြို့တစ်မြို့သည် သစ်ပင်ပေါက်ရောက်မှုနည်းသောမြို့များထက် အပူချိန် သုံးဒီဂရီဆဲလ်စီးယပ်စ်ခန့်အထိ လျော့ပါးသက်သာနိုင်သည်။

ထို့ကြောင့် ပူသောအရပ်ဒေသများ၌ သစ်ပင်ကြီးများကို အများအပြား စိုက်ပျိုးခြင်းအားဖြင့် အရွယ်ရောက် ကြီးထွားလာသည့်အခါ အပူဒဏ်ကို လျှော့ချပေးနိုင်သည့်အပြင် အရွယ်ရောက်ကြီးထွားပြီးသော သစ်ပင်တစ်ပင်သည် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို လုံလောက်စွာ ထုတ်လွှတ်ပေးနိုင်စွမ်းရှိလာသည်။ ထို့ပြင် အေးသောအရပ်ဒေသများ၌ အပင်ကြီးများ အများအပြားရှိနေခြင်းဖြင့် လေအေးများ တိုက်ခတ်ခြင်းကို ခုခံဟန့်တားထားပေးသောကြောင့် လွန်ကဲသောအအေးဒဏ်မှ ကောင်းစွာ အကာအကွယ်ရရှိသည့်အတွက် အပူပေးစက်များတပ်ဆင်ရသော စရိတ်စကကို လျှော့ချပေးနိုင်သည်။

**သစ်ပင်များ ကာဗွန်ဓာတ်သိုလှောင်ပေး**

သစ်ပင်တို့၏ ဇီဝယန္တရားလည်ပတ်မှုကြောင့် ပင်စည်နှင့် အကိုင်းအခက် စသည်တို့တွင် သိုလှောင်ထားသော ကာဗွန်များသည် အပင်ခုတ်လှဲခံရသည့်အခါ ကာဗွန်အချို့က ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် လေထုထဲသို့ ထွက်သွားသည့်တိုင် ခုတ်လှဲခံရသော သစ်ပင်သည် ပရိဘောဂကဲ့သို့သော ဒြပ်ထုအသွင်ဖြင့် တည်ရှိနေသရွေ့ ကာဗွန်အများအပြားစုကို ဆက်လက် သိုလှောင်ပေးထားဆဲပင်ဖြစ်သည်။

သို့ရာတွင် ထင်းအဖြစ် သို့မဟုတ် လောင်စာအဖြစ် အသုံးချခံရခြင်းမျိုးနှင့် မီးလောင်ခြင်းမျိုး တို့ ဖြစ်ပေါ်ခဲ့လျှင်မူ သိုလှောင်ထားသမျှသော ကာဗွန်အားလုံးသည် ကာဗွန်ဒိုင်အောက်ဆိုက် များအဖြစ် လေထုထဲသို့ လျင်မြန်စွာ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်။

အလားတူပင် သစ်ပင်များကို ခုတ်လှဲဖြိုဖျက်သည့်အခါ ပင်စည်အောက်ခြေပိုင်းကို ချန်ထားခဲ့မည်ဆိုပါက အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ သိုလှောင်ပေးထားသော အော်ဂဲနစ်ကာဗွန်များသည် လေထုထဲသို့ ရောက်ရှိမသွားနိုင်ပေ။ သို့ရာတွင် သစ်ပင်ကို ခုတ်လှဲဖြိုဖျက်သည့်အခါ လူတို့၏လောဘဇောဖြင့် ပင်စည်အောက်ခြေနှင့်တကွ အမြစ်ကိုပါ တူးဆွဖော်ထုတ် ယူငင်သွားခဲ့လျှင်မူ မြေကြီးထဲရှိ အော်ဂဲနစ်ကာဗွန်များကလည်း ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် လေထုထဲသို့ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်။

**ကာဗွန်ဒိုင်အောက်ဆိုက်ဆုံးရှုံးမှုများ**

ကမ္ဘာကြီးကို ပူနွေးမှုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုအားလုံးကို အချိုးချကြည့်မည်ဆိုပါက အင်ဂျင်နှင့် စက်ယန္တရားများကြောင့် ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်မှာ ၈၀ ရာခိုင်နှုန်းရှိနေပြီး သစ်တောပြုန်းတီးခြင်း၊ သစ်ပင်သစ်တောများ မီးသင့်ခြင်းနှင့် ထင်းကို လောင်စာအဖြစ် အသုံးပြုကြခြင်းများကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်က ၂၀ ရာခိုင်နှုန်းရှိနေကြောင်း တွေ့ရှိကြရမည်ဖြစ်သည်။

သစ်ပင်များသည် သတ္တဝါတို့၏ အစာကွင်းဆက်ဖြစ်စဉ်ကို အခြေခံအဆင့်မှ အကျိုးပြုလျက်ရှိနေသည်။ အပင်နှင့် အရွက်စား သတ္တဝါတို့၏ အစာအာဟာရသည် အပင်ကြီး အပင်ငယ်မျိုးစုံတို့ပင်ဖြစ်ကြသည်။ အပင်နှင့် အရွက်စားသတ္တဝါတို့ကို အသားစားသတ္တဝါများနှင့် အစုံစားသတ္တဝါတို့က ထပ်ဆင့် စားသောက်ကြခြင်းအားဖြင့် သတ္တလောက၏ဂေဟစနစ်ကို ကောင်းစွာဖြစ်ထွန်းစေသည်။

လူသားတို့သည်လည်း အပင်များကို အစာအာဟာရအဖြစ် မှီဝဲစားသုံးကြသလို အပင်စားသတ္တဝါများနှင့် အစုံစားသတ္တဝါတို့၏ အသားများကိုလည်း အာဟာရနှင့် စွမ်းအင်ရရှိရေးအတွက် ချက်ပြုတ်စားသောက်ကြသည်။ ကျန်းမာရေးချွတ်ယွင်းသည့်အခါများ၌လည်း ရောဂါများကို ပျောက်ကင်းအောင်ကုသရန် ဘယဆေးပင်မျိုးစုံတို့ကို ဆေးဝါးများအဖြစ် ဖော်စပ်အသုံးပြုကြသည်။

**သဘာဝတရားကြီးက ပေးအပ်**

အလားတူပင် တိရစ္ဆာန်များသည်လည်း ရောဂါများ ကပ်ငြိကျရောက်သည့်အခါ ဆေးဖက်ဝင်အပင်များကို ရှာဖွေစားသုံးကြရသည်။ တိရစ္ဆာန်များ၌ ရောဂါများ ကပ်ငြိကျရောက်လာသည့်အခါ မည်သည့် ဆေးဖက်ဝင် အသီးအပွင့် အရွက် အခေါက်တို့ စားသုံးရမည်ကို အလိုအလျောက်သိရှိကြသည့် စွမ်းအားကို သဘာဝတရားကြီးက ပေးအပ်ထားသည်။ ဤနည်းအားဖြင့် သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် လူနှင့် သတ္တဝါတို့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးလျက် ရှိနေကြသည်။

ထို့ကြောင့်ပင် လူသားတို့အပါအဝင် သက်ရှိအားလုံးတို့၏ ၉၀ ရာခိုင်နှုန်းသည် သစ်ပင်များအပေါ်၌လည်းကောင်း၊ သစ်ပင်များ၏ အနီးအနားတွင်လည်းကောင်း ရှင်သန်ရပ်တည်နေကြရခြင်းဖြစ်သည်။ သက်ရှိအများအတို့က သစ်ပင်ကို အမှီသဟဲပြုကာ ရှင်သန်နေထိုင်လျက်ရှိနေကြသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့မရှိကြပေ။

သိပ္ပံပညာရှင်တို့သည် ပီရူးနိုင်ငံ၏ သစ်တောများအတွင်း၌ သစ်ပင်တစ်ပင်တည်းကို အမှီသဟဲပြုကာ ရှင်သန်နေထိုင်လျက်ရှိသော ပုရွက်ဆိတ်မျိုးစိတ်ပေါင်း ၄၃ မျိုးကို ရှာဖွေတွေ့ရှိလိုက်ကြခြင်းအားဖြင့် သက်ရှိတို့၏ ရှင်သန်မှုအတွက် သစ်ပင်များ၏အရေးပါပုံကို ဥပေက္ခာပြု၍မရနိုင်ကြောင်း ကမ္ဘာ့သိအောင် မီးမောင်းထိုးပြခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)



**သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်တွင် ဘေးထွက်ပစ္စည်းအဖြစ် အောက်ဆီဂျင်ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးကြသည်။ ကမ္ဘာ့လေထုထဲတွင်ရှိသော အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသည် ကမ္ဘာ့ မြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများက ထုတ်လွှတ်ပေးနေသော ပမာဏဖြစ်သည်။ အလားတူပင် ရေမျက်နှာပြင်ပေါ်နှင့် ရေပြင် အောက်တို့၌ ပေါက်ရောက်နေကြသော ရေညှိ ရေမှော်နှင့် ရေအောက်အပင်များကလည်း ကမ္ဘာ့အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။**

# အခြေခံပညာကျောင်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ပေးနေ

**မန္တလေး မေ ၃၀**

ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း မိဘများက သားသမီးပညာရေးအတွက် အလေးထား၍ အားတက်သရော ကျောင်းအပ်နှံနေကြခြင်းအတွက် ကျေးဇူးတင် ပီတိဖြစ်မိသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေခံပညာကျောင်းများအတွက် မျှော်လင့်ချက်ကြီးမားစွာဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း မေ ၂၉ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"အခြေခံပညာရေးဟာ အထက်တန်းအထိတိုင်အောင် အခမဲ့ပညာရေးစနစ်ဖြစ်သလို မိဘတွေ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဖို့ ဝတ်စုံ၊ ဗလာစာအုပ်နဲ့ ပြဋ္ဌာန်းစာအုပ်တွေကိုလည်း အခမဲ့ထောက်ပံ့ပေးနေတယ်။ ကလေးတွေရဲ့ပညာရေးမှာ အသားအရောင်၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာမရွေး၊ မသန်စွမ်းတာမခွဲခြားဘဲ ကျောင်းကိုရောက်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မိဘတိုင်းက ကိုယ့်ကလေးတွေ အထက်တန်းပညာ ပြီးဆုံးသည်အထိ စဉ်ဆက်မပြတ် ကျောင်းအပ်နှံပေးဖို့ တိုက်တွန်းလိုပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့လည်း ကလေးတွေ ပညာရေးအတွက် အထူးအာရုံစိုက် လုပ်ဆောင်ပေးနေပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းအပ်နှံပြီးသော ကလေးတိုင်း ကျောင်းနေမြဲရေးနှင့် အဆိုပါ ကလေးငယ်များအားလုံး ထိုက်သင့်သော ပညာအရည်အသွေးရရှိရေးဆိုသည့် ရည်မှန်းချက်ကို အဓိကထားပြီး ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

"ပညာရေးဌာနမှာ စိန်ခေါ်မှုတွေအနေနဲ့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေဖို့အတွက် နေစရာကျောင်းရှိမှဖြစ်မယ်၊ မြန်မာနိုင်ငံမှာ ကျောင်းမရှိသေးတဲ့ရွာတွေ အများကြီးရှိတယ်၊ ဒါကြောင့် နိုင်ငံတော်အစိုးရက နှစ်စဉ်ဘတ်ဂျက်ငွေတွေ အများကြီးသုံးစွဲပြီး ဖြည့်ဆည်းပေးနေတယ်၊ ကျောင်းဆောက်ပေးရုံနဲ့မရဘူး၊ ဆရာ ဆရာမတွေ ခန့်ဖို့လည်း ကြိုးစားရပါတယ်၊ ခန့်ထားပြီးရင်လည်း အရည်အသွေးမြင့်တဲ့ ဆရာဆရာမတွေဖြစ်ဖို့ အများကြီး လေ့ကျင့်ပေးရပါတယ်၊ ကျောင်းနေဖို့ အခွင့်အရေးတွေ ပိုမိုရရှိအောင် ဒီနှစ်မှာ ကျောင်းပေါင်း ၆၃၀၀ ကျော်ကို ကျောင်းအဆင့်တိုးမှုတွေ လုပ်ဆောင်ပေးခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ၁၉၉၉-၂၀၀၀ ခုနှစ် ပညာသင်နှစ်မှစ၍ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ကျောင်းအပ်နှံရေးအတွက် မြေစိုက်ပိုစတာများ စိုက်ထူ၍ ပညာရေးဝန်ကြီးဌာနက ပြည်သူများအား နှိုးဆော်တိုက်တွန်းခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ် စာရင်းကောက်ယူမှုများအရ အသက် ငါးနှစ်ပြည့်၍ KG တန်းသို့တက်ရောက်မည့် ကလေးပေါင်း ၁၃၆၉၀၀ အနက် မေ ၂၅ ရက် တစ်ရက်တည်း၌ ၆၁ ရာခိုင်နှုန်း ကျောင်းအပ်ခဲ့ပြီး ယခင်နှစ်ကရှိခဲ့သည့် ကျောင်းသားပေါင်း ၉၆၀၀၀၀ ကျော်အနက် ၇၃ ရာခိုင်နှုန်းမှာလည်း ကျောင်းအပ်နှံခဲ့၍ မိဘများက သားသမီးပညာရေးအတွက် အလေးထားဆောင်ရွက်မှုများကို အားရကျေနပ်စွာ တွေ့မြင်ရကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက အဆိုပါကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပြောကြားသည်။



**မင်းထက်အောင် (မန်းကိုယ်ပွား)**

## မြေလွတ်မြေရိုင်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားတတ်စေရန် ဖားဆောင်း၌ အသိပညာပေး

**ဖားဆောင်း မေ ၃၀**

ဖားဆောင်းမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေလွတ်မြေရိုင်းများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားတတ်စေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို မေ ၂၈ ရက်က ဖားဆောင်းမြို့နယ် ပါပုကျေးရွာခန်းမဆောင်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်ဇော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအရ ပုံစံ ၇ လျှောက်ထားမှုနှင့်ပတ်သက်သည့်အချက်များကိုလည်းကောင်း၊ မြေလွတ်မြေရိုင်းများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားခြင်းကိုလည်းကောင်း၊ သိမ်းဆည်းမြေဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ကျော်ဆင့်က ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးပြေသိမ်းက သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရန်နှင့် အရည်အသွေး အထွက်နှုန်း ကောင်းမွန်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရန် စသည်တို့ကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

မြေလွတ်မြေရိုင်းများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားတတ်စေရန် ဆွေးနွေးပွဲကိုများကို ဖားဆောင်းမြို့နယ်အတွင်း ပြုလုပ်လျက်ရှိရာ မေ ၂၄ ရက်က တောင်ပေါ်ကျေးရွာတွင်လည်းကောင်း၊ မေ ၂၅ ရက်က နန်းကစ်ကျေးရွာတွင်လည်းကောင်း၊ မေ ၂၈ ရက်က ခဲမဖြူကျေးရွာတွင်လည်းကောင်း ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်သောကျေးရွာများတွင်လည်း အလားတူဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကင်းတောင်တက် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ တတိယအကြိမ် ကျင်းပ

**မန္တလေး မေ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်က ကြီးမှူး၍ Mandalay Free Rider(MFR) စက်ဘီးစီးအဖွဲ့က ဦးစီးကျင်းပသည့် တတိယအကြိမ်မြောက် ရန်ကင်းတောင်တက် (Mountain Bike) ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို မေ ၂၉ ရက်က မန္တလေး မဟာအောင်မြေမြို့နယ်၌ ကျင်းပသည်။

ပြိုင်ပွဲ၏ အဓိကပံ့ပိုးအလှူရှင်ဖြစ်သည့် BIKERS စက်ဘီးအရောင်းဆိုင်ရှေ့ တာထွက်စုရပ်နေရာတွင် ကျင်းပသည့် အဆိုပါစက်ဘီးစီးပြိုင်ပွဲသို့ အား/ကာ သိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကိုအောင်ဝင်းထွန်းနှင့်အဖွဲ့ဝင်များ၊ စက်ဘီးစီး အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲတွင် မန္တလေးမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ စက်ဘီးကလပ်အသင်းများမှ သက်တမ်းအလိုက်ပြိုင်ပွဲဝင် ၃၅၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် စက်ဘီးစီးသမားများသည် စုရပ်မှ ၇၈ လမ်းအတိုင်း ၂၆ လမ်း၊ လမ်း ၈၀၊ ၁၂လမ်း၊ မန္တလေး-မတ္တရာလမ်းမှ တစ်ဆင့် ရေနီမြောင်းတာပေါင်လမ်းမှ လယ်ကွင်းလမ်းများအတိုင်း ဖြတ်သန်း၍ ရန်ကင်းတောင်ပေါ် အတက်ခရီးကို အကြိတ်အနယ် စီးနင်းယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင် ၃၅၀ အနက် ၂၅၀ ပန်းဝင်နိုင်ခဲ့ကြောင်း၊ အသက် ၂၅ နှစ်အောက်ပြိုင်ပွဲတွင် ထက်အောင်ဦး၊ ဝေဖြိုးနှင့် ထက်အာကာထွန်းတို့က ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိကြပြီး အသက် ၆၀ နှစ်အထက် ပြိုင်ပွဲတွင် ဦးလုရွှေ၊ ဦးရဲကြည်နှင့် ဦးထွန်းခိုင်တို့က ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြောင်း သိရသည်။



အသက် ၂၅ နှစ်မှ ၃၅ နှစ်အတန်း ပြိုင်ပွဲတွင် အောင်ပိုင်စိုး၊ သိန်းဟန်နှင့် အောင်ကိုကိုဦး၊ ၃၅-၄၅ တန်း ပြိုင်ပွဲတွင် ဇော်ဝင်းထိုက်၊ စိုးရဲထွန်းနှင့် အောင်ကျော်စိုး၊ ၄၅-၆၀ တန်းပြိုင်ပွဲတွင် ဦးဝင်းနိုင်တာ၊ ဦးခင်မောင်ချိုနှင့် ဦးနိုင်၊ အမျိုးသမီးပြိုင်ပွဲတွင် ဟေမာဝင်း၊ ထက်ထက်ဝေယံနှင့် ကြည်စန္ဒာအောင် တို့က ဆုများရရှိကြကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား တိုင်းဒေသကြီ အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းနှင့် ပြိုင်ပွဲပံ့ပိုးသူ BIKERS စက်ဘီးဆိုင်တို့က ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ဂုဏ်ပြုခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်ခရိုင်၌ သဘာဝဘေးကို တုံ့ပြန်ရန် ကြိုတင်ပြင်ဆင်ထား

**ပေါင်းတည် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း သဘာဝဘေးကြုံတွေ့ရပါက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော်အတွင်း လတ်တလောဖြစ်ပွားနေသည့် မုန်တိုင်းကြောင့် ပြည်ခရိုင်မီးသတ်ဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ပြည်၊ ပေါင်းတည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်းနှင့် ရွှေတောင်မြို့နယ်တို့တွင် လေပြင်းတိုက်ခြင်း၊ မိုးကြီးခြင်း စသည့် သဘာဝဘေးအန္တရာယ်နှင့်အခြားသောဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို အသင့်စုဖွဲ့ထားရှိရန် ပြည်ခရိုင်မီးသတ်ဦးစီးဌာနက မြို့နယ်များရှိ မီးသတ်ဦးစီးဌာနများအား အသိပေးနှိုးဆော်ထားခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



## ကျောင်းကုန်းမြို့၌ စနစ်ကျလယ်မြေ ဧက ၁၂၀ ကျော် ဖော်ထုတ်ပြီး စတင်စိုက်ပျိုးနိုင်တော့မည်

**ကျောင်းကုန်း မေ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာရှိ စနစ်တကျလယ်ယာမြေဧက ၁၂၂ ဒသမ ၉၁ ဧက ဖော်ထုတ်မှု လုပ်ငန်းအားလုံး မေ ၂၉ ရက်က ပြီးစီးသွားပြီဖြစ်ရာ ယခုမိုးရာသီတွင် စတင်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စနစ်ကျစက်မှုလယ်ယာမြေဖော်ထုတ်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနက လယ်ယာမြေပြုပြင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ကညင်ရိုးချောင်းတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) အနေဖြင့် ရေပေးမြောင်း၊ ပြွန်ရေထုတ်ပေါက်နှင့် ရေတင်စက်ရုံတို့ကို မိုးရာသီအကုန် ပွင့်လင်းရာသီတွင် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်သမား ၁၅ ဦးပိုင်ဆိုင်သော လယ်ယာမြေ ၁၂၂ ဒသမ ၉၁ ဧက ကို စနစ်တကျလယ်ယာမြေကွက်များအဖြစ် ဖော်ထုတ်ခြင်း၊ မြေပြုပြင်ခြင်းများ ဆောင်ရွက်ပြီး လယ်သမားများထံ ပြန်လည်အပ်နှံပေးပြီးဖြစ်၍ ယခုမိုးရာသီတွင် စတင်စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ၂၀၃၀ မှာ ပြည့်ဝဆီတွေကို အပြီးဖယ်ရှားပစ်မယ့် အစီအစဉ်

**ကလျာမိုးမြင့်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဖယ်ရှားရှင်းလင်းရေးပြုလုပ်မယ့် အစီအစဉ်တစ်ရပ်ကို ကြေညာခဲ့ပါတယ်။ အဲဒီအစီအစဉ်ကတော့ အရွယ်မတိုင်မီသေဆုံးရမှုဖြစ်ရပ် သန်းပေါင်းများစွာနဲ့ ဆက်စပ်နေတဲ့ အဆီခဲနဲ့ အခြားသော သွေးကြောပိတ်ဆို့မှုကိုဖြစ်ပွားစေတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ထုတ်လုပ်ပေးနေတဲ့ စက်ရုံက ထုတ်လုပ်လိုက်သော အသင့်စားဆီတွေ အသုံးပြုနေမှုကို ပပျောက်သွားဖို့ ကမ္ဘာအနှံ့ က အစိုးရအဖွဲ့အစည်းတွေကို တိုက်တွန်းသွားမယ့် အစီအစဉ် တစ်ရပ်ပဲဖြစ်ပါတယ်။

ဟိုက်ဒရိုဂျင်နဲ့တစ်စိတ်တစ်ပိုင်းပေါင်းထားတဲ့ ဟင်းရွက်ဆီလို့ အမေရိကန်က စားသုံးသူတွေက သိရှိထားကြတဲ့ ပြည့်ဝဆီ တစ်နည်းအားဖြင့် လူကဖန်တီးထားတဲ့ အသင့်စားဆီတွေဟာ တစ်နှစ်မှာ လူငါးသိန်းလောက် သေဆုံးရမှုတွေနဲ့ ဆက်နွယ်ပတ် သက်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဆိုရင် အဲဒီဆီတွေကို ဈေးနှုန်းချိုသာပြီး တာရှည်အထားခံတဲ့အတွက် နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲနေကြသလို အဲလိုသုံးနေတာကြောင့် ဖြစ်လာနိုင်တဲ့ ကျန်းမာရေးဆိုင်ရာအန္တရာယ်ရှိမှုတွေကို လုံလုံလောက်လောက် သတိပေးဖော်ပြတာတွေကလည်း နည်းပါးနေတယ်လို့ သိရ ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြခဲ့တဲ့ အဲဒီဖယ်ရှားရှင်းလင်းရေးအစီအစဉ်အရ လာမယ့် ၂၀၃၀ မှာ အသင့်စားဆီတွေကို ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာထောက်ပံ့ပေးအပ်မှုတွေကနေ လုံးဝအမြစ်ပြတ် ဖယ်ရှားရှင်းလင်းပစ်မှာဖြစ်ပြီး လူ ၁၀ သန်းလောက်ရဲ့အသက်ကို ကယ်တင်နိုင်လိမ့်မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ပြောကြားချက်အရ သိရပါတယ်။

ဒီကြိုးပမ်းမှုကို ၂၀၀၆ ခုနှစ်မှာ ပြည့်ဝဆီတွေအပေါ် နိုင်ငံရဲ့ ပထမဆုံးသော မြူနီစီပယ်တားဆီးပိတ်ပင်မှုကို အစပြုခဲ့တဲ့ မစ်ချယ်ဘလွန်းဘာ့ဂ်က ကျောထောက်နောက်ခံပေးထားတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Vital Stratgies နဲ့ အတူ မိတ်ဖက်အဖြစ်ပူးပေါင်းကာ အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြမှာဖြစ်တယ်လို့ ဆိုပါတယ်။

တားဆီးပိတ်ပင်ရေးဆောင်ရွက်မှုနောက်ကွယ်မှာ တွန်းအားသဖွယ်ဆောင်ရွက်ခဲ့တဲ့ နယူးယောက်မြို့ကျန်းမာရေးကော်မရှင်နာဟောင်း ဒေါက်တာသောမတ်စ်အာဖရိဒ်ဒင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အင်အားစိုက်ထုတ်ကြိုးပမ်းမှုဟာ



နှလုံးသွေးကြောနဲ့ဆိုင်တဲ့ရောဂါ ဖြစ်ပွားမှုကြောင့် အသက်သေဆုံးရမှုတွေကို လျှော့ချဖို့ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ကုန်ကျစရိတ်နည်းပါးတဲ့ နည်းလမ်းဖြစ်ပြီး တစ်နှစ်မှာ လူ ၁၇ သန်းလောက်ရဲ့အသက်တွေကို ကယ်ဆယ်နိုင်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

အကယ်၍ ပြည့်ဝဆီ( အသင့်စားဆီ)တွေကို ကမ္ဘာကြီးက အစားထိုးပြောင်းလဲမှုလုပ်လိုက်မယ်ဆိုရင် ပြည်သူတွေဟာ အစားအသောက်စရိတ်လည်း ပိုပြီးကုန်ကျမှာမဟုတ်ဘူး။ သိသိသာသာကြီး ထူးခြားပြောင်းလဲသွားမှာလည်း မဟုတ်ဘူး။ ဒါပေမယ့် ကျန်းမာခြင်းရဲ့မတူခြားနားတဲ့ရလဒ်ကိုတော့ သင့်နှလုံးသားက ခံစားမိလိမ့်မယ်လို့ ဒေါက်တာဖရိဒ်ဒင်က ပြောခဲ့ ပါတယ်။

**“ ပြည့်ဝဆီ( အသင့်စားဆီ)တွေကို ကမ္ဘာကြီးက အစားထိုးပြောင်းလဲမှု လုပ်လိုက်မယ် ဆိုရင် ပြည်သူတွေဟာ အစားအသောက်စရိတ်လည်း ပိုပြီးကုန်ကျမှာမဟုတ်ဘူး။ သိသိသာသာကြီး ထူးခြားပြောင်းလဲသွားမှာလည်း မဟုတ်ဘူး။ ဒါပေမယ့် ကျန်းမာခြင်းရဲ့ မတူခြားနားတဲ့ရလဒ်ကိုတော့ သင့်နှလုံးသားက ခံစားမိလိမ့်မယ်”**

**ကိုးကား-နယူးယောက်တိုင်း(မ်)**

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် မေ ၃၀**

ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းအဖွဲ့ကကြီးမှူး၍ “နှလုံးရောဂါ ကာကွယ်ရေး ဆေးလိပ်နှင့်ကွမ်းယာရှောင်ကြဉ်ပေး -Tobacco and Heart Diseases" ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်ဝင်ဂါးဒင်း ဟိုတယ်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသန်းစိန်က “ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို နှစ်စဉ် မေ ၃၁ ရက်မှာကျင်းပလေ့ရှိပါတယ်၊ ၁၉၈၈ ခုနှစ်ကစတင်ကျင်းပပြီး ဒီနှစ်ဆိုရင် နှစ် ၂၀ ကျော် ရှိသွားပါပြီ၊ အရင်တုန်းကတော့ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းကတော့ လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်ပါတယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ နှစ်စဉ်ဆောင်ပုဒ်တစ်ခုထုတ်ပြန်ပြီး ပြည်သူလူထု အသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်၊ ဒီနှစ်မှာတော့ နှလုံးရောဂါကာကွယ်ရေး ဆေးလိပ်ကွမ်းယာရှောင်ကြဉ်ပေးဖြစ်ပါတယ်၊ အဓိက ရည်ရွယ်ချက်ကတော့ ဆေးလိပ်၊ ကွမ်းယာ သုံးစွဲမှုကြောင့်နှလုံးရောဂါဖြစ်ပွားနိုင်တယ်၊ သေဆုံးနိုင်တယ်ဆိုတာကို အသိပေးခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

မြန်မာ့လူမှုအသိုက်အဝန်းအတွင်း တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်မိခြင်းကြောင့် ရောဂါများဖြစ်ပွားလျက်ရှိကြောင်း၊ ယင်းအတွက် ဆေးရုံများ၊ ကျောင်းများ၊ ရုပ်ရှင်ရုံများ၊ ရုံးများတွင် ဆေးလိပ်မသောက်ရနယ်မြေများ သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်က စစ်တမ်းအရ ကလေး ၆၀ ရာခိုင်နှုန်းမှာနေအိမ်များရှိ မိသားစုဝင်များ၏ ဆေးလိပ်သောက်သုံးမှုကြောင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်နေရကြောင်း၊ ဆေးလိပ်ငွေ့ကင်းစင်ရေးဥပဒေနှင့် တားမြစ်ထားသော်လည်း လိုက်နာမှုတွင် အားနည်းနေကြောင်းလည်း ဒေါက်တာသန်းစိန်က ပြောသည်။

ဆေးလိပ်မီးခိုးငွေ့တွင် နှလုံးသွေးကြောများကို အန္တရာယ်ဖြစ်စေသည့် နစ်ကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ကတ္တရာဓာတ်တို့ ပါဝင်လျက်ရှိရာ ကမ္ဘာပေါ်တွင် နှလုံးရောဂါကြောင့်သေဆုံးသူများ၏ ၁၂ ရာခိုင်နှုန်းနီးပါးသည် ဆေးလိပ်ကို ကိုယ်တိုင်သောက်သုံးခြင်းကြောင့်သော်လည်းကောင်း၊ ဒုတိယအဆင့်ဆေးလိပ်ငွေ့ရှူရသူ သို့မဟုတ် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရသူများဖြစ်ကြောင်းကို သုတေသီများက တွေ့ရှိထားသည်ဟု ဆိုသည်။



လက်ရှိမြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်စစ်တမ်း ၂၀၁၅-၂၀၁၆ အရ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း အမျိုးသားများ၏ ၃၂ ရာခိုင်နှုန်းသည် စီးကရက်သောက်သုံးကြ၍ ၁၄ ရာခိုင်နှုန်းမှာ ဆေးပေါ့လိပ်သောက်သုံးကြကြောင်း၊ အမျိုးသမီးများမှာ ၂ ရာခိုင်နှုန်းသောက်သုံးကြောင်း၊ အသက် ၄၀ မှ ၄၉ နှစ်အတွင်း မြန်မာအမျိုးသား ၉၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၈ ရာခိုင်နှုန်းမှာလည်း ကွမ်းယာစားသုံးနေကြကြောင်း၊ ဆေးလိပ်၊ ကွမ်းယာစားသုံးမှုကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ အစရှိသောနှလုံးရောဂါဖြစ်ပွားမှုအရေအတွက်သည်လည်း များပြားလာလျက်ရှိကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဆရာဝန်နှင့် သူနာပြုများ အပါဝင်လူပေါင်း ၁၀၀ ကျော်တက်ရောက်ကြပြီး ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုနှင့်ပတ်သက်သောမေးခွန်းအမေးအဖြေများပြုလုပ်ကြကြောင်းသိရသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး( မြန်မာ့အလင်း)**

# မုဒုံမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး

**မုဒုံ မေ ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျရေးအတွက် ရည်ရွယ်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ကမာဝက်မြို့ ရပ်ကွက်(၂)သို့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မေ ၂၉ ရက်က သွားရောက်ပြီး အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲသို့ အထက(ကမာဝက်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ လာရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သတိပြုရမည့် ဆောင်ရန်ရှောင်ရန်များ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်သော မှုခင်းများ၊ လူကုန်ကူးမှုဖြစ်ပွားနိုင်သော အခြေအနေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ချက်များကို အသိပညာပေးခဲ့ကြပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။

**မော်လမြိုင်(ကိုယ်ပွား)**

# ပုသိမ်မြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပွဲနှင့် အလကကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကျင်းပ

**ပုသိမ် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ်နံ့သာပုကျေးရွာအုပ်စု နံ့သာပုကျေးရွာတွင် မြင့်အင်(န်)အဆိုစီရိတ်(စ်) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်း လီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို မေ ၂၉ ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်ဝင်း၊ ငပုတောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ မြို့နယ်ပညာရေးမှူးဦးစိုးဝင်းနှင့် မြင့်အင်(န်)အဆိုစီရိတ်(စ်) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်မှ ဦးမျိုးတင်တို့က ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်နှင့်ဆက်စပ်ပစ္စည်းများ၊ စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံ ပေ ၃၀ ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျပ်သိန်း ၆၇၀ အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# နေပြည်တော်မှ ရခိုင်ပြည်နယ်သို့ ခရီးသည်တင် မီနီဘတ်(စ်)များ ပြေးဆွဲလျက်ရှိ

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မကွေး-ကံပြားလမ်းအတိုင်း မင်းဘူးမြို့နှင့် ရခိုင်ပြည်နယ် အမ်း၊ စစ်တွေ၊ ကျောက်ဖြူမြို့များသို့ ခရီးသည် ၂၃ ဦးဆံ့သည့် မီနီဘတ်(စ်) မော်တော်ယာဉ်များဖြင့် တိုက်ရိုက်ပြေးဆွဲလျက်ရှိရာ အဆိုပါခရီးစဉ်ကြောင့် ခရီးသည်များအတွက် လုံခြုံစိတ်ချ အဆင်ပြေချောမွေ့စွာ သွားလာနိုင်လျက်ရှိကြောင်း သိရသည်။

“အရင်ကဆိုရင် နေပြည်တော်ကနေ ရန်ကုန်ကို ပြန်ဆင်းသွားပြီးတော့မှ ရခိုင်ကိုသွားလို့ရတယ်၊ အချိန်ကြန့်ကြာမှုတွေရှိခဲ့တယ်၊ အခုတော့ နေပြည်တော်ကနေ ဒီနေ့ညနေ ၃ နာရီခွဲထွက်ရင် မနက်ဖြန် ညနေ ၃ နာရီခွဲ ရောက်တယ်၊ ၂၄ နာရီအတွင်း ရခိုင်ကို ရောက်တယ်၊ အရင်ကထက် ခရီးစဉ်တိုသွားတယ်လို့ပြောရမယ်၊ လမ်းခရီးလည်း လုံခြုံမှုရှိပါတယ်”ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

“ဒီခရီးစဉ် စတင်ပြေးဆွဲကတည်းက ကျွန်တော်တို့ ယာဉ်လုပ်ငန်းရှင်တွေအနေနဲ့လည်း အဆင်ပြေပါတယ်၊ အခု လတ်တလောအခြေအနေမှာ အခက်အခဲပြောပြပါဦးဆိုရင် အားလုံးသိကြတဲ့အတိုင်း စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်နေလို့ပါပဲ၊ ဒီကိစ္စအတွက် ကျွန်တော့်အမြင်တစ်ခုကို ပြောရရင် ပြည်တွင်းက လုပ်ငန်းရှင်တွေအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေပါ ပါဝင်လာမယ်ဆိုရင် စက်သုံးဆီဈေးနှုန်း ဒီထက်သက်သာသွားလိမ့်မယ်လို့ မြင်ပါတယ်”ဟု ပျဉ်းမနားမြို့ ဘောဂသီရိမော်တော်ယာဉ်ဝင်းအတွင်းမှ ရခိုင်ပြည်နယ်ဒေသသို့ လက်ရှိပြေးဆွဲနေသည့် ရွှေသဇင်ခိုင်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဇော်လင်းက ပြောဆိုသည်။

အဆိုပါ မီနီဘတ်စ်ယာဉ်လိုင်းခရီးစဉ်သည် နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေး မော်တော်ယာဉ်ဝင်းမှ စတင်ထွက်ခွာပြီး ဇမ္ဗူသီရိမြို့နယ် မြို့မဈေး အဝေးပြေးမော်တော်ယာဉ်ဝင်းအတွင်းရှိ ခရီးသည်အချို့ကို ထပ်မံတင်ဆောင်ကာ မကွေး-ကံပြားလမ်းအတိုင်း မောင်းနှင်၍ မင်းဘူး၊ အမ်း၊ စစ်တွေ၊ ကျောက်ဖြူမြို့များသို့ မောင်းနှင်ကြောင်း၊ အဆိုပါ ခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ကျပ် ၂၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်မှု တားဆီးရေးဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် မေ ၃၀**

မြန်မာနိုင်ငံ၏ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားနေခြင်းများ လျော့ကျစေရန် ရည်ရွယ်လျက် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ တာဝန်ရှိသူများဦးဆောင်ကာ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်ဖောက်ကားမှု ခွဲခြားခြင်းဆိုင်ရာသင်တန်း(Basic Illegal Wildlife Trade Investigation Training)ကို မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မေ ၂၉ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းကို မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဝန်ထမ်း ၂၀၀ ခန့်အား ပို့ချခြင်းဖြစ်ပြီး အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) မှ ဦးအောင်ကျော်က “ ဒီသင်တန်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ တောရိုင်းတိရစ္ဆာန်နဲ့ တောရိုင်းတိရစ္ဆာန်ထွက် အစိတ်အပိုင်းတွေကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ နိုင်ငံတကာကို သယ်ယူပို့ဆောင်မှုမရှိစေရေးနဲ့ ပြီးရင် လေဆိပ်မှာ တာဝန်ကျနေတဲ့ လုံခြုံရေးဝန်ထမ်းတွေနဲ့ အခြား တရားဥပဒေစိုးမိုးရေး ဝန်ထမ်းတွေက တောရိုင်းတိရစ္ဆာန်ထွက် အစိတ်အပိုင်းတွေကို မန္တလေးလေဆိပ်မှာ စနစ်တကျနဲ့ တားဆီးစစ်ဆေး အရေးယူနိုင်ဖို့အတွက် ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက လေဆိပ်ဝန်ထမ်းတွေက တောရိုင်းအစိတ်အပိုင်းတွေကို စနစ်တကျနဲ့ ခွဲခြားနိုင်ပြီး တားဆီးနိုင်ရေးအတွက်လည်း ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။



အဆိုပါ သင်တန်းတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ Law Enforcement Advisor ဖြစ်သူ Mr Justin Douglas GOSLING ၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးအောင်ကျော်၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရေးဆိုင်ရာ အရာရှိဒေါ်မြသီတာအောင်တို့က သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကာ သင်တန်းသို့ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဝန်ထမ်းများ၊ လေဆိပ်ရဲနှင့် အကောက်ခွန်ဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - WCS**

# မင်းလှမြို့နယ်၌ ဆေးဝါးနှင့် အစားအသောက်များ ကျန်းမာရေးညီညွတ်မှုရှိစေရန် ကွင်းဆင်းစစ်ဆေး

**မင်းလှ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ဆေးဝါးနှင့် အစားအသောက် ကွပ်ကဲရေးကော်မတီအဖွဲ့က ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် မြို့နယ်အတွင်း ရောင်းချနေသည့် ဆေးဝါးနှင့်အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် မေ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် လက်ဆက်အုပ်စု စိန်ကန့်လန့်ကျေးရွာအတွင်း ဈေးဆိုင်များတွင် ရောင်းချနေသော ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ မှတ်ပုံတင်ထားခြင်း ရှိ မရှိနှင့် သက်တမ်းကုန်ပစ္စည်းများ ရောင်းချခြင်းရှိ မရှိတို့ကို စစ်ဆေးပြီး စစ်ဆေးတွေ့ရှိသော ဈေးဆိုင်များမှ ဆေးဝါးနှင့်မုန့်များကို သိမ်းဆည်းကာ ဆိုင်ရှင်များအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။ အလားတူ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးခန်းများကို လိုက်လံစစ်ဆေးခဲ့ပြီး ဆေးဝါးများကို သိမ်းဆည်းကာ နောင်တွင် ဆက်လက်ဖွင့်လှစ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပြောကြားပြီး ခံဝန်ကတိလက်မှတ် ရေးထိုးစေခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# စဉ့်ကူးမြို့နယ်၌ သုဇနသဟာယ ဘိုးဘွားရိပ်သာ ဖွင့်

**စဉ့်ကူး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာရှိ သုဇနသဟာယ လူမှုကူညီရေးအသင်းနှင့် စေတနာရှင်အလှူရှင်များ၏ စုပေါင်းကောင်းမှုဖြင့် ဆောက်လုပ်လှူဒါန်းထားသော သုဇနသဟာယဘိုးဘွားရိပ်သာ ဖွင့်ပွဲကို မေ ၂၉ ရက်က အဆိုပါကျေးရွာ ဘိုးဘွားရိပ်သာ(လူအိုရုံ)၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သုဇနသဟာယဘိုးဘွားရိပ်သာ အဆောက်အအုံကို ကျည်တောက်ပေါက်ကျေးရွာ သုဝဏ္ဏမေဒနီကျောင်းတိုက်ဆရာတော်၊ လက်လှုပ်ကျေးရွာမှ အဘိုးဦးထွန်းကြည် (၈၉)နှစ်နှင့် ကဘွက်ကျေးရွာ အဘွားဒေါ်သီ (၉၀)နှစ် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး သုဝဏ္ဏမေဒနီကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တတေဇနိယက သုဇနသဟာယဘိုးဘွားရိပ်သာ ဆောက်လုပ်ရသည့် ရည်ရွယ်ချက်များနှင့် အောင်မြင်ပြီးမြောက်မှု အခြေအနေများကို ရှင်းလင်းမိန့်ကြားခဲ့သည်။

အဆိုပါ ဘိုးဘွားရိပ်သာသည် စဉ့်ကူးမြို့နယ်တွင် ပထမဆုံးအကြိမ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် ဘိုးဘွားရိပ်သာဖြစ်ပြီး ကျည်တောက်ပေါက်ကျေးရွာ သုဇနသဟာယ လူမှုကူညီရေးအသင်းနှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ် သိန်း ၁၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ကြောင်း၊ ဘိုးဘွားရိပ်သာ တွင် သံဃာတော်များအတွက် ကျိန်းစက်ရန်နှင့် နားနေဆောင် တစ်ဆောင်၊ ဘိုးဘွားများအတွက် အိပ်ခန်းနှင့် နားနေဆောင် နှစ်ဆောင်၊ အာဟာရဘောဇနသာလာ (ထမင်းစားဆောင်)တစ်ဆောင်၊ ဓမ္မာရုံ တစ်ဆောင်၊ စားဖိုဆောင် တစ်ဆောင်၊ ရေချိုးကန် ရှစ်ကန်နှင့် ကုဋီသန့်စင်ခန်း ရှစ်ခန်းတို့ကို ပြည့်စုံစွာထားရှိပြီး အဘိုး ၂၀ နှင့် အဘွား ၂၀ နေထိုင်နိုင်ကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# ဒလ-ဖျာပုံကားလိုင်း မော်လမြိုင်ကျွန်းအထိ တိုးချဲ့ပြေးဆွဲ

**ဖျာပုံ မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ကြား ပြေးဆွဲနေသော ထက်အောင်ကျော်မော်တော်ကားလိုင်းက ဒလ-ဖျာပုံ ခရီးစဉ်အပြင် ဘိုကလေး-မော်လမြိုင်ကျွန်းအထိ မေလဆန်းပိုင်းမှစ၍ တိုးချဲ့ပြေးဆွဲပေးလျက်ရှိသဖြင့် မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်တိုင်းဒေသကြီးအထိ ခရီးသွားပြည်သူများအတွက် လွယ်ကူအဆင်ပြေလျက်ရှိကြောင်း ခရီးသွားများထံမှ သိရသည်။

ဒလမှမော်လမြိုင်ကျွန်းအထိ ကားခမှာ လူတစ်ဦးလျှင် ကျပ် ၃၅၀၀ ဖြစ်ပြီး နေ့စဉ်နံနက်ငါးနာရီမှစတင်ပြေးဆွဲကာ မီနီဘတ်စ်မှန်လုံကား ၁၁ စီးဖြင့် အသွားအပြန် ထွက်ခွာပေးနေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းမှ မော်လမြိုင်ကျွန်းမြို့သည် ယခင်က ဒေသတွင်းသွားလာရေးအတွက်ပင် ခက်ခဲခဲ့ပြီး ရေယာဉ်များကိုသာ အားထားခဲ့ရသော်လည်း ယခုအခါ နိုင်ငံတော်က မြစ်ကူးတံတားများ တည်ဆောက်ဖွင့်လှစ်ပေးခြင်းကြောင့် သွားလာရေး အဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဖားကန့်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**ဖားကန့် မေ ၃၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက်က ကျင်းပရာ အထက ဖားကန့်မှ ကျောင်းသား ကျောင်းသူများက ပညာပန်းခင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်မျက်ကုမ္ပဏီများ၊ ပရဟိတအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အတွင်း စာသင်ကျောင်းများတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်အမိုးများ ပြုပြင်ထိန်းသိမ်းရန်၊ ပရိဘောဂပစ္စည်းများ ဝယ်ယူရန်၊ ကျောင်းစာကြည့်တိုက်စာအုပ်များ ဖြည့်တင်းရန်နှင့် ကျောင်းအတွက်လိုအပ်သည်များ အသုံးပြုနိုင်ရန် စသည်တို့အတွက် စုပေါင်းလှူဒါန်းငွေ ကျပ် ၄၉၆ သိန်းခွဲနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်ဗလာ စာအုပ်များလည်း လှူဒါန်းခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# သဘာဝဘေးကြုံတွေ့ပါက ကူညီကယ်ဆယ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိ

**ညောင်ဦး မေ ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မုန်တိုင်းသတိပေးချက်များကို ပြည်သူများသိရှိနိုင်ရေး ထုတ်ပြန်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း မုန်တိုင်းအရှိန်ကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ပေးနိုင်ရေးအတွက် ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင် ဦးဆောင်သည့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ အဖွဲ့က ကယ်ဆယ်ရေးပစ္စည်းများနှင့်တကွ အသင့်ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မေ ၂၉ ရက် နံနက်ပိုင်းက ထုတ်ပြန်ထားသော သတိပေးချက်အရ မုန်တိုင်းအရှိန်ကြောင့် ညောင်ဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်းများ ဖြစ်နိုင်သဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနနှင့် ညောင်ဦးခရိုင်အတွင်းရှိ နယ်မြေမီးသတ်တပ်ဖွဲ့စခန်း အသီးသီးတွင်လည်း တာဝန်ခံမီးသတ်ဦးစီးမှူးများနှင့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးပစ္စည်းကိရိယာများကို စနစ်တကျ ပြုလုပ်ထားရှိပြီး အသင့်အနေအထားဖြင့် ကြိုတင်ဆောင်ရွက်ထားကြရေးအတွက် ညွှန်ကြားထားကြောင်း ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးသက်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး)ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ချင်းပြည်နယ်အတွင်း အဖိုးတန်သစ်တောစိုက်ခင်းများလုပ်ဆောင်ရေး ညှိနှိုင်းဆွေးနွေး

**ဟားခါး မေ ၃၀**

ချင်းပြည်နယ်အတွင်း အဖိုးတန်သစ်တောစိုက်ခင်းများ လုပ်ဆောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဟားခါးမြို့ရှိ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မေ ၂၉ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က ချင်းပြည်နယ်သည် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကိုသာ လုပ်ကိုင်အသက်မွေးခဲ့ကြရာ ယခုချိန်တွင် နည်းပညာများ တိုးတက်လာပြီဖြစ်၍ အဖိုးတန်သစ်ပင်များဖြစ်သည့် ထင်းရှူးပင် ၊ယူကလစ်ပင် အစရှိသည်များကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးကြရန်၊ မိမိပြည်နယ် ဝင်ငွေရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် (Royal Tree Services) ကုမ္ပဏီမှ ဒါရိုက်တာ ဦးသန်းဦးက ချင်းပြည်နယ်သည် အအေးပိုင်းဒေသဖြစ်၍ အဖိုးတန်သစ်ပင်များဖြစ်သည့် ထင်းရှူးပင်၊ ယူကလစ်ပင်များ စိုက်ပျိုးရန် အသင့်လျော်ဆုံးသော ပြည်နယ်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ယူကလစ်ပင်များကို မြန်မာနိုင်ငံ အချို့ဒေသများတွင် စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ ယူကလစ်ပင်များ စိုက်ပျိုးရာတွင် ဧကသတ်မှတ်၍ စိုက်ပျိုးနိုင်ခြင်း၊ ဥယျာဉ်ခြံမြေများတွင် အခြားသီးနှံများနှင့် တွဲဖက်စိုက်ပျိုးနိုင်ခြင်း အပါအဝင် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ချင်းပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ကန်သာအင်းလေး တည်မြဲရေးတွက် ဆောင်ရွက်ကြိုးပမ်း ဆည်မြောင်းလုပ်ငန်း

**နေမျိုးသူရိန်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့ဘက် ရှမ်းကုန်းမြေမြင့်ပေါ်တွင် တည်ရှိပြီး တောင်ပေါ်ပင်လယ်ဟု တင်စားခေါ်ဝေါ်သော သဘာဝအခြေခံ ခရီးသွားနယ်မြေတစ်ခုဖြစ်သည့် အင်းလေးကန်ဒေသသည် ခရီးသွားလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထူးခြားသည့် ပထဝီဝင်အနေအထားအရ အင်းလေးကန်ဒေသသည် ဇီဝမျိုးစုံ မျိုးကွဲများဖြင့် ပြည့်စုံနေသည့်အပြင် ထင်ရှားသည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် လေ့လာအပန်းဖြေရာ နယ်မြေဒေသလည်းဖြစ်သည်။ တစ်မူထူးခြားသည့် ရိုးရာဓလေ့၊ ယဉ်ကျေးမှုအစဉ်အလာများ၊ ဆန်းကြယ်သည့် လူနေမှုပုံစံများကြောင့် ခရီးသွားများအတွက် စိတ်ဝင်စားစရာ နေရာဒေသတစ်ခုလည်းဖြစ်သည်။

**ရာသီဥတုပြောင်းလဲမှုနှင့် အင်းလေးကန်**

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ဆက်စပ်ဖြစ်ပေါ်လာရသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် လက်ရှိအချိန်တွင် အင်းလေးကန်သည် သဘာဝအနေအထား ပျက်သုဉ်းမှုဒဏ်ကို ခံစားနေရပေသည်။ ၂၀၁၀ ပြည့်နှစ်က အင်းလေးကန်အတွင်း ရေကျဆင်းမှု အဆိုးရွားဆုံးအခြေအနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထိုအခြေအနေဆိုးကို ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်း အင်းလေးကန်ရေရှည်တည်တံ့ရေးကို ဌာနပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည်လည်း အခြားသက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်လျက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းများ**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို စီမံကိန်းအသွင်ဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတစ်ရုံးကို ညောင်ရွှေမြို့တွင် ဖွင့်လှစ်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းခေါင်းစဉ်ခွဲ ရှစ်ခုဖြင့် လုပ်ငန်းများခွဲခြား၍ အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

အင်းလေးကန်အတွင်းသို့ စီးဝင်သော ချောင်း ၂၉ ချောင်း၏ ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်အတွင်းမှ တစ်နှစ်လျှင် ပျမ်းမျှ သဲနုန်းကျင်း ပမာဏ သုံးသိန်းမှ ငါးသိန်းအထိ ပို့ချလျက်ရှိကြောင်း၊ ပို့ချလာသည့် သဲနုန်းများ၏ ၆၈ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအထိသည် ကန်အတွင်းသို့မရောက်မီ ကမ်းစပ်ရေတိမ်ဒေသများ၊ ရေဝင်ချောင်းတစ်လျှောက်နှင့် ကန်စပ်နေရာများတွင် အနည်ထိုင် ပို့ချခံရကြောင်း ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလများအတွင်း လေ့လာသုတေသနပြုခဲ့သည့် ဂျပန်လူမျိုးပညာရှင် Dr. Takahisa Furuichi ၏ သုတေသနစာတမ်းအရ သိရှိကြောင်း၊ ထို့ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် ရေဝေရေလဲဧရိယာအတွင်း ရေဝင်ချောင်းများပေါ်တွင် နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်း၊ နုန်းထိန်း နုန်းစစ်ကန်များ တူးဖော်ခြင်း၊ ရေဝင်ချောင်းတစ်လျှောက်နှင့် ကမ်းစပ်ရေတိမ်ဒေသများတွင် သဲနုန်းတူးဖော်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ၁၉၉၂ ခုနှစ်မှ ယနေ့အထိ နုန်းထိန်းတမံ ခြောက်ခု၊ နုန်းဖမ်းဆည် ၂၇၇ ခုကို တည်ဆောက်ပေးခဲ့ကြောင်း၊ သဲနုန်းပို့ချမှုကို ကာကွယ်တားဆီးပေးခဲ့သည့်နည်းတူ သဲနုန်းတူးဖော်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ပျမ်းမျှ သဲနုန်းကျင်းပမာဏ ၁၀၅၂၅၀ ကို တူးဖော်ခဲ့ကြောင်း၊ စီမံကိန်းစတင်သည်မှ ယနေ့အထိ သဲနုန်းကျင်းပမာဏ ၃၀ ဒသမ ၈၄ သိန်းကျော် တူးဖော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရေထိန်းရေမြှင့်အဆောက်အအုံ**

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် အဆိုးရွားဆုံး ရေနည်းပါးမှုကို ကြုံတွေ့ခဲ့ရပြီးနောက် ဆည်မြောင်းနှင့် ရေအသုံးမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အင်းလေးကန် ရေနည်းပါးမှုကိုသက်သာစေရန်အတွက် ဆည်မြောင်းအင်ဂျင်နီယာပညာရပ်ဖြင့် Geo-textile Tube များ အသုံးပြု၍ ရေထိန်းရေမြှင့်အဆောက်အအုံနှစ်ခုကို တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ အင်းလေးကန်၏ ရေဝင်ရေထွက်ကို အတန်အသင့် ထိန်းညှိပေးနိုင်ခဲ့သဖြင့် ရေနည်းပါးမှုသက်သာခဲ့ကြောင်း သိရသည်။

ထို့အပြင် ရှမ်းစော်ဘွားများ တည်ဆောက်အကောင်အထည်ဖော်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိသည့် နုန်းထိန်းနုန်းစစ်ကန်များအနက် ကျီးဖြူကန်၊ ကုန်းလှိုင်ကန်၊ ကန်ထောင့်ကန်၊ နဒီကန်၊ သာစည်ကန်၊ ကန်တော်ကန်၊ ကန်နီကန်နှင့် လွယ်မောကန်တို့ကို ပြန်လည်တူးဖော်ပေးခဲ့ကြောင်း၊ အဆိုပါကန်များသည် အင်းလေးကန်အတွင်းသို့ နုန်းများမဝင်ရောက်နိုင်ရန်အတွက် နုန်းစစ်ကန်၊ နုန်းထိန်းကန်များအဖြစ် အကျိုးပြုလျက်ရှိသကဲ့သို့ စိုက်ပျိုးရေပေးဝေရေး လုပ်ငန်းများအဖြစ်ပါ အကျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်းလည်း သိရသည်။

**စိုက်ပျိုးရေဖူလုံစွာရရှိရေး**

နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ အင်းတိန်ရေလွှဲဆည်နှင့် လွယ်မောကန်တို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ဌာနထိန်းဆည်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိပြီး ရေသောက်ဧရိယာ စုစုပေါင်း ၈၀၀၀ ခန့်ကို ရေပေးဝေလျက် စိုက်ပျိုးရေဖူလုံစွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် ကမ်းပါးပြိုပျက်မှု သက်သာစေရန်အတွက် ရေပေးမြောင်း၊ ရေနုတ်မြောင်းများ ကျောက်ကြီးစီခင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ အင်းလေးကန် သဘာဝခရီးသွားနယ်မြေအတွင်း စပါးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများဖြင့် ပန်းရစွာ တွေ့မြင်နေရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မူလတာဝန်ဖြစ်သည့် စိုက်ပျိုးရေပေးဝေရေး၊ ရေဘေးကာကွယ်ရေးစသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အကြား ဟန်ချက်ညီစွာ ဆောင်ရွက်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ ၂၀၁၀ ပြည့်နှစ်က အင်းလေးကန်အတွင်း ရေကျဆင်းမှု အဆိုးရွားဆုံး အခြေအနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထိုအခြေအနေဆိုးကို ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်း အင်းလေးကန်ရေရှည်တည်တံ့ရေးကို ဌာနပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည်လည်း အခြားသက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်လျက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်”**

## နွားထိုးကြီး-တောင်သာလမ်း အဆင့်မြှင့်တင်မှုများ ပြီးစီး

**နွားထိုးကြီး မေ ၃၀**

ကိုလိုနီခေတ်က (ခေါင်းပါးရေးလမ်း)လမ်းအဖြစ် နာမည်ကျော်ခဲ့သော အရှည် ၂၁ မိုင်ရှိ နွားထိုးကြီး- တောင်သာလမ်း၏ လမ်းပိုင်း ၈ မိုင် ၇ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ရာသီမရွေးသွားနိုင်သော ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်လိုက်၍ နွားထိုးကြီးမြို့နယ်အတွင်း ကတ္တရာလမ်းပေါက်သွားပြီဖြစ်သောကြောင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ယခင်က တောင်သာမြို့နယ်တွင်း သုံးမိုင်ခန့်သာ ကျောက်ချောလမ်းဖြစ်ခဲ့ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေ၍ အဆင့်မြှင့်တင်ခြင်းဖြစ်ကာ လမ်းတစ်ခုလုံး အဆင့်မြှင့်တင်ခြင်းများ မကြာမီ ပြီးစီးပါက တောင်သာ-နွားထိုးကြီး သွားလာရေးကို ပို၍အဆင်ပြေစေမည်ဖြစ်ပြီး မန္တလေးသို့သွားရန် ဖြတ်လမ်းလည်း ဖြစ်နေကြောင်း၊ ယခုအခါ တောင်သာမန်းကားလိုင်း၊ APEX ကားလိုင်း၊ OK ကားလိုင်းနှင့် မိုးသောက်ထွန်းကားလိုင်းများလည်း ပြေးဆွဲနေ၍ မန္တလေးသို့ တောင်သာမှ ၁၁၅ မိုင်ခရီးအစား နွားထိုးကြီးဖြတ်လမ်း မိုင် ၈၀ ဖြင့် ခရီးလမ်းတိုသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ဌေးမြင့်မောင်**

## သာယာဝတီမြို့နယ်၌ စပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သာယာဝတီ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စုရှိ ပုဂ္ဂလိက စပါး၊ ငါးနှင့် ဝက် တွဲဖက်စိုက်ပျိုးမွေးမြူရေး စံပြစိုက်ကွက်၌ စံကွက်ရိတ်သိမ်းပွဲကို မေ ၂၄ ရက်က ကျင်းပခဲ့သည်။ အဆိုပါ စံပြစိုက်ကွက်တွင် ရတနာတိုးစပါး စိုက်ပျိုးခြင်းနှင့်အတူ ဝက် ၂၂ ကောင် နှင့် ငါးများ မွေးမြူထားပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၀၈ တင်းနှုန်း ရရှိသလို ငါးပိသာချိန် ၁၀၀ ခန့်လည်း ရရှိခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကလေးမြို့၌ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ကလေး မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ဦးဆောင်၍ ကလေးဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကာ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ၊ နိုင်ငံရေးပါတီများ ပါဝင်သော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၂၉ ရက်က ကလေးမြို့မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသည့် ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်များမှ လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တောင်သူများ စုစုပေါင်း ၂၃ ဦးတို့က လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများ၊ ဌာနဆိုင်ရာများဘက်မှ ဖြေလျှော့ပေးစေချင်သည့် အချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယနေ့ဆွေးနွေးပေးသည့် အချက်များအပြင် ထပ်မံဆွေးနွေးဖြည့်စွက်လိုသည့်အချက်များ ရှိပါကလည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များတွင် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ဖြေလျှော့ပေးနိုင်သည့် ကိစ္စရပ်များကို ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချို့သောကိစ္စရပ်များကို တိုင်းဒေသကြီး အစိုးရနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးရရှိသည့် အချက်များကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း၊ မှတ်တမ်းတင်ထားသော အချက်များကို အများပြည်သူသိရှိအောင် သင့်တော်သည့်နည်းလမ်းဖြင့် ချပြရှင်းလင်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **ချင်းတွင်းသား**



## နတ်မောက်မြို့ ပြည်သူ့ဆေးရုံကို ပြုပြင်လှူဒါန်းမည်

**နတ်မောက် မေ ၃၀**

မြန်မာတရုတ် ပူးပေါင်းကူညီဆက်ဆံရေးအသင်း(ဗဟို)က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ ပြည်သူ့ဆေးရုံကို ပြုပြင်လှူဒါန်းရန်အတွက် အသင်းမှ တာဝန်ရှိသူများသည် မေ ၂၉ ရက်က နတ်မောက်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရုံးအဖွဲ့မှူး Mr.Liu Song နှင့် မြန်မာတရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းဥက္ကဋ္ဌ ဦးသစ္စာတို့ ဦးဆောင်ပြီး အသင်းမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့က နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းစည်သူနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ မြို့နယ်လျှပ်စစ်မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ပြည်သူ့ဆေးရုံဝင်းအတွင်း အဆောက်အအုံလှူဒါန်းနိုင်မည့် မြေနေရာများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထို့နောက် မြန်မာတရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်း တာဝန်ရှိသူများသည် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်တို့ သွားရောက်ပြီး ပြတိုက်တွင် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မြေအောက်ရေနှင့် ကျန်းမာရေး

**မောင်ကျေးရေ**

**မြန်မာနိုင်ငံတွင် မြေအောက်ရေကို စက်ရေတွင်းများ၊ လက်တူးတွင်းများမှ တစ်ဆင့်ထုတ်ယူသုံးစွဲမှုသည် ၁၉၈၈ ခုနှစ် နှောင်းပိုင်းမှစ၍ များပြားစွာထုတ်ယူသုံးစွဲလာကြသည်။ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ စက်ရုံအလုပ်ရုံသုံးရေ၊ မွေးမြူရေးလုပ်ငန်းသုံးရေ စသည်ဖြင့် ကဏ္ဍစုံမှထုတ်ယူနေကြသည်။ မြေအောက်ရေအရည်အသွေးများကိုလည်း အသုံးပြုသည့်ကဏ္ဍအလိုက် စံနှုန်းသတ်မှတ်ချက်များ ရှိပါသည်။ သတ်မှတ်ချက်ထက်ကျော်လွန်ပါက ပြည်သူ့ကျန်းမာရေး ဆိုးကျိုးများ ဖြစ်စေနိုင်ပါသည်။**

**မြေအောက်ရေ**

ကမ္ဘာ့မြေမျက်နှာပြင်အောက်တွင်မြေလွှာ (သဲ၊ ကျောက်စရစ်)အတွင်း၌ သော်လည်းကောင်း ကျောက်လွှာကြားများအတွင်း၌ သော်လည်းကောင်း၊ စိမ့်ဝင်ခိုအောင်းနေသော ရေဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်သုံးစွဲနိုင်သော မြေအောက်ရေပေါင်း ၄၉၅ ကုဗကီလိုမီတာ ရှိပါသည်။ မြေအောက်ရေ၏ ၁၀ ရာခိုင်နှုန်းကို သောက်သုံးရေအဖြစ် အသုံးပြုကြပြီး စိုက်ပျိုးရေနှင့် စက်မှုလုပ်ငန်းသုံးအတွက် ၆ ရာခိုင်နှုန်းအသုံးပြုသည်။ ယခုအခါ မြေအောက်ရေသုံးစွဲမှုသည် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်။ သို့သော်စနစ်တကျထုတ်ယူနိုင်ရေး စည်းမျဉ်း စည်းကမ်း ဥပဒေထိန်းချုပ်နိုင်မှုမရှိသေးပေ။

မြေအောက်ရေကို အသုံးပြုသည့် အဓိကအကြောင်းအရင်းမှာ မြေအောက်ရေသည်လွယ်ကူစွာရရှိခြင်း၊ ကုန်ကျစရိတ် ဈေးသက်သာခြင်း၊ မိမိအလိုရှိသောနေရာ(သို့)အနီးဆုံးနေရာ၌ တွင်းတူးဖော်၍ လိုအပ်သလို ထုတ်ယူရရှိနိုင်သောကြောင့် ဖြစ်ပါသည်။

**ရေနှင့် ကျန်းမာရေး**

လူ့ကျန်းမာရေးအတွက်ရေ (မြေပေါ်ရေ၊ မြေအောက်ရေ)သည် အဓိက အခြေခံလိုအပ်ချက်ဖြစ်သည်။ လူ့ခန္ဓာကိုယ်သည် ရေဓာတ်အများဆုံးနှင့် ဖွဲ့စည်းထားသည်။ ၇၀ရာခိုင်နှုန်းသည်ရေဖြစ်သည်။ ရေ၏ အာနိသင်သည် ခန္ဓာကိုယ်အပူချိန်ကို မျှတစေသည်။ သွေးလည်ပတ်မှုကို ဖြစ်စေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဝေထားသော သောက်သုံးရေအရည်အသွေးလမ်းညွှန်စာအုပ် (စတုတ္ထအကြိမ်-၂၀၁၇)တွင်ဖော်ပြထားသည်မှာ ၂၀၁၅ ခုနှစ် စစ်တမ်းများအဆိုအရ ကမ္ဘာ့လူဦးရေ၏ ၇၁ ရာခိုင်နှုန်းသည် သောက်သုံးရန် သင့်လျော်သောရေကို အသုံးပြုနေကြသော်လည်း လူဦးရေနှစ်သန်းကျော်သည် အိမ်သာစွန့်ပစ်ရေဆိုးများကြောင့် ညစ်ညမ်းနေသော၊ ရောဂါပိုးမွှားများပျော်ဝင်နေသော ရေကို သောက်သုံးနေကြဆဲ ဖြစ်သည်။ နေ့စဉ် လူနှစ်သောင်းငါးထောင်ကျော်သည် ရေကြောင့်ဖြစ်သော ရောဂါများကြောင့် သေဆုံးနေကြသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ ၂၀၁၁ လေ့လာချက်မှတ်တမ်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၇၁ ရာခိုင်နှုန်းသည် သောက်သုံးရန်သင့်လျော်သော မြေပေါ်ရေ၊ မြေအောက်ရေများကို အသုံးပြုနေကြသည်ဟု မှတ်တမ်းရှိပါသည်။ ရောဂါပိုးမွှားများပျော်ဝင်သော၊ ညစ်ညမ်းနေသော ရေကိုသောက်သုံးခြင်းဖြင့် အူရောင်ငန်းဖျားရောဂါ၊ ဝမ်းကိုက်၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အကြောသေရောဂါ၊ နှလုံး၊ ကျောက်ကပ်ရောဂါများကို ဖြစ်ပွားစေပါသည်။ သက္ကရာဇ် ၂၀၂၅ တွင် ကမ္ဘာ့လူဦးရေတစ်ဝက်ခန့်သည် သန့်စင်သော သောက်သုံးရေရရှိရေး အခက်အခဲများနှင့် ကြုံတွေ့မည်ဟု ဆိုထားသည်။ အဆိုပါ ဖွင့်ဆိုချက်သည် မြန်မာနိုင်ငံပြည်သူများ သောက်သုံးရေနှင့် ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း အချက်ပေးနေခြင်းဖြစ်သည်။

**ရေအရည်အသွေးဆိုင်ရာအခြေခံအချက်အလက်များ**

(၁)ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိ၊ (၂) ဓာတုဗေဒဆိုင်ရာ ဂုဏ်သတ္တိနှင့် (၃)(ပိုးမွှား) အဏုဇီဝဆိုင်ရာ ဂုဏ်သတ္တိတို့ ဖြစ်သည်။

(၁)နှင့်(၂) တွင် သတ္တုဒြပ်စင်များ၊ ဓာတုဓာတ်ပေါင်းများ၊ အရောင်အဆင်းအနံ့အရသာ၊ ရောဂါဖြစ်ပွားစေသော ဓာတ်ပစ္စည်းများ။

(၃)တွင် ကိုလီဖွန်ဗက်တီးရီးယား(Coliform bacteria) အီကိုလီ (E. coli) ကာလဝမ်းရောဂါပိုးမွှားများ (cholera-causing Vibriocholerae)၊ ကပ်ပါးကောင်များ(protozoan parasites)၊ မစင်များ ပျော်ဝင်မှုရှိ မရှိ ကိုလီဖွန်ဗက်တီးရီးယားကို စမ်းသပ်ရသည်။

**မြေအောက်ရေတွင်ပျော်ဝင်နေနိုင်သည့် ဓာတ်ပစ္စည်းများ**

ရုပ်ပိုင်းဆိုင်ရာ (General Properties)၊ ဓာတုဗေဒဆိုင်ရာ(Chemical Properties) ဂုဏ်သတ္တိများမှာ- ပုံပန်းသဏ္ဌာန် (appearance)၊ အရောင်(Color)၊ အနံ့အရသာ (odor /Smell) ရေနောက်ကျိမှု၊ ရေကြည်လင်မှု (Turbidity)၊ ဓာတုပစ္စည်းစုစုပေါင်းပျော်ဝင်မှုပမာဏ (Total Dissolved Solid)၊ လျှပ်စစ်စီးကိန်းသတ္တိ (Electrical Conductivity/EC)၊ ပီအိတ်ချ် (pH)၊ ရေစေးခြင်းနှင့်ပျော်ဝင်နေနိုင်သည့် ဓာတ်ပစ္စည်းများမှာ ဆိုဒီယမ် ($No^{+}$)၊ ပိုတက်စီယမ် ($K^{+}$)၊ ကယ်လ်စီယမ် ($Ca^{++}$)၊ မဂ္ဂနီစီယံ ($Mg^{++}$)၊ သံဓာတ် ($Fe^{++}$)၊ ကာဗွန်နိတ်($CO3^{=}$)၊ ဘိုင်ကာဗွန်နိတ် (HCO3-)၊ ကလိုရိုက်($CL^{-}$)၊ ဆာလ်ဖိတ်($SO4^{--}$)၊ ခဲ(Pb)၊ သွပ် (Zn)၊ ကြေးနီ(Cu)၊ အာစင်နစ် (As)၊ အမိုးနီးယား၊ နိုက်ဒရိုက်၊ ဖလူရိုရိုက်တို့ ဖြစ်ကြပါသည်။ (ကလိုရိုက် (သို့)ဆာလဖိုက် (သို့) ကာဗွန်နစ် သုံးမျိုးစလုံးသည် ဓာတ်ပေါင်းအနေဖြင့် အများဆုံးတွေ့ရှိရပါသည်)။



**“မြေအောက်ရေတွင် ဆိုဒီယမ်ကလိုရိုက်များစွာ ပျော်ဝင်နေပါက ရေပိုက်လိုင်းများ ချေးတက်စေပါသည်၊ ကျန်းမာရေးအရ နှလုံးနှင့် ကျောက်ကပ်ကို ဆိုးကျိုးဖြစ်စေပါသည်၊ မြေအောက်ရေထဲသို့ ရေငန် ၃ ရာခိုင်နှုန်း -၄ ရာခိုင်နှုန်း တိုးဝင်လျှင် ထိုရေသည် သောက်သုံးရန် မသင့်ပေ၊ လူသတ္တဝါများအတွက် ဆားဓာတ်ပါဝင်နှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းအထိသာ လက်ခံ”**

**ပျော်ဝင်နေသည့်ဓာတ်ပစ္စည်းများ၏ ကျန်းမာရေးသက်ရောက်မှုများ**

[Dissolved Chemical Properties, Standard [ WHO 2011)and Health Impact & Remarks]

[အသုံးပြုသည့်ယူနစ် = မီလီဂရမ်ပါလီတာ(mg/l =milligrams/liter, or parts per million (ppm );Nephelometric Turbidity Units -NTU)]

**(၁)အရောင်၊ အဆင်းအနံ့အရသာနှင့် ရေနောက်ကျိမှု (Color, Odor/smell and Turbidity)**

ကြည်လင်နေရမည်၊ အနံ့အရသာကင်းရမည်၊ စံနှုန်းသတ်မှတ်ချက်(၅-၂၅) NTU(*) အတွင်းရှိသော ရေသည် သန့်ရှင်းကောင်းမွန်သောရေ၏ အရောင်အဆင်း၊ အနံ့အရသာ မရှိပေ။ ပျော်ဝင်နေသည့် ဓာတ်ပစ္စည်းများကြောင့်သာ အရောင်အဆင်းအနံ့အရသာရှိနေသည်။ ရေတွင် အလွန်သေးငယ်သော အနည်အနှစ်များ(မျက်စိနှင့် မမြင်နိုင်သော) ပျော်ဝင်နေပါက ရေအရောင်သည် နောက်ကျိနေမည်။ ကျန်းမာရေးအန္တရာယ် မဖြစ်စေနိုင်ပါ။ (မြေအောက်ရေကို လေထဲသို့ မှုတ်ထုတ်ပြီး ပြန်ကျလာသော ရေကို စပါးခွံမီးသွေးထဲသို့ ဖြတ်သန်းစေခြင်း (aeration & filtration) ဖြင့် အရောင်အဆင်းအနံ့အရသာ၊ ရေနောက်ကျိမှုကို ပျောက်စေသည်။ ပိုးသတ်ဆေး (ကလိုရင်းဖျော်ရည်) ထည့်ပေးခြင်းဖြင့်လည်း အနံ့သက်သာစေသည်။ (ရေသည် နို့ရည်ဖျော့ရောင်၊ တိမ်ဖြူရောင်ဖြစ်နေပါက သောက်သုံးရန် သတ်မှတ်အဆင့်ထက် ကျော်လွန်နေပါသည်။ မသောက်သုံးသင့်ပါ။

**(၂)ပီအိတ်ချ် pH**

သောက်သင့်သော မြေအောက် ရေ၏ စံနှုန်းသတ်မှတ်ချက်၊ ပီအိတ်ချ်သည် ၆ ဒသမ ၅ - ၈ ဒသမ ၅ အတွင်းဖြစ်၏။ ရေတွင်အက်စစ် အချဉ်ဓာတ် (Acid)၊ အယ်ကာလီ (Alkali) မည်မျှပါသည်ကို ညွှန်ပြသော အညွှန်းကိန်းဖြစ်ပါ၏။ ရေ၏ ဓာတ်ဂုဏ်သတ္တိများကို ပြောင်း လဲစေနိုင်သည်။ ပီအိတ်ချ် ၇ သည်ကြားနေ (Neutral) အခြေအနေဖြစ်ပြီး၊ ၇ ထက်ကျော်ပါက အယ်လ်ကာလီသတ္တိ များသော ရေ။ ၇ အောက်လျော့ပါက အက်စစ်များသော ရေဟု သတ်မှတ်ပါသည်။ ရေသန့်စင်ရာတွင် အဓိကအညွှန်းကိန်း ဖြစ် သည်။ မိမိတို့ အိမ်ရှိစက်ရေတွင်းမှ ရေကို ပီအိတ်ချ်စက္ကူ တိုင်းစက္ကူ (pH paper) ဖြင့် စစ်ဆေးနိုင်သည်။ ဘက်ထရီအိုး အက်စစ် (Battery Acid) သည် pH သုည ဖြစ်ပါသည်။ သတ္တုတွင်းများမှ စွန့်ပစ်ရေဆိုးများ၏ ပီအိတ်ချ်သည် ၂ အောက်တွင် ရှိပါသည်။

**(၃)သံဓာတ် Iron(Fe)**

စံနှုန်းသတ်မှတ်ချက်မှာ ၁ ဒသမ ၀၀(၀ ဒသမ ၃) ဖြစ်သည်။ သတ်မှတ်ချက်ထက် ပိုပါကနောက်ကျိသော အရောင်ဖြစ်စေ၏။ အရသာတစ်မျိုး ဖြစ်ပေါ်စေသည်။ သံဓာတ်များသော ရေဖြင့်ထမင်းချက်လျှင် ထမင်းဝါသွားပါသည်။ သောက်မရပါ။ အိုးခွက်များ ညိုညစ်ညစ်အရောင်အဆင်း စွန်းထင်းစေ၏။ ရေတွင် သံဓာတ်ပျော်ဝင်မှုများပါက ရေအရောင်သည် အဝါရောင်၊ လိမ္မော်ရောင်၊ သံချေးရောင်စသည်ဖြင့် တွေ့ရပါသည်။ အနံ့ရှိပြီး အဝတ်အထည်များကို စွန်းထင်းစေပါသည်။ ရေနွေးကြမ်း သောက်မကောင်းပါ။ မြေအောက်ရေကိုလေထဲသို့ မှုတ်ထုတ်ပြီး ပြန်ကျလာသော ရေကို စပါးခွံမီးသွေးထဲသို့ ဖြတ်သန်းစေခြင်း (aeration & filtration) ဖြင့် သံဓာတ်များ ပျော်ဝင်နေခြင်းကို စံနှုန်းသတ်မှတ်ချက်အထိ ကျဆင်းစေပါသည်။

**(၄)ဓာတ်ဆားပျော်ဝင်မှု စုစုပေါင်း (Total Dissolved Solid -TDS)**

စံနှုန်းသတ်မှတ်ချက်မှာ ၁၀၀၀(၅၀၀) ဖြစ်သည်။ ရေတွင် ပျော်ဝင်လျက်ရှိသော ဓာတ်ဆားများ ပါဝင်မှု စုစုပေါင်းကို စမ်းသပ်တိုင်းတာရရှိသည့် ဓာတ်ပစ္စည်းစုစုပေါင်း၏ ပမာဏ ဖြစ်သည်။ သတ်မှတ်ချက်ထက်ပိုပါက သောက်သုံးရာတွင် အရသာ မကောင်း၊ ငန်ပြပြစီးထိုင်းထိုင်း ဖြစ်နေပါမည်။သောက်သုံးရန် မသင့်ပါ။ ပင်လယ်ရေတွင် ပျော်ဝင်နေသောဓာတ်ဆားပျော်ဝင်မှု ပမာဏမှာ ၁၅၀၀၀ - ၅၀၀၀၀ ပီပီအမ်ရှိပြီး၊ ရေတက်ရေကျဆက်စပ်နေသည့် မြစ်ချောင်းများ၌ ပျော်ဝင်နေသော ဆားဓာတ်ပမာဏမှာ ၁၅၀၀-၁၅၀၀၀ ပီပီအမ်ရှိသည်။ ရေချိုရေငံအစပ်၊ ရေတက်ရေကျရှိသည့် မြစ်ချောင်း (လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ်) စသည်များတွင် ဆားဓာတ် ပါဝင်မှုမှာ ၈၀၀-၁၅၀၀ ပီပီအမ်ရှိသည်။ ဒီရေအတက်အကျ ရှိသည့် မြစ်ချောင်းများနှင့် နီးပါက မိမိ၏ စက်ရေတွင်းထဲသို့ ရေငန်တိုးဝင်မှုရှိ မရှိကို ကနဦး လေ့လာသိရှိနိုင်ပါသည်။ (ပင်လယ်ရေကို လူတို့သောက်၍ မရသည်မှာ ပင်လယ်ရေတွင် ပျော်ဝင်နေသော ဆားဓာတ်ပမာဏသည် လူ၏ သွေးထဲတွင်ရှိသည့် ဓာတ်ဆားပမာဏထက် သုံးဆကျော် ပိုများနေသောကြောင့် ဖြစ်ပါသည်။)

**(၅)ရေစေး(Total Hardness as $CaCO_3$)**

စံနှုန်းသတ်မှတ်ချက်သည် ၂၀၀ ဖြစ်၏။ ရေစေးရေ (Hard Water) ကို ယာယီရေစေးနှင့် အမြဲရေစေး (Temporary Hardness water and Permanent Hardness water)နှစ်မျိုးတွေ့ရသည်။ သတ်မှတ်ချက်ထက်ပိုပါက အဝတ်လျှော် ကိုယ်တိုက်ဆပ်ပြာ အမြှုပ်ထွက်ရန် ဆပ်ပြာပိုသုံးရပါသည်။ ယာယီရေစေးသည် ကယ်လ်စီယမ် (Ca) နှင့် မဂ္ဂနီစီယမ် (Mg) တို့သည် ကာဗွန်နိတ် ($CO_3$)၊ ဘိုင်ကာဗွန်နိတ် ($HCO_3^{-}$) တို့ပေါင်းစပ်သည့် ဓာတ်ပေါင်းများ ပျော်ဝင်နေသောရေ၊ ယာယီရေစေး(Temporary Hardness) ကို ရေဆူအမှတ်ရောက် အောင်အပူပေးခြင်းဖြင့်သော် လည်းကောင်း၊ ထုံးဖျော်ရည် (Calcium Hydroxide; Ca(OH)2) ထည့်၍ အနည်ထိုင်ခြင်းဖြင့်သော်လည်းကောင်း ပြုပြင်နိုင်၏။ အမြဲရေစေး (Permanent Hardness) သည် ကယ်လ်စီယမ်(Ca) နှင့် မဂ္ဂနီစီယမ် (Mg) တို့၊ ကလိုရိုက် ($CL^{-}$)၊ ဆာလ်ဖိတ်($SO_4^{--}$)တို့နှင့် ပေါင်းစပ်ထားသော ဓာတ်ရောများ၊ များပြားသောကြောင့် ဖြစ်ပါသည်။အမြဲရေစေးကို ယာယီရေစေးကဲ့သို့ ရေသွက်ဖြစ်အောင် လုပ်၍ မရပါ။ ပီအိတ်ချ်တန်ဖိုး ၆ အောက်ရှိနေပါက ရေစေးသည် ရေပိုက်များ၊ ချက်ပြုတ်သည့်အိုးများကို ချေးတက်စေပါသည်။ ရေစေးကို များများသောက်သုံးပါက ဝမ်းချုပ်စေနိုင်ပါသည်။ သောက်သုံးရေအတွက်ရေစေး (Total hardness as$CaCO_3$) အဆင့်သတ်မှတ်ချက်မှာ ၇၅ - ၂၀၀ ဖြစ်ပါသည်။

**(၆)ကလိုရိုက်(အငန်ဓာတ် / ဆားဓာတ်) Chloride($Cl^{-}$)**

စံနှုန်းသတ်မှတ်ချက်မှာ ၂၅၀ ဖြစ်သည်။ အငန်ဓာတ်ပါဝင်မှုကို စစ်ဆေးခြင်းဖြစ်၏။ သတ်မှတ်စံညွှန်းထက်များပါက ရေငန်၏။ကျန်းမာရေးအတွက် ရေရှည်သောက်သုံးရန် မသင့်ပါ။ကလိုရိုက်ကို ပင်လယ်ရေတွင် သဘာဝအလျောက် အများဆုံး တွေ့ရပေသည်။ မြေအောက်သတ္တုတွင်းများတွင်လည်း ဓာတ်ပေါင်းအနေနှင့် တွေ့ရပေသည်။ ကလိုရိုက်သည် စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးထုတ်မြောင်းများ၊ မြေသြဇာများ ပျော်ဝင်နေသော စိုက်ပျိုးရေများမှတစ်ဆင့် စီးဝင်ခြင်းဖြင့်လည်း မြေအောက် ရေတွင် ပျော်ဝင်ခြင်းဖြစ်ပါသည်။ ရေတွင် ပျော်ဝင်နေသော ကလိုရိုက်ကို လျှော့ကျအောင်ပြုလုပ်နည်းသည် စရိတ်အလွန် ကြီးပါသည်။ မြေအောက်ရေတွင် ဆိုဒီယမ်က လိုရိုက်များစွာ ပျော်ဝင်နေပါက ရေပိုက်လိုင်းများ ချေးတက်စေပါသည်။ ကျန်းမာရေးအရ နှလုံးနှင့် ကျောက်ကပ်ကို ဆိုးကျိုးဖြစ်စေပါသည်။မြေအောက်ရေထဲသို့ ရေငန် ၃ ရာခိုင်နှုန်း-၄ ရာခိုင်နှုန်း တိုးဝင်လျှင် ထိုရေသည် သောက်သုံးရန်မသင့်ပေ။ လူသတ္တဝါများအတွက် ဆားဓာတ်ပါဝင်နှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်း အထိသာ လက်ခံနိုင်ပါသည်။

**(၇)ဆိုဒီယမ်၊ ပိုတက်စီယမ်**

သတ်မှတ်စံနှုန်း ၅၀၀ ရေတွင်ပျော်ဝင်နေသော ဓာတုပစ္စည်းဖြစ်သည်။ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် အဓိကစမ်းသပ်ရသည်။ ဆိုဒီယမ်($Na^{+}$)၊ ပိုတက်စီယမ် ($K^{+}$) ကို မြေအောက်ရေတွင် ကလိုရိုက်၊ ကာဗွန်နိတ်တို့ဖြင့် ထိတွေ့ပြီး ဓာတ်ပေါင်းအနေဖြင့် တွေ့ရသည်။ အဆိုပါ ဓာတ်ပစ္စည်းနှစ်ခုစလုံးသည် သဘာဝအလျောက် မြေအောက်ရေတွင်ပျော်ဝင်လွယ်ပြီး၊ ယင်းတို့ကို ရေချို ရေငန်အစပ်နှင့် နီးသည့် နေရာဒေသများ၊ ပင်လယ်ကမ်းစပ်နှင့် နီးသည့်နေရာဒေသများရှိ စက်ရေတွင်းများတွင် တွေ့ရများသည်။ သောက်သုံးရေတွင် သတ်မှတ်ချက်ထက်ပိုပါက ငန်သော အရသာကိုပေးသည်။

**(၈)ကယ်လ်စီယမ် + မဂ္ဂနီစီယမ်**

စံနှုန်းသတ်မှတ်ချက်သည် ၂၀၀ + ၁၅၀ ဖြစ်သည်။ စံသတ်မှတ်ချက်ထက်များပါက ထုံးဓာတ်ပါဝင်မှုများသည်ကို ပြသည်။ (ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်သည် ဒြပ်စင်အနေနှင့် သီးသန့်ရှိပါက အားဖြည့်ပေးသော သတ္တုဒြပ်စင်ဖြစ်ပါသည်)။ သဘာဝအလျောက် မြေအောက်ရေခိုအောင်းနေသော မြေလွှာ၊ ကျောက်လွှာများတွင် ဓာတ်ပေါင်းအနေဖြင့်တွေ့ရသည်။ အများအားဖြင့် အနက်ရောင် ဓာတ်သတ္တုများဖြင့် ဖွဲ့စည်းထားသော မီးသင့်ကျောက်များနှင့် ထိုကျောက်မှ ဖြစ်ပေါ်လာသည့် မြေဆီလွှာများတွင်လည်း တွေ့ရပါသည်၊ သစ်ပင်၊ ဝါးပင်နှင့် တိရစ္ဆာန်များအတွက် အခြေခံလိုအပ်သည့် အားဆေးဖြစ်ပါသည်။ မဂ္ဂနီစီယမ်သည် ကယ်လ်စီယမ်နှင့် တွဲဖက်ပေါင်းစပ်ပြီး ရေစေးအဖြစ်တည်ရှိပြီး ရေနွေးအိုးများ အဝတ်လျှော်စက်များကို ချေးကပ်စေပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဒုတိယဗိုလ်မှူးကြီးထိန်ဝင်း(ငြိမ်း) OTS (32)

**ကြည်း-၁၀၅၅၈၊ သူရဲကောင်းမှတ်တမ်းဝင်**

**ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(အတွင်းရေးမှူး)(ငြိမ်း)**

**အသက်(၇၉)နှစ်**

ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)-ဒေါ်အေးမြတ်မြတ်ဝင်းတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးထိန်ဝင်း(ငြိမ်း) OTS (32)သည် ၂၆-၅-၂၀၁၈ရက် ည ၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းမြင့်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်နုနုဆွေ

## လောင်ယုံတင်း(ခ)ဦးထွန်းလှိုင်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် ၁၆၂နေ (ဦးလောင်ဘွန်ချောင်း-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးဖိုးချူ-ဒေါ်ရှုအိန်)တို့၏သားသမက်၊ ဒေါ်ကျင်(ခ)ဒေါ်နုနုရီ၏ခင်ပွန်း၊ ကိုလင်းလင်းထွန်း-ဒေါက်တာကြူကြူသင်း၊ ကိုစိုးလင်းဦး-ဒေါ်ဖြူဖြူသင်း၊ ကိုကျော်မင်းထွန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာဦးတင်ရွှေ (သထုံ)

**ပါမောက္ခ(ငြိမ်း)၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန**

**အသက်(၆၈)နှစ်**

သထုံမြို့နေ (ဦးထွန်းငွေ-ဒေါ်စိန်ရှင်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရိပ်သာ(၂)လမ်း၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ အမှတ် ၁၄၆နေ (ဦးမြဟန်-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဒေါ်နီနီအေး၏ခင်ပွန်း၊ (ဦးခင်အောင်)-ဒေါ်မြင့်မြင့်စီ၊ (ဦးထွန်းမြင့်)-ဒေါ်ယဉ်ရွှေ၊ ဦးစောလုံ-ဒေါ်ယဉ်စိန်တို့၏မောင်၊ ဦးထွန်းနေ-ဒေါ်တင်တင်မြင့်၊ ဒေါက်တာဦးသန်းမျိုး-ဒေါက်တာဒေါ်ယဉ်ကြည်၊ ဦးမင်းစိုး-ဒေါ်မြမြဝင်း၊ ဒေါ်စန်းစန်းထွေးတို့၏အစ်ကို၊ ဒေါက်တာအောင်ကောင်း(USA)၏ဖခင်သည် ၃၀-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကာများ နံနက် ၇း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာဦးတင်ရွှေ (သထုံ)

**ပါမောက္ခ(ငြိမ်း)၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန**

**အသက်(၆၈)နှစ်**

သထုံမြို့နေ (ဦးထွန်းငွေ-ဒေါ်စိန်ရှင်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရိပ်သာ(၂)လမ်း၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ အမှတ် ၁၄၆နေ (ဦးမြဟန်-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဒေါ်နီနီအေး၏ခင်ပွန်း၊ ဒေါ်တင်တင်သွယ်-ဦးမြသောင်း၊ ဒေါက်တာဒေါ်ခင်စန်းမြင့်၊ ဦးဉာဏ်ထွန်း-ဒေါ်ညွန့်ညွန့်ဝင်းတို့၏မောင်၊ ဒေါ်နီနီထွေး-ဦးမြသန်း၊ (ဦးမြင့်ထွန်း)-ဒေါ်အေးအေးမူတို့၏အစ်ကို၊ ဒေါက်တာအောင်ကောင်း(USA)၏ဖခင်သည် ၃၀-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်မေ

**အသက်(၉၀)**

ပေါင်းတည်မြို့၊ ဈေး(၁)ရပ်ကွက်၊ (၂)လမ်းနေ (ဦးထွန်းညွန့်-ဒေါ်ကြည်)တို့၏သမီး၊ ဦးအောင်မြင့် (အထပြ၊ ငြိမ်း)-ဒေါ်သန်းသန်းဝင်း(အထပြ၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်စိန်(အထပြ၊ငြိမ်း)၊ဦးအောင်ကျော်ဦး-ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ပြုံးပြုံးကြည်(အလပြ၊ ငြိမ်း)၊ ဒေါ်သန်းသန်းအေး(မူ/ပြ)၊ ဦးခင်မောင်ချို့တို့၏မိခင်၊ ဦးကျော်ဇေထွန်းသူ(ဗိသုကာ)၊ ဦးလင်းကျော်ထွန်း-ဒေါ်ဇင်မိုးသူ၊ ဦးမျိုးမင်းစိုး-ဒေါ်ယဉ်မျိုးသူ(မူ/ပြ)၊ ဒေါ်ယဉ်ငြိမ်းထွန်း(မူ/ပြ)တို့၏အဘွား၊ မောင်ကောင်းကိုခန့်၊ မမေဖူးသစ်၊ မောင်မင်းမြတ်သူ၊ ဘေဘီလေးတို့၏ဘေးသည် ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့)ည ၁၀း၂၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၁၈ရက်တွင် ပေါင်းတည်မြို့ မြောက်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်တင်မေ

**အသက်(၉၀)**

ပေါင်းတည်မြို့၊ ဈေး(၁)ရပ်ကွက်၊ (၂)လမ်းနေ ဦးအောင်မြင့်(ဥက္ကဌ) ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)(ရာ-၁၈၂၄)၏ မိခင်သည် ၂၉-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၈ရက်တွင် ပေါင်းတည်မြို့ မြောက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

## ဦးတင်အုန်း

**ဒု-ကြီးကြပ်ရေးမှူး(ငြိမ်း)**

**မြေအသုံးချဌာန၊ လယ်/စိုက်/ရှင်း**

**အသင်းဝင်အမှတ်(၀၇၈၁)**

**အသက်(၈၃)နှစ်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟော်သဓာလမ်းနေ ဦးတင်အုန်းသည် ၂၁-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက်တွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## စိုင်းကျော်နိုင်ဦး(ဖိုးကျော်)

**Bosun CDC-41048**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၃၂၊ ခုနစ်လွှာ(B)နေ (ဗိုလ်မှူးခင်မောင်ဦး)-ဒေါ်နန်းသန်းတင်တို့၏သား၊ ဦးသန်းလွင်ဦး (လဝက၊ ငြိမ်း) - ဒေါ်နန်းမြတ်စုအေး (သူနာပြုဆရာမကြီး၊ စဝ်စံထွန်းဆေးရုံကြီး)၊ (စိုင်းအောင်နိုင်ဦး)၊ စိုင်းမြင့်ဦး-ဒေါ်နန်းအေးအေးသွယ် (Mid Wife ငြိမ်း)တို့၏ညီ/မောင်၊ ဒေါ်ဂျယ်နီကြူကြူမြိုင်၏ခင်ပွန်း၊ မောင်ထက်နိုင်ကျော်(နဝမတန်း-B၊ TTC၊ ကမာရွတ်)၏ဖခင်၊တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏ အဘိုးသည် ၃၀-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရိပ်သာ ဒါယိကာမကြီး**

## ဒေါ်ဝိုင်းစိန် (အောက်စိန်တုံးရွာ)

**အသက်(၁၀၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ သာရဝေါတိုက်နယ်၊ စိန်တုံးကျေးရွာအုပ်စု၊ အောက်စိန်တုံးကျေးရွာ (စိန်တုံးအထက်စုရွာ)နေ (ဦးစိန်ပွင့်-ဒေါ်တုတ်)တို့၏သမီး၊(ဦးဖိုးပိုက်)၏ဇနီး၊(ဦးလှစိန်)-ဒေါ်တင်စန်း၊ ဦးကိုကိုကြီး (အငြိမ်းစားအထွေထွေမန်နေဂျာ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)-ဒေါ်သန်းအေး၊ ဦးကိုကိုလေး(အငြိမ်းစား အထွေထွေမန်နေဂျာ၊ ရန်ကုန်တိုင်းသမဝါယမအသင်းစု)-ဒေါ်ခင်မို့မို့ဦး၊ ဦးအောင်မြင့်-ဒေါ်စန်းမြင့်၊ ဦးထွန်းရီ(မူအုပ်)-ဒေါ်လှကြိုင် (အလပြ၊ ငြိမ်း)၊ ဦးကိုကိုဌေး(ဒု-ရဲမှူး၊ ငြိမ်း)-ဒေါ်သဇင်နွယ်(ခ)ဒေါ်သန်းသန်းရီ၊ ဦးကိုကိုသက်-ဒေါ်ကြည်ကြည်ဌေး(အမှတ်-၂၊အထပ်သားစက်ရုံ)တို့၏မိခင်၊ မြေး ၂၄ယောက်၊ မြစ် ၁၈ယောက်တို့၏အဘွားသည် ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃း၂၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် ၈၂၆နေ ဦးအောင်မြင့်-ဒေါ်စန်းမြင့် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းညွန့်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ခရမ်းမြို့နယ်၊ ကမာပတောကျေးရွာနေ (ဦးအေးမောင်-ဒေါ်လေးကြီး)တို့၏သမီး၊ အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ တိုက်(၃)၊ အခန်း ၁၉နေ ဒုတပ်ကြပ်ဝင်းကို-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းနိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ တပ်ကြပ်ကြီးမျိုးလွင်-ဒေါ်ညိုညိုလွင်(Y.C.D.C၊ စီမံရေးရာဌာန)၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ရန်ပြေလမ်း၊ အမှတ် ၁၃၅နေ ဦးမြင့်လွင်-ဒေါ်နုနုလွင်၊ တောင်တွင်းကြီးမြို့နေ ဦးဝင်းလွင်-ဒေါ်ခင်ချောစုလတ်၊ မှော်ဘီမြို့နယ်၊ ဒုတပ်ကြပ်ဇော်သက်ဦး-ဒေါ်ဝင်းဝင်းထွေးတို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွား၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ချမ်းမြေ့စည်ပင်ဝင်း၊ တိုက်(B2)၊ အခန်း ၄၀၄နေ ဦးကျော်၏ဇနီးသည် ၃၀-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထိုက်ဉာဏ် (လေးမျက်နှာ)

**ထောင်မှူးကြီး(အငြိမ်းစား)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၉(ခေါင်းရင်းခန်း)နေ (ဦးအရှန်-ဒေါ်တိုးသင်)တို့၏သား၊ ဒေါ်ဝါဝါလင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေမျိုးထိုက်-ဒေါ်ကြည်မျိုးအေး၊ ဦးရွှေမိုးထိုက်-ဒေါ်နီလာထွန်း(LAS VAGAS USA)၊ ဒေါ်မိုးမိုးထိုက်လင်း(SPORE)၊ ဒေါ်တိုးတိုးထိုက်လင်း(SPORE)တို့၏ဖခင်၊ မောင်ကြည်ရဲထိုက်၊ မဖူးငုံလင်း၊ မဝတီမိုးဇော်ဦး၊ မဆုကြည်ကဗျာထိုက်၊ မမှုန်နံ့သာရွှေမိုးတို့၏အဘိုးသည် ၃၀-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ညိုဖြူ(ခ)ဒေါ်ကျားမချေ (မင်းပြား/မြေပုံမြို့)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၃(၁၀)ရပ်ကွက်၊ သာစည်လမ်း၊ အမှတ် ၃၆၂နေ (ဦးလှဖြူဦး-ဒေါ်မသာနု)တို့၏သမီး၊ ဦးမောင်သာလှ၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ဦးသန်းကြည်၊ ဦးအေးထွန်းဝေ-ဒေါ်စုစုမာ၊ ဦးအောင်ထိန်ဝင်း-ဒေါ်မိုးမိုးအေး၊ ဦးစန်းသိန်းနိုင်-ဒေါ်တင်မူဝင်း၊ ဦးထွန်းထွန်းနိုင်-ဒေါ်အိအိမော်၊ ဦးရဲရင့်အောင်-ဒေါ်အေမီစိုးတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘောင်ရှင်သည် ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်မိုးနိုင်

**(Johnny Po kyi)**

**မန္တလေး စိန့်ပီတာ**

**ကျောင်းသားဟောင်း**

**မြန်မာ့လေကြောင်း(ငြိမ်း)**

**အသက်(၆၇)နှစ်**

မန္တလေးမြို့၊ ရွှေလှံရပ်၊ ၇၂လမ်း၊ ၂၇လမ်းနှင့် ၂၆လမ်းကြား၊အမှတ် ၁နေ (ဦးဘိုးကြည်-ဒေါ်ဟောက်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၄လမ်း၊ အမှတ် ၈၃/၈၅နေ (ဦးထွန်းရင်-ဒေါ်ခင်ထွေး)တို့၏သားသမက်၊ ဒေါ်ချိုချိုယဉ် (ဟိုတယ်/ခရီး၊ ငြိမ်း)၏ခင်ပွန်း၊ ကိုညဏ်မင်းစိုး (Event Manager.Yoma Strategic Holding Ltd)၊ မခိုင်ခင်ထွေး(U.K)တို့၏ ဖခင်သည် ၂၅-၅-၂၀၁၈ရက် ညနေ ၄း၃၈နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ PRARAM 9 HOSPITAL ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ဘန်ကောက်မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းစိုး(ခ)အာပေါက်

**(ကမ္ဘာအေး)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ် ၁၆နေ (ဦးအောင်စိန်-ဒေါ်တင်ရီ)တို့၏သား၊ (ဦးသောင်းစိန်-ဒေါ်ခင်မူ)တို့၏သားသမက်၊ ဦးမောင်ငြိမ်း-ဒေါ်ခင်ကြည်၊ ဦးချစ်လွင်-ဒေါ်ခင်ဝင်းတို့၏ညီ/မောင်၊ မနွဲ့ရီ၊ (မောင်မြင့်စိုး)တို့၏အစ်ကို၊ဒေါ်အေးအေးသောင်း(အလက-၁၊မရမ်းကုန်း)၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်ပန်းမဥ္ဇူ၏ဖခင်သည် ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဘသွင်(ရွှေကျင်၊ကွမ်းဆိပ်)

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၃လမ်း၊ အမှတ် ၁၇နေ (ဦးသိုက်-ဒေါ်ဇန်)တို့၏သား၊ (ဦးကျော်လှ-ဒေါ်စိန်းလှ)တို့၏သားသမက်၊ (ဒေါ်တင်ကြည်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကြည်ကြည်ခိုင်၊ဒေါ်မြတ်မြတ်မိုး၊ ဦးစိန်ကြည်-ဒေါ်မြသန်း၊ ဦးကျော်ဝင်း-ဒေါ်ချိုချို၊ (ဦးစိန်ထွန်း)-ဒေါ်တင်တင်ရီ၊ ဒေါ်ရီရီပြုံး၊(ဒေါ်တင်တင်ဌေး)၊ဦးအေးသွင်-ဒေါ်လဲ့လဲ့ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၀-၅-၂၀၁၈ရက် နံနက် ၀၀း၃၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်စန်း

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ နီလာလမ်းအရှေ့၊ အမှတ် ၉၉/၂နေ (ဦးချစ်-ဒေါ်စောရီ)တို့၏သမီး၊ (ဦးတင်မောင်)၏ချစ်လှစွာသောဇနီး၊ ဦးတင်ဝင်း-ဒေါ်စိန်စိန်မြင့်၊ (ဦးမျိုးဝင်း)-ဒေါ်ခင်မျိုးကြိုင်၊ဦးမြင့်ဝင်း-ဒေါ်လှလှကြည်၊ ဒေါ်ဝင်းမာ၊ ဦးအောင်မြင့်-ဒေါ်ဆွေဆွေဝင်း၊ ဦးခင်ဇော်-ဒေါ်လှလှဝင်း၊ ဦးနိုင်ထွန်း-ဒေါ်တင်စန်းဝင်းရီ၊ (ဦးကျော်မြင့်)-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးကျော်စိုးဝင်း)-ဒေါ်ထွေးထွေးဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၆ယောက်၊မြစ်သုံးယောက်တို့၏အဘွားသည်၃၀-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သမိသားစု

**မြေပုံမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ခိုင်ညိုဖြူ(ခ) ဒေါ်ကျားမချေ

**(မင်းပြား/မြေပုံမြို့)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၃ (၁၀)ရပ်ကွက်၊ သာစည်လမ်း၊ အမှတ် ၃၆၂နေ (ဦးလှဖြူဦး-ဒေါ်မသာနု)တို့၏သမီး၊ ဦးမောင်သာလှ၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ဦးသန်းကြည်၊ ဦးအေးထွန်းဝေ-ဒေါ်စုစုမာ၊ ဦးအောင်ထိန်ဝင်း-ဒေါ်မိုးမိုးအေး၊ ဦးစန်းသိန်းနိုင်-ဒေါ်တင်မူဝင်း၊ ဦးထွန်းထွန်းနိုင်-ဒေါ်အိအိမော်၊ ဦးရဲရင့်အောင်-ဒေါ်အေမီစိုးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘောင်ရှင်သည် ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) (အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။)

အလုပ်အမှုဆောင်အဖွဲ့

## ဒေါ်မြင့်မြင့်သိန်း (မန္တလေး)

**အသက်(၇၄)နှစ်**

မန္တလေးမြို့နေ (ဦးစံရှိန်-ဒေါ်သိန်းတင်)တို့၏သမီး၊ ကသာမြို့နေ(ဦးလေးမောင် - ဒေါ်အိမ်)တို့၏ သမီးချွေးမ၊ မန္တလေးမြို့နေ (ဗိုလ်မှူးသိန်းမောင်၊ ငြိမ်း)၏ဇနီး၊ ဒေါ်သက်သက်(အလက-၇၊ မန္တလေး)၊ ဒေါက်တာဦးထွဋ်မောင်မောင် (အထူးကုဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ အလုပ်သမားဆေးရုံကြီး၊ ရန်ကုန်) - ဒေါ်အိအိပန်းအောင်တို့၏မိခင်၊ မပန်းအင်ကြင်း(1st year UIT)၊ မပန်းဖြူဖွေး(TTC)တို့၏ အဘွားသည် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တပညာသာမိ

**(နိုင်ငံတော်သံဃသမ္မာတိရသံဃကိုယ်စားလှယ်၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မင်္ဂလဓမ္မဇောတိကဓဇ)**

**ဦးစီးပဓာနနာယက၊ အေးစေတီပရိယတ္တိစာသင်တိုက်**

**ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့**

**သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၁)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ အေးစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တပညာသာမိ မဟာထေရ်သည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်နေ့) ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၆း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇ ရုပ်ကလာပ်တော်၏ စံကျောင်းတော်ချအခမ်းအနားကို (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၆ရက်) ၄-၆-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော်၁၄ရက်) ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနသဘင်ကျင်းပရေးကော်မတီ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဉာဏဝံသ သက်တော်(၇၆)နှစ်

**မကျဉ်းမြိုင်ကျောင်းထိုင်ဆရာတော်ကြီး**

**နာရေးကူညီမှုအသင်းဝင်(စစ်တွေ)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မကျဉ်းမြိုင်ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏဝံသသည် ၉-၅-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃-၅-၂၀၁၈ရက်တွင် ကြာကလပ်ပေါ်တင်ဆောင်၍ ပူဇော်ထားရှိပါသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအတွင်း အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပသွားမည်ဖြစ်ကြောင်း အသင်းသူ/အသင်းသားများကို သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

## ဦးစိန်ထွန်း အသက်(၉၁)နှစ်

**တိုင်းရင်းဆေးဆရာကြီး၊ ဘူးသီးတောင်မြို့**

ဘူးသီးတောင်မြို့နေ [ဦးထွန်းလှ(ထွေ/အုပ်-ငြိမ်း)-ဒေါ်မသိန်း]၊ ကျောက်တော်မြို့နေ ဦးမောင်အေး၊ ဦးသိန်းမောင်-ဒေါ်ဟန်အေး၊ အမှတ်(၂)လေ့ကျင့်ရေးကျောင်းနေ ရဲမှူးကျော်ဝင်း-ဒေါ်အဝင်းချေ၊ ဘူးသီးတောင်မြို့နေ ဦးကျော်နု-ဒေါ်ရီရီမြင့်၊ ကျောက်တော်မြို့နေ ဦးအေးရွှေ-ဒေါ်စောရွှေ၊ ဦးကျော်ကျော်တို့၏ဖခင်၊ မြေး ၁၈ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၁၈ရက်တွင် ဘူးသီးတောင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ဘူးသီးတောင်မြို့သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## အယ်(လ်)ဟာဂျီဦးငြိမ်းဖေ (သန်လျင်မြို့)

**အသက်(၈၂)နှစ်**

သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သစ်စက်လမ်း၊ အမှတ် ၁၉နေ (ဟာဂျီမ ဒေါ်ရီ)၏ခင်ပွန်း၊ ကိုကျော်ကျော်-မလှလှဝင်း(အထက်တန်းသူနာပြု၊ အင်းစိန်ဆေးရုံ)၊ မစန်းစန်းဝင်း(အလပြ၊ အမက၊ သောက်တော်တွင်း)၊ ကိုငွေငြိမ်း(Uniteam Marine)-မလွင်လွင်ဝင်း၊ မပပဝင်း(DALMS)၊ ကိုခင်မောင်ငြိမ်း(Uniteam Marine)-မဝါဝါဝင်းတို့၏ဖခင်၊ မခန့်ဝတ်ရည်ထက်၊ မောင်သီဟငြိမ်း၊ မသွန်းဟေသီငြိမ်း၊ မောင်သွင်ဟန်ငြိမ်း၊ မောင်အာကာငြိမ်းတို့၏အဘိုးသည် ၂၉-၅-၂၀၁၈ရက် ည ၉း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဒါရ်ဂါဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်နန်းဝိုးခမ်း

**အသက်(၆၉)နှစ်**

ကျိုင်းတုံမြို့၊ ပါလုံရပ်နေ(ဦးတင်ဆွေ)-ဒေါ်နန်းပေါင်တို့၏သမီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၅၈၊ ဒုတိယထပ်(ယာ)နေ ဦးသန်းညွန့်၏ဇနီး၊ ကိုမြတ်ဝေ-မဇင်မာထွန်း၊ ကိုအောင်ကျော်ဇော-မသီရိဝေ၊ ကိုမြတ်ထွန်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၉-၅-၂၀၁၈ရက် ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၁၈ရက် နံနက် ၁၀နာရီတွင် တရုတ်ယူနန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ ကျောက်တံတားမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းဦး (သိန်းဦး QM)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးသော်လမ်း၊ အမှတ် ၃/၈၉နေ(ဦးညွန့်ဦး-ဒေါ်လှတင်)တို့၏သား၊ (ဦးကျော်ငြိမ်း - ဒေါ်ခင်ယု)တို့၏ သားသမက်၊ (ဦးငွေ)-ဒေါ်မြဟန်၊ (ဦးမောင်မောင်လွင်-ဒေါ်တင်တင်အေး)၊ (ဦးစံလွင်)-ဒေါ်ခင်မေ၊ (ဗိုလ်မှူးကြီးဝင်းမောင်-ဒေါ်သန်းသန်းလွင်)၊ ဗိုလ်ကြီးဒေါ်တင်မြင့်(အငြိမ်းစား)၊ (ဦးခင်မောင်ငြိမ်း)-ဒေါ်ခင်စန်းရီ၊ ဦးတင်မောင်စိုး-ဒေါ်ခင်အေးမြင့်တို့၏ညီ/မောင်၊ ဦးထွန်းဦး-ဒေါ်မျိုးသူဇာအေး၊ဦးဉာဏ်ဦး-ဒေါ်မြမြဝင်း၊ ဦးကံမြင့်-ဒေါ်ချိုမာဦး၊ဒေါ်ခင်ခင်ချိုတို့၏အစ်ကို၊ ဒေါ်ခင်အေးမူ၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရယင်း နေ့ မွန်းလွဲ ၁း၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မော်လီဦး(ခ) ဒေါ်ဖြူဖြူချို

**အသက်(၆၈)နှစ်**

(ဦးစံဦး-ဒေါ်လှညွန့်)တို့၏ သမီး၊ (ဦးကျော်စိုး-ဒေါ်ခင်သိန်း)တို့၏သမီးချွေးမ၊(ဦးမင်းသိန်း)၏ဇနီး၊ ဦးကိုကြီး-(ဒေါ်သန်းသန်းဦး)၊ (ဦးဝါယမ)ဦးဝင်းဖေ-ဒေါ်မြင့်မြင့်၊ (ဦးသန်းမြင့်)-ဒေါ်မြင့်မြင့်ဦး၊ ဦးမင်းမြင့်-ဒေါ်စန်းစန်းဦး၊ (ဦးကျော်တင့်)-ဒေါ်ခင်တီဦး၊ ဦးခင်မောင်လတ် - ဒေါက်တာခင်သက်ညွန့်၊ ဒေါ်ခင်လေးဦးတို့၏ညီမ၊ ဦးမျိုးတင့်-ဒေါ်ကြွယ်ကြွယ်ဦးတို့၏အစ်မ၊ ဦးဇော်မိုး(Panda ကုမ္ပဏီ)-ဒေါ်အေးအေးခိုင်၊ ဦးဇာနည်မင်းလတ် (A1 ဆောက်လုပ်ရေး)-ဒေါ်ကေသီလတ်(A1 ဆောက်လုပ်ရေး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဉာဏ်လင်းထက်၏အဘွား၊ တူ၊ တူမ ၂၂ယောက်တို့၏ အဒေါ်ဖြစ်သူသည် ၃၀-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါမည်။ [ကံ့ကော် (၁)လမ်း၊ ပုလဲမြို့သစ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး



နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**စစ်တွေ မေ ၃၀**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဟူ၍ လုပ်ငန်းတာဝန်နှစ်ရပ် ပါဝင်ပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပြည်ပသို့ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ပြန်လည်နေရာချထားရေးကို ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအား ရှင်းရှင်းလင်းလင်း ဥပဒေနှင့်အညီဖြစ်အောင် လုပ်ဆောင်ပေးရန်လိုအပ်ပြီး မီဒီယာများကိုလည်း ရှင်းလင်းပြသပေးရန်လိုမည်ဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသွားကြသော ရခိုင်တိုင်းရင်းသားများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်များ၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

# လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

**နေပြည်တော် မေ ၃၀**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံကုန်းတွင်းပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအုပ်စုများ ထွက်ပေါ်



**မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ကိုင်တွယ်မည့် နည်းပြချုပ် ဒေါ်သက်သက်ဝင်း။** ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် မေ ၃၀

**မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ (ပထမအဆင့်) အုပ်စုများ ထွက်ပေါ်လာပြီဖြစ်ပြီး ခြေစစ်ပွဲအုပ်စုမဲခွဲပွဲကို ယနေ့ ညနေပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည်။**

အုပ်စုခွဲဝေမှုအရ မြန်မာအသင်းသည် အုပ်စု(စ)တွင် အီရန်၊ ပါလက်စတိုင်း၊ လာအိုတို့နှင့် ကျရောက်နေပြီး အုပ်စု(က)တွင် သြစတြေးလျ၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ အုပ်စု (ခ) တွင် ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ စင်ကာပူ၊ အုပ်စု (ဂ)တွင် ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ ယူအေအီး၊ ဂူအမ်၊ မော်လ်ဒိုက်၊ အုပ်စု (ဃ)တွင် တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တာဂျစ်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (င) တွင် ဗီယက်နမ်၊ ဂျော်ဒန်၊ မလေးရှားနှင့် မြောက်မာရီယာနာကျွန်းစုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စု (စ) ပွဲစဉ်များအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ ပွဲစဉ်များအဖြစ်

*စာမျက်နှာ ၉ ကော်လံ ၅* ◆

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ မကွေး၊ ဧရာဝတီနှင့် GFA ကွာတားဖိုင်နယ်တက်

**ရန်ကုန် မေ ၃၀**

၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ပထမနေ့)ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ မကွေး၊ ဧရာဝတီနှင့် GFA အသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ဒဂုံအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ကွာတားဖိုင်နယ် တက်ရောက်ခဲ့သော်လည်း ပထမပိုင်းတွင်ကစားကွက်ပျက်နေ၍ ရှုံးကန်ခဲ့ရပြီး ဒုတိယပိုင်းမှ လေးဂိုးရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းသည် ကွာတားဖိုင်နယ်တွင် ချန်ပီယံဆုသုံးကြိမ်ရထားသည့် ဧရာဝတီအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မကွေးအသင်းသည် အမာခံကစားသမားအချို့ကို ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့သော်လည်း ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်စွာလင်း၊ မောင်မောင်စိုး၊ အောင်မြင့်ထွန်းစသည့် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ မကွေးအသင်းသည် ဒဂုံအသင်းထက်အစစ အရာရာသာသော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးကန်ခဲ့ရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ❑




မကွေးအသင်းနှင့်ဒဂုံအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်

သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။
11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်
homemyan.com
အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောင်/ဂိုဒေါင် ရောင်း/ဝယ်/ငှား`` FREE ကြော်ငြာ´´ WEBSITE
Operated by SHOWA